# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁၁)ရက် ၊ ကြာသပတေးနေ့ ၊ (12-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၈၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ရတနာပုံ
၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ရေး

မြန်မာနိုင်ငံသည် ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်ထိ နိုင်ငံ၏သမိုင်းတစ်လျှောက် စည်းလုံးညီညွတ်စွာ အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားထည်ဝါစွာရပ်တည်နိုင်ခဲ့သည်။ သို့သော်လည်း မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ်ဆင်နွှဲခဲ့သဖြင့် ၁၈၈၅ ခုနှစ်တွင် တစ်နိုင်ငံလုံး သူ့ကျွန်ဘဝသို့ရောက်ခဲ့ရသည်။

ပြည်ထောင်စုဖွားသွေးချင်းများသည် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပြန်လည်ရရှိစေရန် သွေးစည်းညီညွတ်မှုဖြင့် နှစ်ပေါင်းများစွာကြိုးပမ်းခဲ့ကြသည်။ ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့်တိုင် ပြည်မကိုသာ လွတ်လပ်ရေးပေးကာ တောင်တန်းဒေသများကို ချန်လှပ်ထားရန်ကြံစည်၍ အချင်းချင်းစည်းလုံးညီညွတ်မှုပြိုကွဲစေမည့် သွေးခွဲအုပ်ချုပ်ရေးစနစ်ကို လုပ်ဆောင်ခဲ့ကြသည်။ သို့သော်လည်း တောင်တန်းဒေသ၊ ပြည်နယ်ပြည်မ မခွဲခြားဘဲ လွတ်လပ်ရေးကို တပေါင်းတစည်းတည်းအတူရယူမည်ဟုသော သန္နိဋ္ဌာန်ဖြင့် ဗိုလ်ချုပ်ဆောင်ဆန်းအပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီး ၂၃ ဦးတို့က ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပင်လုံမြို့၌ ပြည်ထောင်စုစာချုပ်ကြီးကို သမိုင်းဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့ကြသည်။ ထိုကဲ့သို့ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လွတ်လပ်ရေးအတွက် အခြေခံဖြစ်သော သမိုင်းဝင်ပင်လုံစာချုပ်ကြီးကို လက်မှတ်ရေးထိုးခဲ့သည့် ဖေဖော်ဝါရီ ၁၂ ရက်ကို ပြည်ထောင်စုနေ့ဟုသတ်မှတ်၍ နှစ်စဉ် ပြည်ထောင်စုနေ့အခမ်းအနားများကို ကျင်းပခဲ့သည်။

ယနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက် မင်္ဂလာကျက်သရေအပေါင်းနှင့်ပြည့်စုံသော ၆၉ နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၉ နှစ်က မြန်မာ့လွတ်လပ်ရေးအတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားသွေးချင်းတို့ စည်းလုံးညီညွတ်မှုကို ပြည့်ဝစွာပြသနိုင်ခဲ့ပြီး နယ်ချဲ့တို့ထံမှလွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးနိုင်ခဲ့သော သမိုင်းမော်ကွန်းတင်သည့်နေ့တစ်နေ့လည်းဖြစ်သည်။ ပြည်ထောင်စုသားအားလုံးက "ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ကြရမည်ဖြစ်ပေသည်။

နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေးဆိုသည့် ၂၀၁၆ ခုနှစ် ၆၉ နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များအတိုင်း ပြည်ထောင်စုတိုင်းရင်းသားအားလုံးက စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီးအဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ကြရမည်ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ ၆၉ နှစ်မြောက် ပြည်ထောင်စုနေ့အမျိုးသားရေးဦးတည်ချက်များကို ပြည့်ဝအောင်မြင်စေရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားများက သမိုင်းပေးတာဝန်အဖြစ်ခံယူလျက် ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်နေမည်ဖြစ်ပါကြောင်း ယနေ့ကျရောက်သော ၆၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**မုံရွာ ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၈၀၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ဧက ၁၆၁၀၀၊ ကနီမြို့နယ်တွင် ဧက ၇၈၀၀၀၊ ပုလဲမြို့နယ်တွင် ဧက ၈၇၀၀ စုစုပေါင်း ဧက ၁၈၁၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ပဲတီစိမ်း ၁၈၀၇၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၁၈၁၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိမှာ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၅၇၄ ဧက၊ ကနီမြို့နယ်တွင် ဧက ၇၅၀၀၊ ပုလဲမြို့နယ်တွင် ၉၀၀၁ ဧက စုစုပေါင်း ၁၈၀၇၅ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးခဲ့ကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ဇန်နဝါရီလအတွင်း ခရီးသွားဧည့်သည်အများအပြား လာရောက်လည်ပတ်ခဲ့

**ငပုတော ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာ အနီးမှ ငွေတောင်ကမ်းခြေသို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ခရီးသွားဧည့်သည်အများအပြားလာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ခရီးသွားဧည့်သည် ၂၂၇၄၅ ဦးသာ လာရောက်လည်ပတ်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ခရီးသွားဧည့်သည် ၂၉၇၅၅ ဦးထိလာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည်တွေ အလာများခဲ့ပါတယ်။ လွတ်လပ်ရေးနေ့နဲ့ အစိုးရရုံးပိတ်ရက်တွေမှာ လာတဲ့သူပိုများခဲ့ပါတယ်။ ဒါ့ပြင် ငွေတောင်ကမ်းခြေက မြတ်မော်တင်စွန်းစေတီတော်နဲ့နီးတဲ့ ကမ်းခြေဖြစ်တာကြောင့် ခရီးသည်တွေက ဘုရားဖူးလာရင်း အပန်းဖြေကြတာဖြစ်ပါတယ်။ လက်ရှိမှာလဲ ပုံမှန်ထက် လာရောက် လည်ပတ်တဲ့သူတွေ ပိုများပါတယ်။ ခရီးသွားတွေကို စနစ်တကျဝန်ဆောင်မှု ပေးနေပါတယ်"ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

အဆိုပါငွေတောင်ကမ်းခြေသို့ လာရောက်လည်ပတ်အပန်းဖြေခဲ့သည့် ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးမှ အများဆုံးဖြစ်ပြီး အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ခရီးသွားဧည့်သည်များ ခရီးစဉ်အဆင်ပြေစေရန်၊ စနစ်တကျအနားယူနိုင်ရန် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံများက ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စဥ့်ကိုင်မြို့နယ် မြေတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဥ့်ကိုင် ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြေတော်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၁၀ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၁၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် ဖေဖော်ဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဆည်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆည်ကျေးရွာတွင် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၃၀ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၄ ဒသမ ၈ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၅ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ မောင်ထိန်လင်းအောင်-မရတနာထိုက်တို့က မင်္ဂလာဦးအထိမ်းအမှတ်အဖြစ် ဆွမ်း/ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၇၆၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏာနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၈၀၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၈၀၄ ဧကထိ စိုက်ပျိုးပြီးစီးပြီကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ် ၁၉၆၆ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် နိုဝင်ဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မုံရွာမြို့နယ်၌ ၄၂၈ ဧက၊ ဘုတလင်မြို့နယ်၌ ၃၂၁ ဧက၊ အရာတော်မြို့နယ်၌ ၂၉ ဧက၊ ချောင်းဦးမြို့နယ်၌ ၁၀၂၆ ဧက စုစုပေါင်း ၁၈၀၄ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ ငရုတ် ၁၉၆၆ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့မှာတော့ ၁၈၀၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ငရုတ်စိုက်ပျိုးမှု အနေနဲ့ကတော့ ကောင်းမွန်ပါတယ်။ ငရုတ်ကို စီးပွားဖြစ်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် ငရုတ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၆၁၀၊ ဘုတလင်မြို့နယ်တွင် ဧက ၃၂၀၊ အရာတော်မြို့နယ်တွင် ၂၇ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၀၀၉ ဧက စုစုပေါင်း ၁၉၆၆ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် ငရုတ်စိုက်တောင်သူများကို အထွက်နှုန်းကောင်းစေရေး၊ ဈေးကွက်ရရှိစေရေးဆောင်ရွက်ပေးခြင်း၊ ပိုးမွှားကာကွယ်နှိမ်နင်းရေး နည်းပညာပေးခြင်း၊ မြေဆီလွှာအာဟာရဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာပေးခြင်းတို့ကို သက်ဆိုင်ရာ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ငရုတ်ကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# အုတ်ဖိုမြို့နယ် အောင်သုခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အုတ်ဖို ဖေဖော်ဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်သုခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အောင်သုခကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၃ ဦးကို ငွေကျပ် ၅၁ ဒသမ ၇၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၁ ဒသမ ၁ သန်းနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်း (စက်ချုပ်) လုပ်ကိုင်သူတစ်ဦးကို ငွေကျပ် သုည ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကွမ်းသီးအစိမ်း အလုံးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကွမ်းသီးအစိမ်းအလုံးရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ကွမ်းသီးအစိမ်းအလုံးရေ ၉၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ကွမ်းသီးအစိမ်းအလုံးရေ ၁၁၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအစိမ်းအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၈၉၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို တင်ပို့နေတဲ့ ကွမ်းသီးတွေက အရည်အသွေးကောင်းပါတယ်။ လက်ရှိ ကွမ်းသီးအစိမ်းအလုံးရေ ၁၀၀ ကို ငွေကျပ် ၈၉၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ရန်ကုန်ဈေးကွက်ထဲကို ကွမ်းသီးအစိမ်းတွေ အများအပြား တင်ပို့ရောင်းချအားကောင်းလာတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူတွေ လုပ်ငန်းအဆင်ပြေစွာ လည်ပတ်လုပ်ကိုင်နေရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်သက်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ တင်ပို့ရောင်းချသည့် ကွမ်းသီးအစိမ်းများကို ကုန်သည်များက ကွမ်းသီးခြံများသို့ သွားရောက်ဝယ်ယူပြီး စနစ်ကျရွေးချယ်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြား ဒေသများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါကွမ်းသီးအစိမ်းများ အရောင်းအဝယ်ကောင်းမွန်သောကြောင့် ကွမ်းသီးစိုက်ပျိုးသူများ၊ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# တံတားဦးမင်္ဂလာစေတီတော်ဘွဲ့မော်ကွန်းပြဿနာ

ဗိုလ်ရှိတ်(ရတနာပူရ)

ယခင်ပတ်မှအဆက်

**ယဉ်ကျေးမှုအရာရှိ နန်းညွန့်ဆွေ**

၁၃၂၁-၁၉၅၉ ခုနှစ်တွင် ဆရာနန်းညွန့်ဆွေတည်းဖြတ်၍ စကြဝဠာ စာပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေသော တံတားဦးတည်မင်္ဂလာစေတီ မော်ကွန်းစာအုပ်စာမျက်နှာ (၅) တွင်လည်း "ကြားပိမ့်နတ်ရှင်၊ ရွှေနားတင်လေ့"ချီသော မော်ကွန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း ရေးသားဖော်ပြ မှတ်ချက်ချထားသည်ကို တွေ့ရှိရပေသည်။

"ကျမ်းပြုဆရာဦးတင်၏အဆိုအရ ရှင်မဟာရဋ္ဌသာရ အသက် တစ်ဆယ့်နှစ်နှစ်တွင် "ကြားပိမ့်နတ်ရှင်" ချီမော်ကွန်းကို ရေးသားသည်ဟုသိရရာ အထက်ပါ တောင်တွင်းဆရာတော်၏ အဖြေနှင့် ဆန့်ကျင်နေပေသည်။ အမှန်မှာလည်း ဘုရင်မင်းခေါင် နန်းတက်သော ၈၄၂ ခုနှစ်တွင်မှ မင်္ဂလာစေတီကို စတင်ပန္နက်ရိုက်ရုံသာရှိသေးရကား ထိုနှစ်တွင် ရှင်မဟာရဋ္ဌသာရသည် မော်ကွန်းရေးနိုင်ဦးမည် မထင်ပေ။ တစ်ကြောင်းလည်း ရှင်မဟာရဋ္ဌသာရကို ၈၃၀ ပြည့်နှစ်တွင်ဖွား၍ ၈၄၂ ခုနှစ်တွင် မင်္ဂလာစေတီကိုတည်သဖြင့် အသက် တစ်ဆယ့်နှစ်နှစ်မျှနှင့် မော်ကွန်းကိုရေးနိုင်သည်ဟု အတိဝုတ္တချီးကျူးလိုခြင်းစေတနာဖြင့်သာ ဆိုလိုက်ခြင်းဖြစ်ပေလိမ့်မည်။

"ကြားပိမ့်နတ်ရှင်"ချီ မော်ကွန်းကို နိုင်ငံတော်စာကြည့်တိုက်တွင် အပြည့်အစုံတွေ့ရှိရသည်။ ပုဂံဝန်ထောက်မင်း ဦးတင်ထံမှ ပေမူများကို နိုင်ငံတော်စာကြည့်တိုက်မှ ဝယ်ယူထားလိုက်သည်ဖြစ်ရာ အဆိုပါ "ကြားပိမ့်နတ်ရှင်"ချီ မော်ကွန်းမှာ ဦးတင်ထံမှ မူရင်းစာမူပင်ဖြစ်ပေလိမ့်မည်။ ကဗျာဗန္ဓသာရကျမ်းပါ အပိုဒ်နှင့်ပေမူပါစာပိုဒ်တို့ တစ်ညီတည်းကိုက်ညီသည်။ သို့ရာတွင် ၎င်းမော်ကွန်းအပိုဒ် (၇)၌-

"သာသနာတော်၊ နှစ်ထောင်ကျော်၍၊ စွန်းပေါ်ရာဖြစ်၊ လေးဆဲ့တစ်ဝယ်၊ သက္ကရာဇ်ရှည်လှ၊ နေဒပါနဟု၊ နဝအခါ၊ နေကောဇာလျှင်၊ ကန်ရာသီ၌၊ ခါကောင်းကြိုက်လျက်၊ ကျော်လိုက်အံ့ဘွယ်၊ ရန်မျိုးပယ်၍ ဘုန်းကြွယ်နတ်သျှင်၊ ရေးအသွင်သို့၊ မြေပြင်ပတ်ကုံး၊ ဇမ္ဗူလုံးကို အိုးကိုရွှေစက်၊ ပန်ရွက်အနေ၊ ရောက်လာပေသော်" ဟုဆိုထားရာ "သာသနာတော်နှစ် ၂၀၄၁ ခုနှစ်၊ ကောဇာနှစ် ၉၅၉ ခုနှစ်တွင် ဘုန်းကြီးလှသော ဘုရားသည် ရန်အပေါင်းကိုပယ်၍ မင်းပြုလာလတ်သော်"ဟူသော အဓိပ္ပာယ်ကို ရှင်းရှင်းကြီးသိသာနေပေသည်။

သို့ဖြစ်လျှင် ဤ **"ကြားပိမ့်နတ်ရှင်"** ချီမော်ကွန်းသည် မည်သူ့အားရေးသားလေသနည်း၊ မည်သူက ရေးသားလေသနည်းဟူသော ပြဿနာပေါ်လာပြန်လေသည်။

ပေစာတွင် ပလ္လင်ချပ်၌ **"ပြည်ရန်နိုင်မှူးဘွဲ့မော်ကွန်း"**ဟုရေးထိုးထားသည်ကိုလည်းကောင်း၊ ပေစာအဆုံးတွင် "ရှင်မဟာရဋ္ဌသာရဆို တန်တားဦးတည် မော်ကွန်းပြီး၏"ဟူသောစာကို ကြက်ခြေပြ၍ စာလုံးအငယ်ကလေးဖြင့် စာကြောင်းအပေါ်မှနေ၍ **"ပြည်ရန်နိုင်မှူးဘွဲ့မော်ကွန်း"**ဟု ပြင်ဆင်ရေးသားထားသည်ကိုလည်းကောင်း ထောက်ရှုသော် "ပြည်ရန်နိုင်မှူးဘွဲ့မော်ကွန်း"သာ ဖြစ်နိုင်ကောင်းမည်ဟု ယူဆသည်။

ထို့ပြင် ရာဇဝင်ကြောင်းအရ ပြည်တွင် မင်းပြုနေသော သတိုးဓမ္မရာဇာဘွဲ့ခံ မင်းကြီးနှောင်းကို ၎င်း၏ အထိန်းတော် ရန်နိုင်စားသည် မွန်ရှစ်ကျိပ်တို့နှင့်တိုင်ပင်၍လုပ်ကြံကာ သက္ကရာဇ် ၉၅၉ ခုနှစ်တွင် မင်းပြုကြောင်း၊ သက္ကရာဇ် ၉၇၀ ပြည့်နှစ် ဝါခေါင်လဆန်း ၁ ရက်နေ့တွင် အနောက်ဘက်လွန်မင်းတရားပြည်မြို့ကို လုပ်ကြံ၍ အောင်တော်မူသောအခါ ရန်နိုင်စားကို သား၊ မယားနှင့်တကွ ဖမ်းဆီး၍ အင်းဝသို့ ခေါ်ဆောင်သွားကြောင်းများကို အထင်အရှားတွေ့ရပေသည်။

❖ "ကြားပိမ့်နတ်ရှင်"ချီမော်ကွန်းကို ရှင်မဟာရဋ္ဌသာရရေးသည်ဟု လက်ဝဲနော်ရထာက ယူဆခဲ့ဟန်မတူပေ။ ပြည်ရန်နိုင်မှူးဘွဲ့ဟုသာ ယူဆဟန်ရှိသည်။ ထိုအချက်ကိုကွဲပြားလို၍ တောင်တွင်းဆရာတော်ကို မေးရာတွင်လည်း တောင်တွင်းဆရာတော်သည် တိတိကျကျဖြေဆိုခြင်း မပြုဘဲ "ရှင်ရဋ္ဌသာရလုပ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ" ဟူ၍ဆိုထားသောကြောင့် ရှင်မဟာရဋ္ဌသာရရေး မင်္ဂလာစေတီတော် မော်ကွန်းဟုတ်သည်ဟု တထစ်ချဆို၍မရပေ။ ခေတ်စကားဖြင့် နားလည်အောင်ဆိုရလျှင် "ကြားပိမ့်နတ်ရှင်"ချီမော်ကွန်းကို ရှင်မဟာရဋ္ဌသာရရေးသည် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ရှေးအစဉ်စကားရှိ၍ သုံးပါးစုမှာ ထည့်သွင်းလိုက်ခြင်း"ဟူ၍ဖြစ်ပေသည်။ ❖

စာသွားစာလာကို ထောက်ရှုပြန်လည်း ဒွတ္တဘောင်မင်းကြီးသည် ပြည်မြို့ကို မဆွရှေးဦးတည်ထောင်၍ သာသနာတော်ကိုပြုစုခဲ့ပြီး ယခုသာသနာတော်နှစ် ၂၀၀၀ ကျော်တွင် တစ်ဖန် လူဝင်စားဖြစ်ကာ ဤပြည်၌ပင် မင်းပြုပြန်သည်ဟူ၍-

"ဒွတ္တဘောင်လျှင်၊ ကြဉ်းဆောင်သာသနာ၊ တည်စိမ့်ငှာဟု၊ တခါလည်းကောင်း၊ ပြည်တော်ဟောင်းကို၊ အုပ်ဆောင်းတွယ်တာ စိုးပြန်လှာက၊ ဇမ္ဗူသခင်။ မင်းများရှင်ကား၊ ရှေးတွင်အခါ၊ ဤပြည်သာ၌၊ မြင်ဗာဟုက၊ ပေါပေါစသည်၊ များလှကောင်းမှု၊ ထူးဆန်းပြုလျက်၊ စသောစာပိုဒ်များဖြင့် ဖွဲ့ဆိုထားသည်ဖြစ်ရာ မည်သည့်နည်းနှင့်မျှ မင်္ဂလာစေတီတော်မော်ကွန်း မဖြစ်နိုင်ဘဲ "ပြည်ရန်နိုင်မှူး၏ ဘုန်းတော်ဘွဲ့မော်ကွန်း"သာဖြစ်နေပေသည်။

သို့သော် ဤမော်ကွန်းကို ရေးသားသောဆရာသည် ရှင်မဟာသီလဝံသ၏ "ကြားပိမ့်ကျက်သရေ" ချီမော်ကွန်းမှ၊ အယူအဆအတွေးအခေါ်ကို အများဆုံး မှီငြမ်းပြုလေသည်။

ရှင်ရဋ္ဌသာရ၏ "သုံးဆယ့်နှစ်ပါး" ချီ မော်ကွန်းမှ စကားအချို့ကိုလည်း ယူ၍သုံးစွဲထားပြန်သည်။ ရှင်မဟာသီလဝံသ၏ မော်ကွန်းတွင် မြင်စိုင်း၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်းတို့သည် ရာဇဂြိုဟ်-ကုသာဝတီ၊ မိတ္ထီလာပြည်ကြီးတို့နှင့်တူညီကြောင်း၊ မြင်စိုင်း နဂိုရ်၊ ရာဇဂြိုဟ်သို့ စသည်ဖြင့်ဖွဲ့ဆိုခဲ့၍ ဘုရင်မင်းခေါင်ကို ချီးကျူးသည်။

အထက်ပါ "ကြားပိမ့်နတ်ရှင်" ချီ မော်ကွန်းတွင်ကား ဘုရင်မင်းခေါင်အကြောင်း လုံးဝမပါချေ။ သို့ဖြစ်လျှင် ဤ **"ပြည်ရန်နိုင်မှူးဘွဲ့မော်ကွန်း"**ကို မည်သူရေးလေသနည်းဟု ပိဋကတ်သမိုင်း၊ ကဗျာဗန္ဓသာရကျမ်းပါ မော်ကွန်းစာရင်းများကို ရှာဖွေသော်လည်း မတွေ့ရချေ။ ဖော်ပြလတ္တံ့သော ရှင်မဟာသီလဝံသ၏ တံတားဦးတည် မင်္ဂလာစေတီတော်မော်ကွန်းကို အဖြေစီရင်သည့် စဥ့်ကိုင်ဆရာတော်၏ အဖြေတွင်မူ ဤသို့သဲလွန်စတွေ့သိရပေသည်။

ရှင်မဟာသီလဝံသ၏ လင်္ကာပုဒ်ရင်း ၆ ပြဿဒ် ညင်သာချီစာပိုဒ်ကို အဖြေရေးသားပြီးသည်၏ နောက်တွင် စဥ့်ကိုင်ဆရာတော်ကြီးက အမှာစကား ဤသို့ရေးသားထားသည်။

"သည်အရာတွင်" အကြိမ်များစွာ၊ ရတနာမိုး၊ ရွာဟုန်ကျိုး၍၊ ပုံမျိုးကောင်းကင်၊ ဆက်ဒန်ဆင်နှင့်၊ သံရှင်ကိုင်ထွေ၊ လင်းဇင်းလေ့ဟု၊ သုံးထွေစကြာ၊ နတ်သလှာ၍၊ ရေးရာအံ့ချီး၊ ထိုပြည်ပြီးသော်၊ မြေကြီးနင်းကျွဲ၊ သံမှိုခံသား၊ ဘုန်းလျှံမင်းခေါင်၊ ဒွတ္တဘောင်လျှင်၊ ကြဉ်းဆောင်သာသနာ၊ စည်ပင်စွာ၍၊ ဖက်ရှာနှိုင်းရဲ့၊ တူပြိုင်မဲ့သား၊ နှစ်ဆဲ့ငါးပါး၊ မင်းဆက်ပြားမှ၊ တခြားထောင်တည်၊ ငါးထွေမည်နှင့်၊ ရွှေပြည်ပုဂံ၊ ကျော်သံထက်အောက်၊ ရွှေနန်းဆောက်၍၊ ငါးယောက်ငါးကျိပ်၊ မင်းချည်းနှိပ်လျက်၊ ဘုန်းရိပ်ပဝှန်၊ စိုးပြီးလွန်မှ၊ တတန်စဉ်တိုင်း၊ ညာသို့ခိုင်း၍ မြင်စိုင်း ပင်းယ၊ စစ်ကိုင်းစသည်၊ အင်းဝလျှံမြူး၊ ဇယ်ညာကူး၍၊ အထူးရှေးခါ၊ မိဓိလာဝယ်၊ ပညာကြီးခြင်း၊ စက်ကွပ်ပြင်းလျက်၊ ပြတ်လျှင်းခဲ့နိုး၊ မိမိမျိုးကို၊ ယူစိုးတခါ၊ ဆက်ပြန်လာသို့၊ မြင့်ကြာနှစ်ထောင်၊ နှစ်ကျော်အောင်လျှင်၊ မြားမြောင်ရိပ်ငြိမ်၊ နတ်စည်းစိမ်ကို၊ မွေ့သိမ်ယုယ၊ စံပြီးမှ တည့်။ သက်ကြွလူ့ရွာ၊ ရောက်ပြန်လာသည်။ ။ ထွတ်ချာလူများ တန်ဆောင်တည်းဟူ၍ ဆရာကြီးတပါး လိုက်တော်မူသည်နှင့်အညီ ငါကောက်လိုက်သည်။"

အထက်ဖော်ပြပါလင်္ကာမှာ - "ကြားပိမ့်နတ်ရှင်" ချီ မော်ကွန်းပုဒ်ရေ (၆)တွင် ပါရှိသည်။ အကယ်၍ ဤမော်ကွန်းကို ရှင်မဟာရဋ္ဌသာရရေးသည်ဟုတ်ပြားအံ့၊ စဥ့်ကိုင်ဆရာတော်ကြီးသည် ကောင်းစွာ သိထိုက်ပါပေသည်။

ယခုမူ စဥ့်ကိုင်ဆရာတော်ကြီးကိုယ်တိုင်က **"ဆရာကြီးတပါး လိုက်တော်မူသည့်စာ"**ဟု ဆိုထားသဖြင့် ရှင်မဟာရဋ္ဌသာရမဟုတ်ဟု ယုံကြည်နိုင်သည်။ သို့သော် ၎င်းဆရာကြီးသည် ရှင်သီလဝံသ၏ စာကို အာဘော်ယူ၍ အတုလိုက်ကာ ဖွဲ့ဆိုထားကြောင်းကား ထင်ရှားသည်။ ဆရာကြီးတစ်ပါးဟုဆိုသဖြင့် လူပုဂ္ဂိုလ်လော၊ ရဟန်းလောဟုမသိရပေ။

ဤသို့လျှင် ရှင်သီလဝံသက ဘုရင်မင်းခေါင် ဘုန်းတော်ကို ဖွဲ့ဆိုသည့် **"ကြားပိမ့်ကျက်သရေ"**ချီ မော်ကွန်း၏ စာသွားအာဘောဂကို အတုလိုက်၍ အဆိုပါဆရာကြီးတစ်ပါးက ပြည်ရန်နိုင်မှူး၏ ဘုန်းတော်ကိုဖွဲ့ဆိုသည့် **"ကြားပိမ့်နတ်ရှင်"**ချီ မော်ကွန်းကို ရေးသားခဲ့သည်ဟု ရှင်းလင်းမှတ်သားနိုင်ကြသည်။"

**ကထိက ဦးစိန်လွင်လေး**

ကထိက ဦးစိန်လွင်လေး(ဝိဇ္ဇာဂုဏ်ထူး) ပြုစုရေးသားထားသော ရှင်မဟာရဋ္ဌသာရ အနှစ် ၅၀၀ မြောက် အထိမ်းအမှတ်စာအုပ် စာမျက်နှာ ၂၇၁-၂၇၂ တို့တွင် ဤသို့ရေးသားထားသည်။

"စာဆိုတော်ကြီးသည် မင်္ဂလာစေတီတော်မော်ကွန်းနှစ်စောင်တိတိ ဖွဲ့ဆိုခဲ့သည်။ မော်ကွန်းဘွဲ့ခံ မင်္ဂလာစေတီတော်ဆိုရာ၌ ဘုရင်ဒုတိယမင်းခေါင်၏ ကောင်းမှုတော်၊ အင်းဝ၊ တန်တားဦးအရပ်ရှိ မင်္ဂလာစေတီကိုပင် ဆိုလိုသည်။

(က) ဘုရင် ဒုတိယမင်းခေါင်သည် သက္ကရာဇ် ၈၄၂ ခုနှစ်တွင် မင်္ဂလာစေတီကို စတင်၍တည်တော်မူသည်။ ထိုအခါတွင် အသက် ၁၂ နှစ်သာရှိသေးသော စာဆိုမောင်မောက်သည် **"ကြားပိမ့်နတ်သျှင်"** အစချီ စေတီတော်မော်ကွန်းကို အဦးအစဖွဲ့ဆိုသည်။

(ခ) ဘုရင်ဒုတိယမင်းခေါင်သည် သက္ကရာဇ် ၈၅၈ ခုနှစ်တွင် တည်ဆောက်ဆဲမင်္ဂလာစေတီတော်၏ အလယ်ဌာပနာတော်ကို ထပ်ဆင့်တည်တော်မူသည်။ ထိုအခါတွင် သက်တော် ၂၈ နှစ်ရှိပြီဖြစ်သည့် စာဆိုတော် ရှင်ရဋ္ဌသာရသည် "သုံးဆယ့်နှစ်ပါး" အစချီ စေတီတော်မော်ကွန်းကို ဒုတိယအကြိမ် ဖွဲ့ဆိုတော်မူပြန်သည်။

ဤသို့အားဖြင့် မင်္ဂလာစေတီတော်မော်ကွန်းမှာ စာဆိုတစ်ပါးတည်းဖြင့် နှစ်စောင်တိတိဖြစ်လာ၏။

ဤတွင် ပြဿနာတစ်ခုပေါ်လာသည်။ အချို့သောပုဂ္ဂိုလ်တို့က ရှင်မဟာရဋ္ဌသာရသည် သက်တော် ၂၈ နှစ်အရွယ်တွင် "သုံးဆယ့်နှစ်ပါး" ချီ စေတီတော်မော်ကွန်းရေးသည်မှာမှန်သည်။ သို့သော် အသက် ၁၂ နှစ်အရွယ်တွင် "ကြားပိမ့်နတ်သျှင်"ချီ စေတီတော်မော်ကွန်းရေးသည်မှာမမှန်။ "ကြားပိမ့်နတ်ရှင်"ချီ မော်ကွန်းသည် မင်္ဂလာစေတီတော်မော်ကွန်းမဟုတ်ပဲ "ပြည်ရန်နိုင်မှူး၏ ဘုန်းတော်ဘွဲ့မော်ကွန်း"သာဖြစ်သည်။ ရေးသူမှာလည်း ဆရာကြီးတစ်ပါးသာဖြစ်သည်ဟုဆိုမည်။

စာရေးသူအနေဖြင့် ထိုယူဆချက်ကို လုံးဝလက်မခံနိုင်ပေ။ "ကြားပိမ့်နတ်ရှင်"ချီ မော်ကွန်းကို ရှင်မဟာရဋ္ဌသာရ ၁၂ နှစ်သားအရွယ်က ရေးခဲ့ကြောင်းကို ကျမ်းပြုပုဂ္ဂိုလ်ကျော်များဖြစ်ကြသော ပုဂံဝန်ထောက်မင်းဦးတင်၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ ပါမောက္ခကြီးဦးအေးမောင်၊ ဝဏ္ဏကျော်ထင် ဦးမာဃ၊ ဆရာကြီး ဒဂုန်နတ်ရှင် စသူတို့က တညီတညွတ်တည်း ယူဆခဲ့ကြပြီးလေပြီ။ ဆရာကြီးများ လက်ဖြင့်ရေးခဲ့သည်ကို ခြေဖြင့်ဖျက်ခြင်းငှာမဝံ့ပါ။

အထက်တွင်ဖော်ပြခဲ့သည်မှာ ရှင်မဟာရဋ္ဌသာရသည် မင်္ဂလာစေတီတော် မော်ကွန်းနှစ်စောင်ရေး၊ မရေးနှင့်စပ်လျဉ်း၍ ပညာရှင်များ၏ အမြင်ပင်ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရသည် မင်္ဂလာစေတီတော်မော်ကွန်းနှစ်စောင်ရေး၊ မရေး ပြဿနာသည် မျက်မှောက်ခေတ်ကာလတွင် ဖြစ်ပေါ်ခဲ့သည့် ပြဿနာမဟုတ်ပေ၊ ရှေးယခင် ကုန်းဘောင်ခေတ်ဦးကာလကတည်းက ဖြစ်ပေါ်ခဲ့သောပြဿနာဖြစ်သည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်ပညာရှင်များ၏ အမြင်ကိုဖော်ပြပါဦးမည်။

**တောင်တွင်းဆရာတော်နှင့် လက်ဝဲနော်ရထာ**

လက်ဝဲနော်ရထာသည် ရှင်မဟာရဋ္ဌသာရမင်္ဂလာစေတီတော်မော်ကွန်းနှစ်စောင် ရေး၊ မရေးခြင်းနှင့်ပတ်သက်၍ သံသယဝင်ခဲ့ဖူးသည်။ ထိုသံသယကို ရှင်းလင်းနိုင်ရန် လက်ဝဲနော်ရထာအမတ်ကြီးသည် သူ၏ဆရာတောင်တွင်းဆရာတော်ထံ မေးလျှောက်ခဲ့ဖူးသည်။ လက်ဝဲနော်ရထာ မေးလျှောက်ခဲ့ပုံမှာ ဤသို့ဖြစ်၏။

"ရှင်ရဋ္ဌသာရဆို လင်္ကာစကားပြေရောသည့် တံတားဦးတည် တစ်စောင်၊ လင်္ကာသက်သက် တံတားဦးတည်တစ်စောင်ဟူ၍ တံတားဦးတည် နှစ်စောင်က နှတ်ချက်ပါသောကြောင့် "သုံးဆယ့်နှစ်ပါး၊ ထင်ရှားလက္ခဏာ" ချီသည့်စာကိုသာ တွေ့ဖူးချေသည်၊ လင်္ကာသက်သက် တံတားဦးတည်ဆိုသည်ကို မတွေ့မမြင်မကြားဖူးပါသောကြောင့် သမဏဂုဏကျော်ထင်မှာ ရှိသည့်စာကိုကြည့်သော် စာအရေးအဆိုအမိန့်လည်း ရှင်ရဋ္ဌသာရ **စာမျက်နှာ ၅ သို့ á**

## ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ညီနောင်ထုနဲ့ ပြည်ထောင်စုကိုကာကွယ်မည်

\- ပင်လုံမြေ အခြေပြုလို့
ပြည်ထောင်စုနေ့ဖြစ်ထွန်းပေါ်၊
ဖေဖော်ဝါရီ တစ်ဆယ့်နှစ်ရက်မှာ
ကျင်းပလျက်နေ၁်၊
တိုင်းရင်းသားတို့ ရွှင်ပျော်ပျော်
နိုင်ငံတော်မှာ ပေါင်းစုလို့၊
အေးအတူ ပူအမျှနဲ့
နေထိုင်ကြစို့။

\- ဘိုးဘွားတွေအစဉ်အဆက်
မပျက်ခဲ့တဲ့ စဉ်အလာ၊
ကချင် ကယား ကရင် ချင်း
ရင်တွင်းကြည်သာ၊
ရခိုင် ရှမ်း မွန် ဗမာ
ချစ်ကြည်စွာ ခိုင်ခိုင်မြဲ၊
တိုင်းပြည်ရန် ဆူးငြောင့်ခလုတ်ကို
တိုက်ထုတ်လျက်ပဲ။

\- လက်တွဲကာပေါင်းစုလို့
ညီနောင်ထု တို့တစ်တွေ၊
ဘယ်သူတွေ ဘယ်လိုဖျက်ဖျက်
မပျက်ခဲ့ပေ၊
စည်းလုံးခြင်း၏ ရလဒ်တွေ
အောင်မြင်နေခုချိန်များ၊
ထင်းစည်းကို ပမာပြုလို့
သိကြစေသား။ ။

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုလျက်။

**မောင်မောင်အေး(ဘိုကလေး)**

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



မြောင်းမြ ဖေဖော်ဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၄၆၂၄ ကေကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မတ်ပဲကေ ၃၄၈၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ မတ်ပဲတွေ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲတွေ စနစ်တကျ စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်း ကောင်းမွန်ဖို့နဲ့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာတွေကို မတ်ပဲတွေမစိုက်မီ မြေပြင်ထိ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ တောင်သူပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲအထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားရောဂါ ကင်းရှင်းစေရေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

စကားသံမရှိ၊ တံတားဦးမင်္ဂလာစေတီအကြောင်းအရာကိုလည်းမဆိုပါ၊ သရေခေတ္တရာပြည်မြို့အကြောင်းကိုသာဆို၍တချို့မှာလည်း "နာလေ့မင်းခေါင်"ချီသည်။ ၎င်းစာတွင်ပါသောသက္ကရာဇ်များကိုကြည့်သော်လည်း ရှင်ရဋ္ဌသာရတို့မရှိသည့်နောက် သက္ကရာဇ် ၉၆၀ ပြည့်နှစ်ကျော်ရန်နိုင်မှူးတို့ မင်းပြုသည့်ကာလများနှင့် ဆီဆိုင်တော်သင့်ခဲ့သည်။ လေ့ကျက်ဘူးသသူကိုမေးရာတွင်လည်း သည်စာကို ဒွတ္တဘောင်မင်းသမိုင်းဟူ၍ ခေါ်ဝေါ်ကြကြောင်းနှင့်ပြောဆိုသည်။ သည်စာကို စေ့စေ့ဆင်ခြင်တော်မူစေချင်ပါသည်။ သည်စာသည် ပမာဏယူတော်မမူလောက်လျှင် နုတ်တော်မူပါ။ စီရင်တော်မူသည့်စာမှာ လောကဓမ္မအနှစ်သာရနှင့် သာသနာတော်ငါးထောင်တည်ထွန်းမည့်စာဖြစ်ပါသည်။ ရာဇဝင်အချုပ်မူဟောင်း၊ မူကောင်းရှိသည်ကိုလည်း ထုတ်တော်မူပါအရှင်ဘုရား။

**သက္ကရာဇ် ၁၁၂၄ ခုနှစ် ဝါဆိုလတွင် မင်းစည်သူကျော်ထင်က တောင်တွင်းဆရာတော်ကို လျှောက်သည်။"**

ထိုအမေးနှင့်ပတ်သက်၍ တောင်တွင်းဆရာတော်၏အဖြေမှာ အောက်ပါအတိုင်းဖြစ်သည်။

"သုံးဆယ့်နှစ်ပါး၊ ထင်ရှားလက္ခဏာချီ တံတားဦးတည်မော်ကွန်းကို ရှင်ရဋ္ဌသာရ အလျှင်လုပ်သည်၊ ရှင်သီလဝံသလည်း ရှင်ရဋ္ဌသာရလုပ်ကြောင်းကိုမသိ၍ ကြားပိမ့်ကျက်သရေ၊ အောင်မြင်စေအံ့ချီသည့် တံတားဦးတည်ကိုလုပ်သည်။ တဆယ့်နှစ်ပိုဒ်ခန့်ပြီးနှင့်သည်။ ရှင်ရဋ္ဌသာရမှာ ပြီး၍ဆက်သွင်းကြောင်းကိုကြားလျှင် ငါလုပ်သည့် စာပုရပိုက်မှာ ရေးမိသမျှကို ချေပေတော့ဆိုသည်။ တပည့်များ နှစ်မြောစနိုး၍ ရေးကူးလိုက်သောကြောင့် ယခုတိုင်အောင်တွင်၍ရှိသည်။ နန်းတွင်းသို့ မဆက်မသွင်းဖြစ်လေဆိုသည်။

ဒုတိယမင်းခေါင်မရှိသည့်နောက် ရွှေနန်းကြော့ရှင်နရပတိလက်ထက် ကြားပိမ့်ကျက်သရေချီသည့် ရှင်သီလဝံသ တံတားဦးတည်မော်ကွန်းကို အဖတ်အရွတ် အလေ့အလာများ ပြန်ကြသောကြောင့် တစ်ယောက်လုပ်သည့်စာကို တစ်ယောက်လိုက်ခြင်းသည် ပညာရှိကဝိတို့ ဘွယ်ရာအပျော်အပါးဖြစ်၍ ကြားပိမ့်ကျက်သရေချီသည့် တံတားဦးတည်မော်ကွန်းကိုလိုက်၍ ကြားပိမ့်နတ်ရှင်ချီသည့် တံတားဦးတည်မော်ကွန်းကို ရှင်ရဋ္ဌသာရလုပ်ပြန်သည်ဟူ၍ သုတနှင့်ပြည့်စုံသော ရှေးသူဟောင်းတို့ပြောစဉ်ရှိသည်။ တစ်ချက်မှာလည်း ရှင်ရဋ္ဌသာရလုပ်ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ စာသွားကိုဆင်ခြင်သော် အနက်အဓိပ္ပာယ်အနှစ်သာရရှိပေသည်ဖြစ်၍ ပညာရှိတို့ မှတ်သားလောက်သောကြောင့် သုံးပါးစုမှာ ဆရာသွင်းတန်သည့်အရာကို သွင်းလိုက်ပေသည်။

**သက္ကရာဇ် ၁၁၂၄ ခုနှစ် ဝါဆိုလတွင် တောင်တွင်းဆရာတော် အမိန့်တော်မြွက်ရှိသည်။"**

အထက်ပါအမေးအဖြေကိုကြည့်ပါက "ကြားပိမ့်နတ်ရှင်"ချီ မော်ကွန်းကို ရှင်မဟာရဋ္ဌသာရရေးသည်ဟု လက်ဝဲနော်ရထာက ယူဆခဲ့ဟန်မတူပေ။ ပြည်ရန်နိုင်မှူးဘွဲ့ဟုသာ ယူဆဟန်ရှိသည်။ ထိုအချက်ကို ကွဲပြားလို၍ တောင်တွင်းဆရာတော်ကိုမေးရာတွင်လည်း တောင်တွင်းဆရာတော်သည် တိတိကျကျဖြေဆိုခြင်းမပြုဘဲ "ရှင်ရဋ္ဌသာရလုပ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ"ဟူ၍ ဆိုထားသောကြောင့် ရှင်မဟာရဋ္ဌသာရရေး မင်္ဂလာစေတီတော်မော်ကွန်းဟုတ်သည်ဟု တထစ်ချဆို၍မရပေ။ ခေတ်စကားဖြင့် နားလည်အောင်ဆိုရလျှင် "ကြားပိမ့်နတ်ရှင်"ချီမော်ကွန်းကို ရှင်မဟာရဋ္ဌသာရရေးသည် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ရှေးအစဉ်စကားရှိ၍ သုံးပါးစုမှာထည့်သွင်းလိုက်ခြင်း"ဟူ၍ဖြစ်ပေသည်။

**သုံးသပ်ချက်**

"ကြားပိမ့်နတ်ရှင်"ချီမော်ကွန်းကို ရှင်မဟာရဋ္ဌသာရရေး၊ မရေး၊ တံတားဦးဘွဲ့မော်ကွန်းဟုတ်၊ မဟုတ် အပေါ်ပညာရှင်များ၏ အမြင်ကို တင်ပြခဲ့ပြီးဖြစ်သည်။ ထိုအမြင်များအပေါ် လေ့လာသုံးသပ်လျှင် ဆရာကြီး နန်းညွန့်ဆွေ၏ သုံးသပ်တင်ပြချက်များသည် လက်ခံနိုင်ဖွယ်ရာဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဆရာကြီးနန်းညွန့်ဆွေသည် "ကြားပိမ့်နတ်ရှင်"ချီမော်ကွန်းစာပိုဒ်များကို ထုတ်နုတ်ဖြေရှင်းထားခြင်းကြောင့်ဖြစ်သည်။ ပုဂံဝန်ထောက်မင်း ဦးတင်မှတ်ချက်ပြထားသည့် "သာသနာ"ချီ အပိုဒ်တွင်ဖွဲ့ဆိုထားသော "သာသနာတော်၊ နှစ်ထောင်ကျော်၍၊ စွန်းပေါ်ရှစ်ဆဲ့လေး"ဟူသော သက္ကရာဇ်သည် ၉၀၂ ခုနှစ်ဖြစ်သည်။ ထို့ပြင် ထိုမော်ကွန်းပိုဒ်ရေ ၇ ၌ပါရှိသော "သာသနာတော်၊ နှစ်ထောင်ကျော်၍၊ စွန်းပေါ်ရာဖြစ်၊ လေးဆဲ့တစ်ဝယ်"ဟူသော သက္ကရာဇ်သည်၊ ၉၅၉ ခုနှစ်ပင်ဖြစ်သည်။ သက္ကရာဇ် ၉၀၂ ခုနှစ်၊ ၉၅၉ ခုနှစ်တို့သည် ရှင်မဟာရဋ္ဌသာရနှင့် လုံးဝမဆိုင်တော့ကြောင်း အထူးရှင်းစရာမလိုတော့ပေ။ ရှင်မဟာရဋ္ဌသာရသည် သက္ကရာဇ် ၈၉၂ ခုနှစ်ကတည်းက ပျံလွန်တော်မူခဲ့ပြီဖြစ်သည်။ တွင်းသင်းတိုက်ဝန် မဟာစည်သူဦးထွန်းညိုကလည်း "ကြားပိမ့်နတ်ရှင်"ချီမော်ကွန်းသည် ရှင်မဟာရဋ္ဌသာရရေးသားခြင်းမဟုတ်ကြောင်းကို တွင်းသင်းသတ်ညွှန်းသစ်ပေမူ၊ ခပ်ကာရန်တွင် "ကြားပိမ့်နတ်ရှင်ချီမော်ကွန်းကိုလည်း ရှင်ရဋ္ဌသာရဆို တံတားဦးတည်လင်္ကာသက်သက်ဟု တွေးဆဝိုးဝါးယုံမှားသင်္ကာရှိကြ၏။ ရှင်ရဋ္ဌသာရမဟုတ်ကြောင်းကိုလည်း သာသနာတော်၊ နှစ်ထောင်ကျော်၍၊ စွန်းပေါ်ရာဖြစ်၊ လေးဆယ့်တစ်ဝယ်ဟု မော်ကွန်းတွင်ဆိုသောကြောင့် သိရပါသတည်း"ဟူ၍ ရှင်းလင်းထားသည်။ သက္ကရာဇ် ၁၃၂၁ခုနှစ်တွင် ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်က ထုတ်ဝေသော လက်ဝဲနော်ရထာလျှောက်ထုံး၌ ကြားပိမ့်နတ်ရှင်မော်ကွန်းနှင့်စပ်လျဉ်း၍ "ကြားပိမ့်နတ်ရှင်"ချီမော်ကွန်းကား တံတားဦးတည် မော်ကွန်းမဟုတ် သက္ကရာဇ် ၉၅၉ ခုနှစ်စီရင်သော ပြည်နန်းဖွင့်မော်ကွန်းသာဖြစ်သည်"ဟု အောက်ခြေမှတ်ချက်ဖြင့် ရှင်းလင်းထားသည်။ သို့ဖြစ်သောကြောင့် "သုံးဆယ့်နှစ်ပါး"ချီ တန်တားဦးတည်မင်္ဂလာစေတီတော်မော်ကွန်းသာ ရှင်မဟာရဋ္ဌသာရရေးခဲ့ခြင်းဖြစ်သည်။ "ကြားပိမ့်နတ်ရှင်"ချီ မော်ကွန်းသည် ရှင်မဟာရဋ္ဌသာရရေးခဲ့ခြင်းမဟုတ်သကဲ့သို့ မင်္ဂလာစေတီတော်မော်ကွန်းလည်း မဟုတ်ပေ။ ပြည်ရန်နိုင်မှူးဘွဲ့မော်ကွန်း၊ ပြည်နန်းဖွင့်မော်ကွန်းဟူ၍သာ သတ်မှတ်သင့်ပါသည်။

# နိုင်ငံတကာ သတင်းများ

## မဟာဗျူဟာနျူကလီးယားလက်နက်ထိန်းချုပ်ရေးစာချုပ်သစ်ပါ ပြဋ္ဌာန်းချက်များကို အမေရိကန်နိုင်ငံစောင့်ထိန်းနေသမျှ ရုရှားနိုင်ငံက ဆက်လက်စောင့်ထိန်းမည်



**မော်စကို ဖေဖော်ဝါရီ ၁၁**

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း သက်တမ်းကုန်ဆုံးခဲ့သည့် မဟာဗျူဟာ နျူကလီးယားလက်နက်များ ထိန်းချုပ်ရေးစာချုပ်သစ်ပါ ပြဋ္ဌာန်းချက်များကို အမေရိကန်နိုင်ငံက ဆက်လက်စောင့်ထိန်းနေသမျှ ရုရှားနိုင်ငံကလည်း အလားတူဆက်လက်စောင့်ထိန်းမည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်က ယနေ့တွင် ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့အကြား ၂၀၁၀ ပြည့်နှစ်တွင် လက်မှတ်ရေးထိုးခဲ့သော မဟာဗျူဟာလက်နက်များ ထိန်းချုပ်ရေးစာချုပ်သစ်သည် ဖေဖော်ဝါရီ ၅ ရက်က သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည်။

အဆိုပါ စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သော်လည်း စာချုပ်ပါပြဋ္ဌာန်းချက်များကို တစ်နှစ်ကြာ ဆက်လက်စောင့်ထိန်းရန် ရုရှားသမ္မတပူတင်က တရားဝင်အဆိုပြုခဲ့သော်လည်း ယင်းအဆိုပြုချက်ကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ငြင်းပယ်ထားသည်။

သို့ရာတွင် မဟာဗျူဟာလက်နက်များထိန်းချုပ်ရေးစာချုပ်သစ်ပြဋ္ဌာန်းချက်များကို အမေရိကန်နိုင်ငံက ဆက်လက်စောင့်ထိန်းနေသရွေ့ ရုရှားနိုင်ငံကလည်း အလားတူ စောင့်ထိန်းမည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားထားသည်။

မဟာဗျူဟာ လက်နက်များထိန်းချုပ်ရေးစာချုပ်သစ်ကို သက်တမ်းထပ်တိုးရန် ကြိုးပမ်းမည့်အစား ခေတ်နှင့်ပို၍လိုက်ဖက်ညီသော လက်နက်ထိန်းချုပ်ရေးစာချုပ်သစ်ရယူရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က လိုလားလျက်ရှိသည်။

မဟာဗျူဟာ လက်နက်များထိန်းချုပ်ရေး စာချုပ်သစ်သည် ရုရှားနှင့် အမေရိကန်နိုင်ငံတို့ ဖြန့်ကြက်ခွင့်ရှိသည့် နျူကလီးယားလက်နက် အရေအတွက်နှင့် ပစ်လွှတ်မှုစနစ် အရေအတွက်တို့ကို ကန့်သတ်ပေးထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## အမေရိကန်အစိုးရက နိုင်ဂျီးရီးယားသို့ တပ်ဖွဲ့ဝင် ၂၀၀ ခန့် ထပ်မံစေလွှတ်မည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အစ္စလာမ္မစ် အကြမ်းဖက်အုပ်စု(အိုင်အက်စ်) ချေမှုန်းရေးအတွက် နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များကို လေ့ကျင့်ပေးရန် နိုင်ဂျီးရီးယားနိုင်ငံသို့ တပ်ဖွဲ့ဝင် ၂၀၀ ခန့် ထပ်မံစေလွှတ်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရ တာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၁၅ ရက်တွင် နိုင်ဂျီးရီးယားနိုင်ငံတွင်းရှိ အိုင်အက်စ်အုပ်စု ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် တပ်ဖွဲ့ဝင်အနည်းငယ်ကို နိုင်ဂျီးရီးယားသို့ စေလွှတ်ထားပြီးဖြစ်သည်။

သို့ရာတွင် အိုင်အက်စ်အကြမ်းဖက်အုပ်စုကို ချေမှုန်းရာတွင် နိုင်ဂျီးရီးယားလက်နက်ကိုင်တပ်များကို အကူအညီပေးရေးအတွက် တပ်ဖွဲ့ဝင် ၂၀၀ ခန့်ထပ်မံစေလွှတ်ရန် အမေရိကန်အစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

နိုင်ဂျီးရီးယား၌ အမေရိကန်တပ်မတော်၏ စစ်ရေးလှုပ်ရှားမှုများ ထပ်မံရှိလာနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားပြီးဖြစ်သည်။

အမေရိကန်အစိုးရက နိုင်ဂျီးရီးယားသို့ တပ်ဖွဲ့ဝင် ၂၀၀ ခန့် ထပ်မံစေလွှတ်မည်ဟူသော သတင်းများကို အမေရိကန်တပ်မတော်၏ အာဖရိကစစ်ဌာနချုပ်က တစ်စုံတစ်ရာတုံ့ပြန်မှုမရှိသေးကြောင်း သိရသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ ဘိုကိုဟာရမ် စစ်သွေးကြွနှင့် အိုင်အက်စ်စစ်သွေးကြွများက နိုင်ဂျီးရီးယားတပ်မတော်နှင့် အရပ်သားများကို ပြီးခဲ့သည့် နှစ်များအတွင်း ပိုမိုတိုက်ခိုက်လာခဲ့ကြကြောင်း သိရသည်။

Ref : RT

Trs : KKO



## ဂါဇာငြိမ်းချမ်းမှုထိန်းသိမ်းရေး နိုင်ငံတကာတပ်ဖွဲ့အတွက် တပ်ဖွဲ့ဝင်ဦးရေ ၈၀၀၀ ထိ အင်ဒိုနီးရှားဖြည့်ဆည်းပေးနိုင်

**ဂျကာတာ ဖေဖော်ဝါရီ ၁၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေးအစီအစဉ်အရ ဖွဲ့စည်းမည့် နိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့အတွက် တပ်ဖွဲ့ဝင် ၈၀၀၀ ထိ အင်ဒိုနီးရှားနိုင်ငံက ဖြည့်ဆည်းပေးနိုင်ဖွယ်ရှိကြောင်း အင်ဒိုနီးရှားသမ္မတရုံးပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၁၀ တွင် ထုတ်ဖော်ပြောကြားထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သို့ရာတွင် တပ်များဖြန့်ကြက်မှုဆိုင်ရာစည်းမျဉ်းများ၊ ဖြန့်ကြက်မည့်နယ်မြေများနှင့်ပတ်သက်၍ အပြီးသတ်သဘောတူညီချက် မရသေးကြောင်း အင်ဒိုနီးရှားသမ္မတရုံးပြောရေးဆိုခွင့်ရှိသူ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေးအစီအစဉ်အရ ဖွဲ့စည်းမည့် နိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့တွင် တပ်ဖွဲ့ဝင်ဦးရေ ၂၀၀၀၀ ထိ ပါဝင်ဖွယ်ရှိကြောင်း သိရသည်။

ဂါဇာငြိမ်းချမ်းမှုထိန်းသိမ်းရေး နိုင်ငံတကာတပ်ဖွဲ့အတွက် တပ်ဖွဲ့ဝင်ဦးရေ ၅၀၀၀ မှ ၈၀၀၀ ထိ ဖြည့်တင်းပေးရန် ပြင်ဆင်ထားကြောင်း အင်ဒိုနီးရှားကြည်းတပ်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မာရူလီဆီမင်ဂျန်တက်ခ်ကလည်း ပြောကြားထားပြီးဖြစ်သည်။

အမေရိကန်အစိုးရသည် ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့၏ ပထမဆုံးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်တွင် ကျင်းပရန်စီစဉ်ထားပြီး ဆွေးနွေးပွဲ၌ပါဝင်ရန် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုကိုလည်း ဖိတ်ကြားထားသည်။

ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့ဆွေးနွေးပွဲကို အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို တက်ရောက်ရန်အစီအစဉ် ရှိ၊ မရှိကို အင်ဒိုနီးရှားတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ကနေဒါနိုင်ငံအနောက်ပိုင်း အထက်တန်းကျောင်း၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ လူ ၁၀ ဦး သေဆုံး

**အော့တဝါ ဖေဖော်ဝါရီ ၁၁**

ကနေဒါနိုင်ငံ အနောက်ပိုင်း စာသင်ကျောင်း တစ်ကျောင်း၌ ဖေဖော်ဝါရီ ၁၀ ရက်က သေနတ်သမားတစ်ဦး၏ ပစ်ခတ်မှုကြောင့် သေနတ်သမားအပါအဝင် လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါသေနတ်ပစ်ခတ်မှုသည် ကနေဒါနိုင်ငံအတွက် မျက်မှောက်သမိုင်းတစ်လျှောက် အသေအပျောက်အများဆုံး သေနတ်ပစ်ခတ်မှုဖြစ်ကြောင်း ကနေဒါမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့သည့် အထက်တန်းကျောင်းမှာ ဘရစ်တစ်ရှ်ကိုလံဘီယာပြည်နယ် တစ်ဘလာရစ်ချ်မြို့ အထက်တန်းကျောင်းဖြစ်ကြောင်း ကနေဒါရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားထားသည်။

ရဲတပ်ဖွဲ့၏အဆိုအရ တစ်ဘလာရစ်ချ် အထက်တန်းကျောင်း သေနတ်ပစ်ခတ်မှု ကျူးလွန်ခဲ့သူမှာ အမျိုးသမီးတစ်ဦးဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၀ ရက် သေနတ်ပစ်ခတ်မှုတွင် လူ ၁၀ ဦးသေဆုံးခဲ့သည့်အပြင် လူ နှစ်ဦးဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ၂၅ ဦးမှာ အသေးစားဒဏ်ရာ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားထားသည်။

သေနတ်ပစ်ခတ်မှုအတွင်း သေဆုံးသူများထဲတွင် ပစ်ခတ်မှုကျူးလွန်သူလည်းပါဝင်ပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့ဖွယ်ရှိသည်ဟု ရဲတပ်ဖွဲ့က သုံးသပ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဆိုမာလီယာလေဆိပ်၌ ခရီးသည်တင်လေယာဉ်တစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွား

**မိုဂါဒစ်ရှူး ဖေဖော်ဝါရီ ၁၁**

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့ အေဒင်အဗ္ဗဒူလ် နိုင်ငံတကာလေဆိပ်၌ ဖေဖော်ဝါရီ ၁၀ ရက်က ခရီးသည်တင်လေယာဉ် တစ်စင်း ပြေးလမ်းချော်၍ ပင်လယ်ရေတိမ်ပိုင်းထဲ ထိုးဆင်းခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဖြစ်စဉ်အတွင်း ခရီးသည်နှင့် လေယာဉ်အမှုထမ်းများ အထိအခိုက် မရှိခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောကြားထားသည်။

ခရီးသည် ဦးရေ ၅၀ နှင့် လေယာဉ်အမှုထမ်း ငါးဦးလိုက်ပါလာသော အဆိုပါခရီးသည်တင်လေယာဉ်သည် အေဒင်အဗ္ဗဒူလ်နိုင်ငံတကာလေဆိပ်၌ အရေးပေါ်ဆင်းသက်စဉ် ပြေးလမ်းချော်၍ ပင်လယ်ရေပြင်ထဲ ထိုးကျခဲ့ခြင်းဖြစ်သည်။

ထိုခရီးသည်တင် လေယာဉ်သည် အေဒင်အဗ္ဗဒူလ်နိုင်ငံတကာလေဆိပ်မှပျံတက်ခဲ့ပြီး မကြာမီမှာပင် စက်ပိုင်းဆိုင်ရာပြဿနာတစ်ရပ်နှင့် ရင်ဆိုင်ခဲ့ရပြီးနောက် ယင်းလေဆိပ်မှာပင် အရေးပေါ်ပြန်လည်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်အတွင်း ခရီးသည်တင်လေယာဉ် ပျက်စီးခဲ့ရသော်လည်း ခရီးသည် ဦးရေ ၅၀ နှင့် လေယာဉ်အမှုထမ်း ငါးဦးတို့ကို ဘေးကင်းလုံခြုံစွာကယ်ထုတ်ပေးနိုင်ခဲ့ကြောင်း ဆိုမာလီယာ တာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် ခရီးသည်တင် လေယာဉ် ပြေးလမ်းချော်မှုပြဿနာနောက်ခံအကြောင်းရင်းကို ဆိုမာလီယာအာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။


Ref : Xinhua

Trs : KKO



# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက လကမ္ဘာပေါ်၌ ကိုယ့်နည်းကိုယ့်ဟန်ဖြင့်ဖွံ့ဖြိုးနိုင်မည့် မြို့တော်တစ်ခုတည်ဆောက်ရန် ရည်ရွယ်ထား



ဝါရှင်တန် ဖေဖော်ဝါရီ ၁၁

စပေ့စ်အိတ်ကုမ္ပဏီသည် လကမ္ဘာပေါ်၌ ကိုယ့်နည်းကိုယ့်ဟန်ဖြင့်ဖွံ့ဖြိုးနိုင်မည့် မြို့တော်တစ်ခု တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း ကုမ္ပဏီအကြီးအကဲ အီလွန်မက်စ်က ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

လကမ္ဘာမစ်ရှင်များကို ဦးစားပေးရေးအတွက် အင်္ဂါဂြိုဟ်မစ်ရှင်များကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း စပေ့စ်အိတ်ကုမ္ပဏီက ကြေညာခဲ့ပြီးနောက် လကမ္ဘာပေါ်၌ မြို့တည်ရန်ရည်ရွယ်ထားကြောင်း အီလွန်မက်စ်က ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

စပေ့စ်အိတ်ကုမ္ပဏီအနေဖြင့် နောင်လာမည့် ငါးနှစ်မှ ခုနစ်နှစ်အတွင်း လကမ္ဘာပေါ်၌ မြို့တော်တစ်ခု တည်ဆောက်ရေးစီမံကိန်းကို စတင်ရန်ရည်ရွယ်ထားသည်ဟု အီလွန်မက်စ်က ၎င်း၏လူမှုမီဒီယာ စာမျက်နှာပေါ်တွင် ရေးသားထားကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ၂၀၂၇ ခုနှစ် မတ်လတွင် လကမ္ဘာပေါ်သို့ အာကာသယာဉ်မှူးများ လိုက်ပါခြင်းမရှိသော လဆင်းယာဉ်တစ်စင်းလွှတ်တင်ရန် စီစဉ်ထားသည်။

တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ဆယ်စုနှစ်အတွင်း လကမ္ဘာပေါ်သို့ လူသားများ စေလွှတ်နိုင်ရေးအတွက် အပြိုင်အဆိုင် ကြိုးပမ်းလျက်ရှိကြောင်း၊ ၁၉၇၂ ခုနှစ် အပိုလို ၁၇ မစ်ရှင်နောက်ပိုင်း လကမ္ဘာပေါ်သို့ လူသားများ သွားရောက်နိုင်မှုမရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## အင်္ဂါဂြိုဟ်အနေဖြင့် တစ်ချိန်သောအခါက အရွယ်အစားကြီးမားသည့် ဂြိုဟ်ရံလတစ်စင်း ပိုင်ဆိုင်ခဲ့ဖူး

ဘာလင် ဖေဖော်ဝါရီ ၁၁



အင်္ဂါဂြိုဟ်အနေဖြင့် တစ်ချိန်သောအခါက အရွယ်အစားကြီးမားသည့် ဂြိုဟ်ရံလတစ်စင်းပိုင်ဆိုင်ခဲ့ဖူးကြောင်း ဖေဖော်ဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ ဂြိုဟ်ရံလကြောင့် အင်္ဂါဂြိုဟ် ဂေးလ်ဥက္ကာချိုင့်ဝှမ်း၌ တည်ရှိခဲ့သည့် ရှေးဟောင်းရေကန်ကြီးတွင် ဒီရေအတက်အကျရှိခဲ့ကြောင်း ဂျာမနီနိုင်ငံ မက်ပလန့်အင်စတီကျုမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျာမနီသိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကျူရီယိုစီးတီးအင်္ဂါဂြိုဟ်မျက်နှာပြင်လှေလာရေးယာဉ်မှရရှိသည့် သတင်းအချက်အလက်များကို လေ့လာစိစစ်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသော ရလဒ်များအရ ဂေးလ်ဥက္ကာချိုင့်ဝှမ်း ဂျူရာကျောက်လွှာနယ်မြေ၌ တစ်ချိန်သောအခါက ဒီရေအတက်အကျရှိခဲ့မှုကို ပြသနေသည့် ဘူမိအထောက်အထားများ ရှာဖွေတွေ့ရှိထားကြောင်း ဂျာမနီ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂျူရာကျောက်လွှာနယ်မြေရှိ ဒီရေအတက်အကျကြောင့် ပေါ်ထွက်လာသည့်အနည်ကျကျောက်လွှာများသည် အင်္ဂါဂြိုဟ်အနေဖြင့် တစ်ချိန်သောအခါက ဒီရေအတက်အကျဖန်တီးနိုင်သည့် ဂြိုဟ်ရံလကြီးတစ်စင်း ပိုင်ဆိုင်ခဲ့မှု၏ သက်သေ အထောက်အထားဖြစ်ကြောင်း ဂျာမနီသိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

အင်္ဂါဂြိုဟ် လက်ရှိပိုင်ဆိုင်ထားသည့် ဖိုးဟော့စ်ဂြိုဟ်ရံလနှင့် ဒေးမော့စ်ဂြိုဟ်ရံလတို့မှာ အရွယ်အစားသေးငယ်မှုကြောင့် ဒီရေအတက်အကျကို ဖန်တီးနိုင်စွမ်းမရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Iguanodontian အုပ်စုဝင် ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းအပြည့်အစုံကို တရုတ်သိပ္ပံပညာရှင်များ တူးဖော်တွေ့ရှိ

ပေကျင်း ဖေဖော်ဝါရီ ၁၁

Iguanodontian အုပ်စုဝင် ဒိုင်နိုဆောမျိုးစိတ်သစ်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းအပြည့်အစုံကို တရုတ်သိပ္ပံပညာရှင်များက တူးဖော် တွေ့ရှိထားကြောင်း ဖေဖော်ဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

Haolong dongi ဟူ၍အမည်ပေးထားသည့် အဆိုပါဒိုင်နိုဆောမျိုးစိတ်သစ်ကျောက်ဖြစ်ရုပ်ကြွင်းကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Haolong dongi ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်း၏ ထူးခြားချက်မှာ အရေပြားကျောက်ဖြစ်ရုပ်ကြွင်းများလည်း ပါဝင်နေခြင်းဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

Haolong dongi ဒိုင်နိုဆောများသည် တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း၌ လွန်ခဲ့သောနှစ်ပေါင်း ၁၂၅ သန်းခန့်ကာလ ခရီတေးစီးယပ်စ် ဘူမိခေတ်အစောပိုင်းတွင် ရှင်သန်ကျက်စားခဲ့ကြသည့် ဒိုင်နိုဆောများဖြစ်ကြကြောင်း တရုတ်သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Haolong dongi ဒိုင်နိုဆော၏ အရွယ်အစားမှာ ကိုယ်ထည်အလျား ၂ ဒသမ ၃၅ မီတာရှိကြောင်း၊ ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားများအရ Haolong dongi ဒိုင်နိုဆောများမှာ ဆူးတောင်များပါရှိသော ဒိုင်နိုဆောများဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## Epstein-Barr Virus ကြောင့် ဗဟိုအာရုံနှာဗ်ဆဲလ်စနစ်ပျက်စီးမှုရောဂါ ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များပြောကြား

နယူးယောက် ဖေဖော်ဝါရီ ၁၁

Epstein-Barr Virus ခေါ် ဗိုင်းရပ်စ်တစ်မျိုးကြောင့် ဗဟိုအာရုံနှာဗ်ဆဲလ်စနစ်ပျက်စီးမှုရောဂါ (MS) ဖြစ်ပွားနိုင်ကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Epstein–Barr Virus(EBV)များသည် ဦးနှောက်ကို တိုက်ခိုက်ရေးအတွက် လူ့ခုခံအားစနစ်ဆဲလ်များကို စေ့ဆော်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ MS ရောဂါလူနာများ၌ EBV ဗိုင်းရပ်စ်များကို တုံ့ပြန်တတ်သည့် T Cell ခေါ် ခုခံအားစနစ်ဆဲလ်များ တည်ရှိမှုမြင့်မားနေတတ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

EBV ဗိုင်းရပ်စ်သည် အလွန်တရာ အတွေ့ရများသော ဗိုင်းရပ်စ်များဖြစ်ပြီး အရွယ်ရောက်သူ ၉၅ ရာခိုင်နှုန်းခန့်တွင် တွေ့ရတတ်သည့် ဗိုင်းရပ်စ်ဖြစ်သည်။

MS ရောဂါသည် ဦးနှောက်နှင့် ကျောရိုးတို့ရှိ အာရုံနှာဗ်ဆဲလ်မျှင်များကို အကာအကွယ်ပေးထားသည့် Myelin အလွှာတစ်ခုကို ခုခံအားစနစ်က မှားယွင်းတိုက်ခိုက်ချိန်တွင် ဖြစ်ပွားတတ်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် MS လူနာ ၁၃ ဦးတို့ထံမှရယူထားသည့် သွေးနှင့် ကျောရိုးရည်ကြည် နမူနာများကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ရှားစောင်းလက်ပပ်တွင်ပါဝင်သော ဓာတုဒြပ်ပေါင်းက အယ်ဇိုင်းမားရောဂါကုသရာတွင် အထောက်အကူပြုနိုင်

လန်ဒန် ဖေဖော်ဝါရီ ၁၁

ရှားစောင်းလက်ပပ် (Aloe Vera)တွင်ပါဝင်သော ဓာတုဒြပ်ပေါင်းသည် အယ်ဇိုင်းမားရောဂါကို ကုသရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရှားစောင်းလက်ပပ်ပင်မှရရှိသည့် Beta Sitosterol ခေါ် သဘာဝ ဓာတုဒြပ်ပေါင်း တစ်မျိုးသည် အယ်ဇိုင်းမားရောဂါကို ကုသရာတွင် အထောက်အကူပြုနိုင်ကြောင်း သိရသည်။

ကိုလက်စထရောအဆီဓာတ်နှင့် ဖွဲ့စည်းပုံချင်းတူညီသည့် Beta Sitosterol ဓာတုဒြပ်ပေါင်းသည် မှတ်ဉာဏ်ကျဆင်းမှု၊ တွေးတောဆင်ခြင်နိုင်စွမ်း ကျဆင်းမှုတို့နှင့် ဆက်စပ်နေသော အင်ဇိုင်းနှစ်မျိုးကို တားဆီးထိန်းချုပ်ပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အထက်ပါအင်ဇိုင်းနှစ်မျိုးသည် အာရုံနှာဗ်ဆဲလ်များတစ်ခုနှင့်တစ်ခု ဆက်သွယ်ရာတွင် အထောက်အကူပေးသည့် Acetylcholine ခေါ် ဇီဝဒြပ်ပေါင်းတစ်မျိုးကို ဖြိုခွဲနိုင်သည့် အင်ဇိုင်းများဖြစ်သည်။

အယ်ဇိုင်းမားရောဂါလူနာများ၌ Acetylcholine အဆင့်ကျဆင်းနေတတ်သည်ဖြစ်ရာ ရှားစောင်းလက်ပပ် ဓာတုဒြပ်ပေါင်းသည် အယ်ဇိုင်းမားရောဂါကို ကုသရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိသည်ဟု ဗြိတိန်သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# နိုင်ငံတကာ
# အားကစားသတင်းများ

## ပရီးမီးယားလိဂ် ပွဲစဉ်(၂၆) ပွဲကြိုသုံးသပ်ချက်

ML

**ဘရန့်ဖို့ဒ် Vs အာဆင်နယ်**

ကစားမည့်ရက်/အချိန် ၁၃-၂-၂၀၂၆ (နံနက် ၂:၃၀ နာရီ)

ပထမအကျော့ရလဒ်

အာဆင်နယ် ၂ - ၀ ဘရန့်ဖို့ဒ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | - | အိမ်(ရှုံး) | ဝေး(နိုင်) | ဝေး(နိုင်) |
| အာဆင်နယ် | - | ဝေး(နိုင်) | အိမ်(နိုင်) | အိမ်(နိုင်) |

ဘရန့်ဖို့ဒ်အသင်းဟာ နောက်ဆုံးနှစ်ပွဲဆက်အနိုင်ရထားပြီး တိုက်စစ်ပိုင်းထက်မြက်နေသလို ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်းနှစ်ပွဲသာရှုံးနိမ့်ထားတဲ့အသင်းပါ။ ဒါပေမဲ့ အာဆင်နယ်အသင်းကလဲ ချန်ပီယံဆုအတွက် ပွဲစဉ်တိုင်းကို အမှားမခံဘဲ အကောင်းဆုံးပုံစံနဲ့ ယှဉ်ပြိုင်ကစားနေပါတယ်။ဒါ့ကြောင့် အခုပွဲစဉ်မှာ အဝေးကွင်းဖြစ်ပေမဲ့ ကစားသမားပိုင်းအသာရနေတဲ့ အာဆင်နယ်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် - ဘရန့်ဖို့ဒ် ၁ - ၂ အာဆင်နယ်

## စပိန်ကိုပါဒယ်ရေးဖလား ဆီမီးဖိုင်နယ်ပွဲကြိုသုံးသပ်ချက်

ML

**အေတီကို Vs ဘာစီလိုနာ**

ကစားမည့်ရက်/အချိန် ၁၃-၂-၂၀၂၆ (နံနက် ၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘာစီလိုနာ ၃ - ၁ အေတီကို

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အေတီကို | - | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(ရှုံး) |
| ဘာစီလိုနာ | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(နိုင်) |

အေတီကိုအသင်းဟာ လက်ရှိဘောလုံးရာသီ စပိန်လာလီဂါအမှတ်ပေးပြိုင်ပွဲမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့အသင်းပါ။ စပိန်ကိုပါဒယ်ရေးဖလားလက်ရှိချန်ပီယံ ဘာစီလိုနာအသင်းကတော့ နောက်ဆုံးခြောက်ပွဲဆက်အနိုင်ရထားပြီး အသင်းလိုက်စွမ်းဆောင်ရည်နဲ့ တိုက်စစ်ပိုင်းထက်မြက်နေတဲ့အသင်းပါ။ ဒါ့ကြောင့် အခုပွဲစဉ်မှာ အေတီကိုအသင်း ရလဒ်ကောင်းနိုင်ပါဘူး။

ခန့်မှန်းရလဒ် - အေတီကို ၁ - ၂ ဘာစီလိုနာ

## အားကစားသတင်းအတိုအထွာများ

- မာဆေးလ်နည်းပြ ဒီဇာဘီသည် ပီအက်စ်ဂျီအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပြီးတွင် အသင်းနှင့် နှစ်ဦးသဘောတူလမ်းခွဲခဲ့ကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် ဥရောပစူပါလိဂ်ပြိုင်ပွဲကျင်းပမည့်စီမံကိန်းကိုစွန့်လွှတ်ခဲ့သည်ဟု အတည်ပြုကြေညာခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းနည်းပြ စလော့က မိမိတို့အသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီမှာ အခက်အခဲဆုံးရာသီအဖြစ် ရင်ဆိုင်နေရသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။
- မန်စီးတီးအသင်းက ရိုးမားအသင်း ခံစစ်ကစားသမား ဝက်စ်လေကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၄၃ သန်း ၅ သန်းဖြင့်ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းက ပီအက်စ်ဂျီအသင်းမှ ဗီတင်ဟာကို ယခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

ML

# ၂၀၂၆ ခုနှစ် ဆောင်းရာသီအိုလံပစ်အားကစားပွဲတော်၏ နှင်းတောင်စကိတ်လျှောစီးပြိုင်ပွဲတွင် ကလဲဘိုက ရွှေတံဆိပ်ဆု ဆွတ်ခူး

မီလန် ဖေဖော်ဝါရီ ၁၁

အီတလီနိုင်ငံ မီလန်မြို့တွင် ကျင်းပနေသည့် ၂၀၂၆ ခုနှစ် ဆောင်းရာသီအိုလံပစ် အားကစားပွဲတော်၏ အမျိုးသားနှင်းတောင်စကိတ်လျှောစီးပြိုင်ပွဲတွင် နော်ဝေနှင်းတောင်စကိတ်စီးကစားသမား ကလဲဘိုက ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အမေရိကန်နှင်းတောင်စကိတ်စီးကစားသမား အော့ဒန်က ငွေတံဆိပ်ဆု ဆွတ်ခူးခဲ့ပြီး ကလဲဘိုနှင့် အော့ဒန်တို့အကြား စံချိန်မှာ သုည ဒသမ ၈ စက္ကန့်သာ ကွာဟခဲ့ပြီး ကြေးတံဆိပ်ဆုကို နော်ဝေနှင်းတောင်စကိတ်စီးကစားသမား အိုစကာက ဆွတ်ခူးခဲ့ကာ ကလဲဘိုနှင့် စံချိန်မှာ ၆ ဒသမ ၈ စက္ကန့် ကွာဟခဲ့ကြောင်း သိရသည်။

ကလဲဘိုအနေဖြင့် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်တွင် နှစ်နှစ်ဆက်ရွှေတံဆိပ်ဆုကို ဆွတ်ခူးခဲ့ပြီး ကစားသမားဘဝသက်တမ်းတစ်လျှောက် ဆောင်းရာသီအိုလံပစ် အားကစားပွဲတော်တွင် ခုနစ်ကြိမ်မြောက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကလဲဘိုက "နော်ဝေနိုင်ငံအတွက် အခုလိုရွှေတံဆိပ်ဆု ဆွတ်ခူးပေးနိုင်ခဲ့လို့ ဂုဏ်ယူပါတယ်။ နှစ်နှစ်ဆက်တိုက် ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်ခဲ့ခြင်းဟာလဲ ကစားသမားဘဝရဲ့ဂုဏ်ယူစရာအကောင်းဆုံး မှတ်တမ်းဖြစ်ပါတယ်။ ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဆောင်းရာသီအိုလံပစ် အားကစားပွဲတော်မှာ ရွှေတံဆိပ်ဆု ခုနစ်ဆုထိရရှိထားတဲ့ မှတ်တမ်းကလဲ ကျွန်တော့်ဘဝအတွက်တော့ တစ်သက်လုံး ဂုဏ်ယူနေရမဲ့ အောင်မြင်မှုမျိုးပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN

Trs : AZL

# အာရှယူ-၁၇ ပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက်တွင် မြန်မာအမျိုးသားအသင်းနှင့်အမျိုးသမီးအသင်း မဲအိုးနံပါတ်(၄)တွင် ကျရောက်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

အာရှယူ-၁၇ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတို့အတွက် အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက်တွင် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က မဲအိုးနံပါတ်(၄)တွင် ကျရောက်နေကြောင်း သိရသည်။

အာရှယူ-၁၇ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့သည် ခြေစစ်ပွဲအဆင့်တွင်ရလဒ်ကောင်းများရရှိခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ထားကာ အမျိုးသားပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက်၌ မဲအိုးနံပါတ်(၁)တွင် ဆော်ဒီအာရေဗျအသင်း၊ တောင်ကိုရီးယားအသင်း၊ ဂျပန်အသင်း၊ ဥဇဘက်ကစ္စတန်အသင်း၊ မဲအိုးနံပါတ်(၂)တွင် တာ့ဂျစ်ကစ္စတန်အသင်း၊ ဩစတြေးလျအသင်း၊ ယီမင်အသင်း၊ အင်ဒိုနီးရှားအသင်း၊ မဲအိုးနံပါတ်(၃)တွင် ထိုင်းအသင်း၊ တရုတ်အသင်း၊ ဗီယက်နမ်အသင်း၊ အိန္ဒိယအသင်း၊ မဲအိုးနံပါတ်(၄)တွင် မြောက်ကိုရီးယားအသင်း၊ ယူအေအီးအသင်း၊ကာတာအသင်း၊ မြန်မာအသင်းတို့ ကျရောက်ခဲ့ကြသည်။

အလားတူ အမျိုးသမီးပြိုင်ပွဲ အုပ်စုမဲခွဲရန်မဲအိုးသတ်မှတ်ချက်၌ မဲအိုးနံပါတ်(၁)တွင် တရုတ်အသင်း၊ မြောက်ကိုရီးယားအသင်း၊ ဂျပန်အသင်း၊ မဲအိုးနံပါတ်(၂)တွင် တောင်ကိုရီးယားအသင်း၊ ထိုင်းအသင်း၊ ဩစတြေးလျအသင်း၊ မဲအိုးနံပါတ်(၃)တွင် တရုတ် (တိုင်ပေ)အသင်း၊ မြန်မာအသင်း၊ လက်ဘနွန်အသင်းတို့ ကျရောက်ခဲ့ကြသည်။

အာရှယူ-၁၇ အမျိုးသားပြိုင်ပွဲများကို ယခုနှစ် မေ ၇ ရက်မှ ၂၄ ရက်ထိ ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အမျိုးသမီးပြိုင်ပွဲများကို ယခုနှစ် ဧပြီ ၂၀ ရက်မှ မေ ၁၇ ရက်ထိ တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# ဘာစီလိုနာအသင်းဥက္ကဋ္ဌသစ် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် လက်ရှိအသင်းဥက္ကဋ္ဌရာထူးမှ လာပေါ်တာ နုတ်ထွက်

ဘာစီလိုနာ ဖေဖော်ဝါရီ ၁၁

ဘာစီလိုနာအသင်း ဥက္ကဋ္ဌ လာပေါ်တာက မကြာမီကျင်းပမည့် ဘာစီလိုနာအသင်းဥက္ကဋ္ဌသစ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် လက်ရှိအသင်းဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ခဲ့ကြောင်း Dello Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာအသင်း၏စည်းမျဉ်းစည်းကမ်းများအရ အသင်းဥက္ကဋ္ဌရာထူးအတွက် ငါးနှစ်လျှင် တစ်ကြိမ် ရွေးကောက်ပွဲကျင်းပကာ ဥက္ကဋ္ဌသစ် ရွေးချယ်ခြင်းဖြစ်ပြီး လက်ရှိအသင်းဥက္ကဋ္ဌအနေဖြင့် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုပါက လက်ရှိဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ပြီးမှသာ ဝင်ရောက်ယှဉ်ပြိုင်ရခြင်းဖြစ်သည်။




လက်ရှိတွင် ဘာစီလိုနာအသင်း ဥက္ကဋ္ဌသစ် ရွေးကောက်ပွဲတွင် လာပေါ်တာနှင့်အတူ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများအဖြစ် ပြီးခဲ့သည့်ရွေးကောက်ပွဲတွင် လာပေါ်တာကို မအနိုင်ယံဖြင့် ရှုံးနိမ့်ခဲ့သည့် ဗစ်တာဖွန့် ပါဝင်လာခဲ့ပြီး အခြားသူများအဖြစ် မက်စီရီယာ၊ အန်နာ၊ ကမ်ပရူဘီတို့လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

လာပေါ်တာသည် ဘာစီလိုနာအသင်းဥက္ကဋ္ဌအဖြစ် နှစ်ကြိမ်တာဝန်ထမ်းဆောင်ဖူးသူဖြစ်ပြီး ပထမအကြိမ်အဖြစ် ၂၀၀၃ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ထိ တာဝန်ထမ်းဆောင်ခဲ့ကာ ဒုတိယအကြိမ်အဖြစ် ၂၀၂၁ ခုနှစ်မှ လက်ရှိအချိန်ထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

ဘာစီလိုနာအသင်း၏ ဥက္ကဋ္ဌသစ်ရွေးကောက်ပွဲကို ယခုနှစ် မတ် ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Dello Sports

Trs : STA

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျာမနီ KNDS နှင့် TYTAN ကုမ္ပဏီတို့က စစ်ဘက်သုံးမြေပြင်သွားယာဉ်များအတွက် ဒရုန်းရန်ကာကွယ်ရေးစနစ်များထုတ်လုပ်ရန် သဘောတူခဲ့



ဂျာမနီနိုင်ငံ KNDS ကုမ္ပဏီနှင့် ဒရုန်းရန်ကာကွယ်ရေးဆိုင်ရာ ကျွမ်းကျင်သည့် TYTAN ကုမ္ပဏီတို့သည် စစ်ဘက်သုံး မြေပြင်သွားယာဉ်များအတွက် ဒရုန်းရန်ကာကွယ်ရေးစနစ်များ ပူးပေါင်းထုတ်လုပ်ရန် သဘောတူခဲ့ကြကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါကုမ္ပဏီနှစ်ခုသည် ဂျာမနီစစ်ဘက်နှင့်အတူ ယခင်က စမ်းသပ်ဆောင်ရွက်ခဲ့သည့် နည်းပညာရပ်များကို အခြေခံ၍ စစ်ဘက်သုံးစနစ်များတွင် ဒရုန်းရန်ကာကွယ်ရေး နည်းပညာများ ပိုမိုနက်နက်နဲနဲ ပူးပေါင်းဆောင်ရွက်သွားရန် နားလည်မှုစာချွန်လွှာရေးထိုးခဲ့ကြခြင်းဖြစ်သည်။ ထိုပူးပေါင်းဆောင်ရွက်မှု၏ ဗဟိုချက်မှာ TYTAN ကုမ္ပဏီ၏ Interceptor-S အမည်ရှိ ဒရုန်းကြားဖြတ်တိုက်ခိုက်ရေးစနစ်ဖြစ်ပြီး ၎င်းကို BOXER RCT30 သံချပ်ကာယာဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပေါင်းစပ်တပ်ဆင်ထားသည်။

ထိုနည်းပညာကို ဂျာမနီစစ်ဘက်၏ Munsterနှင့် Bergen လေ့ကျင့်ရေးကွင်းများတွင် လက်တွေ့စမ်းသပ်ပြသခဲ့ပြီးဖြစ်သည်။ ယခုတိုးမြှင့်လိုက်သောပူးပေါင်း ဆောင်ရွက်မှုအောက်တွင် သံချပ်ကာယာဉ်များနှင့် စစ်သည်များကို ဒရုန်းခြိမ်းခြောက်မှု အန္တရာယ်မှ ကာကွယ်ပေးနိုင်မည့် စွမ်းဆောင်ရည်များကို အကောင်အထည်ဖော်သွားမည်ဖြစ်သည်။ ၎င်းစနစ်သည် ဒရုန်းကို ဒရုန်းဖြင့် ပြန်လည်ကြားဖြတ်တိုက်ခိုက်သည့်နည်းလမ်းကို အသုံးပြုထားခြင်းဖြစ်ပြီး၊ စစ်မြေပြင်တွင် ဈေးသက်သာပြီး လျင်မြန်စွာပြောင်းလဲနေသော ဒရုန်းအန္တရာယ်များကို ရင်ဆိုင်ရာ၌ ဤနည်းလမ်းကို ဂျာမနီစစ်ဘက်များက ပိုမိုနှစ်သက်သဘောကျလာခဲ့ကြသည်။

ဤသဘောတူညီချက်သည် ဂျာမနီစစ်ဘက်က အသေးစားဒရုန်းများ၏ ခြိမ်းခြောက်မှုကို တုံ့ပြန်ရန်ကြိုးပမ်းနေသည့် ပူးပေါင်းဆောင်ရွက်မှုများထဲမှ တစ်ခုဖြစ်သည်။ အာရုံခံကိရိယာကျွမ်းကျင်သည့် Hensoldt ကုမ္ပဏီက ၂၀၂၂ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း အနိမ့်ပျံဒရုန်းငယ်များကို ထောက်လှမ်းနိုင်သည့်ရေဒါစနစ်များကို ဂျာမန်စစ်ဘက်သို့ပေးအပ်ခဲ့ပြီး၊ TYTAN ကုမ္ပဏီနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီခဲ့ကြသေးသည်။ ဂျာမနီအခြေစိုက် ဒရုန်းထောက်လှမ်းရေး Dedrone ကုမ္ပဏီကမူ ၂၀၂၄ ခုနှစ်တွင် အမေရိကန် Axon ကုမ္ပဏီက ဝယ်ယူခြင်းမခံရမီနှင့်ခံရပြီးနောက်ပိုင်းတွင် ၎င်းတို့၏ ဒရုန်းထောက်လှမ်းရေးစနစ်များကို စစ်ဘက်ဆိုင်ရာတွင် အသုံးပြုနိုင်ရန် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ယခု KNDS နှင့် TYTAN တို့၏ သဘောတူညီချက်သည် နည်းပညာပူးပေါင်းမှုသာမက အနာဂတ်တွင် ဥရောပစံနှုန်းမီ မိုဘိုင်းဒရုန်းပစ်လွှတ်မှုစနစ်များ ပေါ်ထွက်လာစေရန် အတွက်ပါ ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**KNDS, TYTAN Expand Mobile Counter-Drone Systems for Germany** ကို ဘာသာပြန်ဆိုထားပါသည်။

## ရုရှားနိုင်ငံက FPV တိုက်ခိုက်ရေးဒရုန်းများတွင် တပ်ဆင်အသုံးပြုရန် Kaplya EFP ခဲယမ်းသစ်ကိုထုတ်ဖော်ပြသခဲ့

ရုရှားနိုင်ငံသည် FPV တိုက်ခိုက်ရေးဒရုန်းများတွင် တပ်ဆင်အသုံးပြုရန် "Kaplya" အမည်ရှိ ခဲယမ်းသစ်ကို ထုတ်ဖော်ပြသခဲ့သည်ဟု Defence Blog သတင်းဌာနက ဖေဖော်ဝါရီ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းခဲယမ်းသည် သံကွက်ကျပ်များ တပ်ဆင်ထားသည့် သံချပ်ကာယာဉ်များကို အဓိကတိုက်ခိုက်ဖျက်ဆီးရန် ရည်ရွယ် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ရုရှားနိုင်ငံပိုင် Channel One မှ စစ်ဘက်သတင်းထောက် Dmitry Kulko၏ တင်ပြချက်အရ Kaplya ခဲယမ်းသည် ဒရုန်းအော်ပရေတာများထံသို့ စနစ်တကျ ထောက်ပံ့ပေးနေသည့် စက်ရုံထုတ် စစ်လက်နက်တစ်ခုဖြစ်ကြောင်း သိရှိရသည်။ ၎င်းခဲယမ်းကို ဖောက်ခွဲလိုက်သည့်အခါ သိပ်သည်းဆမြင့်မားသော သတ္တုကျည်ဆန်သဖွယ် ပြောင်းလဲသွားပြီး၊ သံကွက်ကျပ်ကာကွယ်ရေး အတားအဆီးများကို ကျော်ဖြတ်ကာ သံချပ်ကာယာဉ်၏ ကိုယ်ထည်ကို တိုက်ရိုက်ထိမှန်စေနိုင်ခြင်းဖြစ်သည်။

ဤလက်နက်သည် လက်ရှိစစ်မြေပြင်တွင် သံချပ်ကာယာဉ်များ၌ ဒရုန်းရန်ကာကွယ်ရေးအမိုးများ ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာမှုအပေါ် ရုရှားဘက်ကနည်းပညာဖြင့် တုံ့ပြန်လိုက်ခြင်းလည်းဖြစ်သည်။

ရုရှားစစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်များ၏ အဆိုအရ Kaplya ခဲယမ်းသည် သံချပ်ကာဖျက်ဆီးရေး တာဝန်သာမက၊ ပေါက်ကွဲသည့်အခါ ထွက်ပေါ်လာသော အပိုင်းအစများဖြင့် အနီးနားရှိရန်သူ့ခြေလျင်တပ်ဖွဲ့ဝင်များကိုပါ ထိခိုက်သေကျေစေနိုင်ကြောင်း သိရသည်။ ဤခဲယမ်းကိုတိကျသော အနီးကပ်တိုက်ခိုက်မှုများ ပြုလုပ်နိုင်သည့် FPV ဒရုန်းများတွင် တပ်ဆင်အသုံးပြုနေခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံကာကွယ်ရေးကျွမ်းကျင်သူ Andriy Tarasenkoကလည်း အချင်း ၁၅၀ မီလီမီတာခန့်ရှိသော ဤ EFP ထိပ်ဖူးများသည် ၁၀၀ မီလီမီတာထက်မကသော သံချပ်ကာအထူကို ဖောက်ထွင်းနိုင်စွမ်းရှိပြီး သံချပ်ကာအတွင်းပိုင်းထိပြင်းထန်သော အဖျက်စွမ်းအားကိုပိုင်ဆိုင်ထားကြောင်း သုံးသပ်ထားသည်။ ထို့ပြင် EFP အမျိုးအစားထိပ်ဖူးများသည် သံချပ်ကာယာဉ်များတွင် တပ်ဆင်ထားလေ့ရှိသည့် ပေါက်ကွဲအားသုံး တုံ့ပြန်သံချပ်ကာများကို ကြိုတင်ပေါက်ကွဲစေခြင်း မရှိဘဲ ကျော်ဖြတ်ဖောက်ထွင်းနိုင်သည့် အားသာချက်ရှိကြောင်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့သည်။

သတင်းမှတ်တမ်းများအရ ရုရှားတပ်ဖွဲ့ဝင်များထံသို့ Kaplya ခဲယမ်းများအပြင် အခြားသောစံနှုန်းမီ ဒရုန်းခဲယမ်းများကိုလည်း ပံ့ပိုးပေးနေကြောင်း၊ ၎င်းတို့ထဲတွင် အလေးချိန် ၁.၇ ကီလိုဂရမ်ရှိပြီး FPV ဒရုန်းများ သို့မဟုတ် ကွာဒြေါကော်ပတာများမှ ကြဲချနိုင်သည့်အပိုင်းအစများ ပြန့်ကျဲပေါက်ကွဲစေတတ်သော ထိပ်ဖူးများ၊ အလေးချိန် လေးကီလိုဂရမ်ခန့်ရှိသော လေဟာနယ်ဖုံးထိပ်ဖူးများ ပါဝင်ကြောင်း သိရှိရသည်။



ယခုထုတ်ဖော်ပြသသည့် ခဲယမ်းများသည် ပင်မစစ်လက်နက်ပစ္စည်းသိုလှောင်ရေးဌာနတစ်ခုတည်းမှ စနစ်တကျပံ့ပိုးသည့်အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး၊ ၎င်းသည် FPV ဒရုန်းလက်နက်ခဲယမ်းများကို တပ်ဖွဲ့အသီးသီးတွင် တစ်ပြေးညီ စံနှုန်းသတ်မှတ်ချက်များအတိုင်း အသုံးပြုနိုင်ရန် ပြောင်းလဲလာခြင်းကို ဖော်ညွှန်းပြသနေသည်။ အဆိုပါခဲယမ်းများကို တိုက်ပွဲဝင်အသင့်အသုံးပြုနိုင်သည့်ဒရုန်းများ တပ်ဆင်လာမှုများနှင့်အတူ ပြသခဲ့ခြင်းက ဒရုန်းထုတ်လုပ်မှုသည် အခြေစိုက်စခန်းငယ်များတွင် ကိုယ်တိုင်ပြုလုပ်သည့်အဆင့်မှသည် ပုံမှန်စစ်ဘက်ဆိုင်ရာ ထောက်ပို့စနစ်အတွင်းသို့ ပေါင်းစပ်ဝင်ရောက်လာပြီဖြစ်ကြောင်း မီးမောင်းထိုးပြနေပါသည်။

လက်ရှိတွင် FPV ဒရုန်းများသည် ရုရှားနှင့် ယူကရိန်းတပ်ဖွဲ့နှစ်ဖက်စလုံးအတွက် တိုက်ပွဲဝင်စစ်ဆင်ရေးများ၏ ပင်မကျောရိုး အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့သည်။ စစ်မြေပြင်တွင် သံကွက်ကျပ် (Cage Armor)များဖြင့် ကာကွယ်ခြင်းနှင့် ယာဉ်များ၏ အမိုးပေါ်တွင် ဒရုန်းရန်ကာကွယ်သည့် အတားအဆီးများ တပ်ဆင်ခြင်းကဲ့သို့သော တုံ့ပြန်မှုများကြောင့် ဒရုန်းနည်းပညာသည်လည်း လျင်မြန်စွာ ပြောင်းလဲခဲ့ကြောင်း သိရသည်။

**Russia confirms Kaplya EFP war-head for FPV drone use** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

**၇၇ နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး**

# စည်းလုံးချစ်ကြည် ကမ္ဘာတည် ပြည်ထောင်စုမြန်မာပြည်

စည်းလုံးညီညွတ်ခြင်းသည် အင်အားတစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော်နေထိုင်သည့်နိုင်ငံအတွက် စည်းလုံးညီညွတ်မှုရှိနေမှသာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာသည် တည်တံ့ခိုင်မြဲနေမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် စည်းလုံးညီညွတ်ခြင်းသည် အခြေခံဖြစ်သည်။ စည်းလုံးညီညွတ်မှုရှိမှသာ အရာရာကိုအောင်မြင်စွာကျော်ဖြတ်နိုင်မည်ဖြစ်သည်။ နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ ပိုမိုအားကောင်းရှင်သန်စေရေးအတွက်လည်း စည်းလုံးညီညွတ်ခြင်းရှိနေကြရပေမည်။

မြန်မာနိုင်ငံ၏ စည်းလုံးညီညွတ်ခြင်းအင်အားကို ပြနိုင်သောနေ့အဖြစ် ဖေဖော်ဝါရီ ၁၂ ရက်သည် ပြည်ထောင်စုနေ့အဖြစ် မော်ကွန်းတင်ခဲ့သည်။ တိုင်းရင်းသားလူမျိုးများ စည်းလုံးညီညွတ်မှုဖြင့် မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရယူကြမည်ဟူသောကတိဖြင့် ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့သည်။ ပင်လုံစာချုပ်သည် လွတ်လပ်ရေးလမ်းကြောင်း၏ လမ်းပြမြေပုံဖြစ်ခဲ့သည်။ မြန်မာ့သမိုင်းတွင်ဖြစ်ပေါ်လာသည့် နေ့ထူးနေ့မြတ်များသည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်လျက်ရှိသည်။ အမျိုးသားနေ့ဖြစ်ပေါ်လာခြင်းမှအစပြုကာ အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားလာခဲ့သည်။ ထိုမှတစ်ဆင့် တပ်မတော်ကို ဖွဲ့စည်းနိုင်ခဲ့သည်။ တပ်မတော်သည် နိုင်ငံနှင့်ပြည်သူအပေါ် ဆိုးဆိုးရွားရွားဆက်ဆံသည့်ဖက်ဆစ်ကို တော်လှန်နိုင်ခဲ့ သည်။ ထို့နေ့ကို တပ်မတော်နေ့ဟု ခေါ်တွင်ခဲ့သည်။

တပ်မတော်နေ့သည် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာရန် အခြေခံအုတ်မြစ်ဖြစ်ခဲ့သည်။ ပြည်ထောင်စုနေ့သည် လွတ်လပ်ရေးနေ့ကို အထောက်အကူပြုနိုင်ခဲ့သည်။ ဤသည်မှာ မြန်မာ့သမိုင်းဆက်စပ်မှုများဖြစ်သည်။ ပြည်ထောင်စုနေ့ဟုဖြစ်ပေါ်လာရခြင်း၏ အစစ်အမှန်အကြောင်းရင်းသည် နယ်ချဲ့စနစ်ဆိုး၏ သွေးခွဲအုပ်ချုပ်မှုကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံသည် အင်္ဂလိပ်တို့နှင့် စစ်ပွဲသုံးကြိမ်ဖြစ်ပွားခဲ့ပြီး နိုင်ငံ့လွတ်လပ်ရေးဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။ နောက်ဆုံးအကြိမ်ဖြစ်ပွားခဲ့သော စစ်ပွဲတွင် မြန်မာဘုရင် သီပေါမင်းနှင့်မိဖုရားကို အင်္ဂလိပ်တို့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြင့် မြန်မာဘုရင်၏ ဩဇာအာဏာ သက်ရောက်ခဲ့သည့် အထက်မြန်မာနိုင်ငံနှင့်တကွ အခြားသောနယ်ပယ်အားလုံး လက်လွှတ်ဆုံးရှုံးသွားခဲ့ရသည်။ ဆိုလိုချင်သည်မှာ ချင်း၊ ကချင်၊ ရှမ်းစသည့် နယ်ပယ်များမှာ မြန်မာဘုရင်၏ ပိုင်နက်နယ်မြေများဖြစ်သည့်အတွက် အင်္ဂလိပ်တို့က လွတ်လပ်ရေးပေးလျှင် မြန်မာတစ်နိုင်ငံလုံးကို ပြန်လည်ပေးအပ်ရမည်သာဖြစ်သည်။

တတိယမြန်မာနိုင်ငံတော်ဟု ဆိုအပ်သော ကုန်းဘောင်ခေတ်သည် မြန်မာတစ်နိုင်ငံလုံးကို အာဏာသက်ရောက်စေသည့် နိုင်ငံတော်ဖြစ်သည်။ အခြေအနေကြောင့် ဆုံးရှုံးသွားခဲ့သောလွတ်လပ်ရေးကို ပြန်လည်လွှဲပြောင်းပေးရမည့်အခါတွင်လည်း တစ်နိုင်ငံလုံးကိုသာ ပြန်လည်လွှဲအပ်ပေးရမည်ဖြစ်သော်လည်း နယ်ချဲ့အင်္ဂလိပ်တို့သည် ခွဲခွဲခြားခြားဖြင့် တောင်တန်းဒေသများကို လွတ်လပ်ရေးမပေးလိုဘဲ ဆက်လက်အုပ်ချုပ်လိုသည်။ ၎င်းတို့အုပ်ချုပ်စဉ်ကလည်း တောင်ပေါ်နှင့်မြေပြန့်ကို ခွဲခြားအုပ်ချုပ်ပြီး နယ်မြေသွားလာမှုများကို ချုပ်ချယ်ထားခဲ့သည်။ သွေးခွဲအုပ်ချုပ်မှုဖြင့် အုပ်ချုပ်ခဲ့သည့်အတွက် လွတ်လပ်ရေးပေးရတော့မည့်အခါတွင် တောင်တန်းဒေသများကို ချန်လှပ်ထားလိုသည်။

> **❖ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံသည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ် မားမားမတ်မတ်ပေါ်ထွန်းလာခဲ့သည်မှာ ပင်လုံစာချုပ်ကြောင့်ပင် ဖြစ်သည်။ ပင်လုံစာချုပ်ဟုဆိုလိုက်သည်နှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၏အမှတ်အသားဟု သိမြင်ထားကြသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးခိုင်မာမှုသည် လွတ်လပ်ရေးကို ရရှိခဲ့သည်။ ရရှိထားသောလွတ်လပ်ရေးကြီး ထာဝရတည်တံ့ခိုင်မြဲနေရန်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အစဉ်အမြဲတည်ဆောက်ကြ ရမည်ဖြစ်သည်။ ❖**

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တိုင်းရင်းသားခေါင်းဆောင်များ အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်းခဲ့ရသည်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် နယ်မြေအနှံ့သွားလာကာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ဆောင်ရွက်ခဲ့ရသည်။ နောက်ဆုံးတွင် တောင်ပေါ်-မြေပြန့်မခွဲခြားဘဲ အားလုံးသည် တစ်ပြေးညီ လွတ်လပ်ရေးရယူကြရန် သဘောတူခဲ့ကြသည်။ ထို့ကြောင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ ပင်လုံစာချုပ်ကို သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ပင်လုံစာချုပ်မှာ သမိုင်းတွင် ထင်ရှားသောစာချုပ်ဖြစ်ပြီး စာချုပ်ချုပ်ဆိုသည့်နေ့ကို "ပြည်ထောင်စုနေ့"အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ် ပြည်ထောင်စုနေ့အခမ်းအနားများကို ကြီးကျယ်စည်ကားထည်ဝါစွာကျင်းပခဲ့ကြသည်။ တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့ နိုင်ငံတော်အလံလှည့်လည်ခဲ့ပြီး ပြည်ထောင်စုနေ့တွင် နိုင်ငံတော်အလံရပ်နားရာနေရာသို့ ပြန်လည်ရောက်ရှိခဲ့သည်။

နိုင်ငံတော်အလံဆိုသည်မှာ နိုင်ငံတော်နှင့် ပြည်သူများအတွက် သာမန်အထိမ်းအမှတ်တစ်ခုမျှသာမဟုတ်ဘဲ နိုင်ငံ၏အထွတ်အထိပ်၊ နိုင်ငံ၏ ကျက်သရေဖြစ်သည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်မြဲခြင်းကို ပြသခြင်းလည်းဖြစ်သည်။ နိုင်ငံတော်အလံ လှည့်လည်ရောက်ရှိ ညအိပ်ရပ်နားသည့်ဒေသများတွင် ပြည်သူလူထုက ဝမ်းသာအားရကြိုဆိုကြသည်။ ယနေ့အချိန်အခါတွင် နိုင်ငံတော်အလံကို တိုင်းဒေသကြီးနှင့်ပြည်နယ်အနှံ့လှည့်လည်ခြင်းမပြုလုပ်သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ စီးပွားရေးဖွံ့ဖြိုးမှုပြယုဂ်ဖြစ်သည့် ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်၌ ကျင်းပသည်။

ယခုနှစ်သည် ၇၇ နှစ်မြောက်ပြည်ထောင်စုနေ့သို့ ရောက်ရှိလာသည့်နှစ်ဖြစ်သည်။ ၇၅ နှစ် ပြည့်မြောက်ခဲ့သည့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကို အထူးပင် ကြီးကျယ်ခမ်းနားစွာကျင်းပခဲ့သည်ကို ပြန်လည်သတိရမိသည်။ ယခုနှစ် ပြည်ထောင်စုနေ့ကိုလည်း "ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်"ကို နေပြည်တော် ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၃ ရက်ထိ ကျင်းပနေပြီဖြစ်သည်။ ပြခန်းပေါင်း ၁၂၀ ကျော် ပါဝင်ပြသလျက်ရှိပြီး ပြည်သူများအနေဖြင့် မိမိတို့အလိုရှိသည့် အသုံးအဆောင်၊ စားသောက်ကုန်ပစ္စည်းများကို စိတ်တိုင်းကျဝယ်ယူနိုင်ကြသည်။ ထို့ပြင် ပြပွဲကျင်းပသည့်ရက်များအတွင်း နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်း ကြည့်ရှုအားပေးနိုင်ကြသည်။ ပြည်ထောင်စုနေ့ဖြစ်ပေါ်လာသည့်အတွက် ပြည်ထောင်စုနေ့ကို နှစ်စဉ်တိုင်း စည်ကားသိုက်မြိုက်စွာကျင်းပခြင်းဖြစ်သည်။

ပြည်ထောင်စုနေ့ ဖြစ်ပေါ်လာရခြင်းကိုလည်း သိရှိကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံလွတ်လပ်ရေးဆုံးရှုံးခဲ့သည်။ လွတ်လပ်ရေးရရှိရန် တပ်မတော်ဖွဲ့ကာ နယ်ချဲ့ကိုဆန့်ကျင်ခဲ့သည်။ ထို့အတူ ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သည်။ တပ်မတော်နှင့် ပြည်သူ တစ်သားတည်းရှိနေခြင်းကြောင့် အောင်မြင်မှုပန်းတိုင်ရောက်ရှိခဲ့သည်။ အင်္ဂလိပ်နယ်ချဲ့တို့ မြန်မာနိုင်ငံကို ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်လာချိန်တွင် မြန်မာနိုင်ငံ၌ ခိုင်မာသောတပ်မတော်တစ်ရပ်ရှိနေပြီး ပြည်သူတစ်ရပ်လုံးကလည်း တပ်မတော်နှင့်အတူရှိနေသည်။ နောက်ဆုံးတွင် နယ်ချဲ့တို့က မြန်မာနိုင်ငံကို မဖြစ်မနေလွတ်လပ်ရေးပေးရတော့မည်။ လွတ်လပ်ရေးပေးပါက ခွဲခွဲခြားခြားဖြင့် ပေးချင်သည်။

လွတ်လပ်ရေးကိစ္စရပ်များကို ဗိုလ်ချုပ်အောင်ဆန်းနှင့် အက်တလီတို့ ဆွေးနွေးကြသည်။ သဘောတူစာချုပ်လက်မှတ်ရေးထိုးကြသည်။ ထိုစာချုပ်ကို အောင်ဆန်း-အက်တလီစာချုပ်ဟု သမိုင်းတွင်ခဲ့သည်။ ထိုစာချုပ်အရ တိုင်းရင်းသားတို့သည် မြေပြန့်ဒေသများနှင့်အတူ လွတ်လပ်ရေးရယူလိုခြင်း ရှိ၊ မရှိ ဆွေးနွေးပွဲကျင်းပရသည်။ နယ်ချဲ့တို့က နှောင့်ယှက်မှုမျိုးစုံဖြင့် တောင်တန်းဒေသရှိ ခေါင်းဆောင်များကို သွေးထိုးလှုံ့ဆော်ထားသည်။ စိတ်ဝမ်းကွဲပြားစေအောင်ပြုလုပ်သော်လည်း နောက်ဆုံးတွင် သွေးက စကားပြောသည်ဟုဆိုရပေမည်။ သွေးစည်းညီညွတ်စွာဖြင့် ပင်လုံစာချုပ်ကြီးဖြစ်ပေါ်လာခဲ့သည်။ အဆိုပါစာချုပ်မှာ လွယ်လွယ်ကူကူချုပ်ဆိုနိုင်ခဲ့သော စာချုပ်မဟုတ်ပေ။ အခက်အခဲပေါင်းများစွာကို ဖြတ်သန်းပြီးမှသာ ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံသည် လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် မားမားမတ်မတ်ပေါ်ထွန်းလာခဲ့သည်မှာ ပင်လုံစာချုပ်ကြောင့်ပင်ဖြစ်သည်။ ပင်လုံစာချုပ်ဟုဆိုလိုက်သည်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၏အမှတ်အသားဟု သိမြင်ထားကြသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးခိုင်မာမှုသည် လွတ်လပ်ရေးကို ရရှိခဲ့သည်။ ရရှိထားသောလွတ်လပ်ရေးကြီး ထာဝရတည်တံ့ခိုင်မြဲနေရန်မှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အစဉ်အမြဲတည်ဆောက်ကြရမည်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပြိုကွဲပါက ပြည်ထောင်စုပြိုကွဲမည်။ ပြည်ထောင်စုပြိုကွဲပါက အချုပ်အခြာဆုံးရှုံးမည်ဖြစ်ပေသည်။

ထို့ကြောင့် ယနေ့ကာလတွင် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး" ဟူသော ဒို့တာဝန်အရေးသုံးပါးကို ချမှတ်ကျင့်သုံးနေခြင်းဖြစ်သည်။ အဆိုပါ ဒို့တာဝန်အရေးသုံးပါးမှာ တိုင်းရင်းသားအားလုံး၊ နိုင်ငံသားအားလုံး၏ အမျိုးသားနိုင်ငံရေးဖြစ်သလို အမျိုးသားအကျိုးစီးပွားလည်းဖြစ်သည်။ မျိုးဆက်သစ်အဆက်ဆက်တို့ လိုက်နာကျင့်ကြံဆောင်ရွက်ရမည့် အမှန်တရားတစ်ခုလည်းဖြစ်သည်။

တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်ကြသည့် မြန်မာနိုင်ငံသည် တိုင်းပြည်သာယာဝပြောပြီး စားရေရိက္ခာဖူလုံနေစေရမည်။ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စေရမည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသောတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရမည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရမည်။ ထို့အတူ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော် ဖြစ်ပေါ်လာစေရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရမည်။ အဆိုပါဦးတည်ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လက်တွဲပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ စည်းလုံးချစ်ကြည်ကမ္ဘာတည်ပြည်ထောင်စုမြန်မာပြည်အဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါခံ့ညားစွာ ရပ်တည်နေနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။

**အာကာမောင်မောင်**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ကင်း ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ဖေဖော်ဝါရီ ၂၂ ရက်တွင် ထုတ်လွှင့်မည်ဖြစ်



ရန်ကုန် ဖေဖော်ဝါရီ ၁၁

CANAL+ ရုပ်သံလိုင်းမှ ကင်း ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN Channel မှ ဖေဖော်ဝါရီ ၂၂ ရက်တွင် ထုတ်လွှင့်မည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ကျော်ထက်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို စာရေးဆရာ ဗျူးက ရေးသားထားကာ ဇာတ်ညွှန်းကို ဖိုးကျော်(သန်လျင်)က ရေးသားထားပြီး ဒါရိုက်တာ စိုးမိုးမင်းက အောင်ဟိတ် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"မိသားစု ဒရာမာဇာတ်ကား လေးပါ။ ညီအစ်ကို မောင်နမ သံယောဇဉ်တွေနဲ့ မိဘမေတ္တာကို အပြည့်အဝခံစားနိုင်မဲ့ ဇာတ်လမ်းလေးပါ။ လောကမှာ တန်ဖိုးမရှိတဲ့ အရာနဲ့ တန်ဖိုးရှိတဲ့မိသားစုကိုမလဲပါနဲ့ဆိုတဲ့ Message ကို ဒီဇာတ်ကားကပေးမှာပါ။ ညီအစ်ကို မောင်နမ တစ်ယောက်ရှေ့ရောက်ဖို့ တစ်ယောက်နောက်ဆုတ်ရတာလဲ မိသားစုစိတ်ဓာတ်ပါပဲ။ ဒီစိတ်ဓာတ်လေးကို ဒီဇာတ်ကားမှာမြင်ရမှာပါ။ သွေးသားမတော်စပ်ပေမဲ့ ၅၂၈ ချစ်ခြင်းမေတ္တာကြောင့်ဖြစ်ပေါ်လာတဲ့ ညီအစ်ကိုမောင်နမ သံယောဇဉ်နဲ့ မိသားစုမေတ္တာကို ပုံဖော်ထားတဲ့ ကင်းရုပ်ရှင်ဇာတ်ကားကို စောင့်မျှော်ကြည့်ရှုလိုက်ပါ။ ဒီဇာတ်ကားကို CANAL+ ZAT LENN Channel ကနေ တစ်ပိုင်းတည်းအပြီး ထုတ်လွှင့်ပေးသွားမှာပါ"ဟု သရုပ်ဆောင် ကျော်ထက်ဇော်က ပြောပြသည်။

ကင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် ကျော်ထက်ဇော်၊ တေဇလင်းရောင်၊ ဘုန်းမင်းနေလ၊ ရဲလှိုင်၊ ဝင်းခန့်မိုး၊ ဝင်းမြိုင်၊ ဇွဲပြည့်၊ ဇော်ဝင်းနိုင်၊ ဇော်ဝင်းမောင်၊ ငှက်ပျောကြော်၊ ကောင်းစံ၊ ကောင်းကျော်၊ မေမြင့်မိုရ်၊ ချိုပြုံး၊ ကြယ်စင်ဖြူနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Attachment Parenting ဇာတ်ကား၌ အက်ဒီမာဖီ၊ အီဗာလွန်ဂိုရီးယားတို့ ပါဝင်မည်

နယူးယောက် ဖေဖော်ဝါရီ ၁၁

Amazon MGM စတူဒီယို၏ Attachment Parenting အမည်ရှိ ဟာသဇာတ်ကား၌ မင်းသား အက်ဒီမာဖီနှင့် မင်းသမီး အီဗာလွန်ဂိုရီးယားတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

Attachment Parentingဇာတ်ကားသည် စာရေးဆရာမ ဂျူလီယာနာဘက်ဂေါ့၏ ခေါင်းစဉ်အမည်တူဝတ္ထုတိုကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အက်ဒီမာဖီနှင့် အီဗာလွန်ဂိုရီးယားတို့သည် Attachment Parenting ဇာတ်ကားထုတ်လုပ်သူတစ်ဦးအဖြစ်လည်း တာဝန်ယူမည်ဖြစ်ပြီး အဆိုပါဇာတ်ကားသည် ရာဇဝတ်ဂိုဏ်းကြီးတစ်ခုနှင့် စိတ်ပညာရှင် ဇနီးမောင်နှံနှစ်ဦးတို့ကြား ပဋိပက္ခကို ပုံဖော်ရိုက်ကူးမည့်ဟာသဇာတ်ကားဖြစ်သည်။

လက်ရှိတွင် Attachment Parenting ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့်ဒါရိုက်တာကို Amazon MGM စတူဒီယိုက ရွေးချယ်နေဆဲဖြစ်ပြီး မင်းသား အက်ဒီမာဖီနှင့် မင်းသမီး အီဗာလွန်ဂိုရီးယားတို့သည် Amazon ၏ Pickup အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင်လည်း အတူ သရုပ်ဆောင်ခဲ့ဖူးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO





# တေးသံရှင် ရွှေထူးနှင့် Lဆိုင်းဇီတို့၏ The Square New Year Symphony တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre ၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

တေးသံရှင် ရွှေထူးနှင့် Lဆိုင်းဇီတို့၏ The Square New Year Symphony တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre ၌ ဖေဖော်ဝါရီ ၁၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း တေးသံရှင် Lဆိုင်းဇီက ပြောပြ၍ သိရသည်။

The Square New Year Symphony တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ရွှေထူးနှင့် Lဆိုင်းဇီတို့နှင့်အတူ တေးသံရှင် THE SAI နှင့် Chinese Cover Song များကို သီဆိုလေ့ရှိသည့် လူငယ်တေးသံရှင် လေးဦးပါဝင်သည့် WE SING CHINESE အဖွဲ့ကလည်း အကောင်းဆုံးပံ့ပိုးပါဝင်သီဆိုပေးကြမည် ဖြစ်ကြောင်း သိရသည်။

"လာမဲ့ တရုတ်နှစ်သစ်ကူးနေ့မှာ မန္တလေးက The Square Theatre မှာ ရွှေထူးနဲ့အတူ ရှိနေမှာပါ။




တရုတ်နှစ်သစ်ကူးညမှာ တရုတ်-မြန်မာ တေးသီချင်းတွေကို ပံ့ပိုးကူညီပေးသီဆိုမဲ့ WE SING CHINESE အဖွဲ့နဲ့ အဆိုတော် THE SAI တို့ကလဲ ပါဝင်သီဆိုပေးမဲ့အပြင် တရုတ်နဂါးအကအလှတွေလဲ ကြည့်ရှုကြရမှာမို့ ဖေဖော်ဝါရီ ၁၇ ရက် ညကို လာရောက်ခဲ့ကြဖို့ မမေ့နဲ့နော်" ဟု တေးသံရှင် Lဆိုင်းဇီက ပြောပြသည်။

တေးသံရှင် ရွှေထူးနှင့် Lဆိုင်းဇီတို့၏ The Square New Year Symphony တေးဂီတဖျော်ဖြေပွဲတွင် Myanmar Esl Dargon နှင့် Lion Dance အဖွဲ့တို့ကလည်း တရုတ်ရိုးရာနဂါး၊ ခြင်္သေ့အကများဖြင့် ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Clashing Through The Snow ဇာတ်ကား၌ မင်းသား လူကတ်ဂတ် ပါဝင်သရုပ်ဆောင်မည်ဖြစ်

နယူးယောက် ဖေဖော်ဝါရီ ၁၁

Amazon MGM စတူဒီယို၏ Clashing Through The Snow ဇာတ်ကား၌ မင်းသား လူကတ်ဂတ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် လူကတ်ဂတ်သည် မင်းသား ခရစ္စတိုဖာဘာရိုင်နေ၊ မင်းသမီး မစ်ချဲရန်ဒွေါ့တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Clashing Through The Snow ဇာတ်ကားသည် ဟာသဒရာမာ ဇာတ်ကား အမျိုးအစားဖြစ်ပြီး ဇာတ်လမ်းဇာတ်အိမ်အသေးစိတ်ကို မသိရသေးကြောင်း သိရသည်။

Clashing Through The Snow ဇာတ်ကားကို ဒါရိုက်တာ ကာဆန်ယန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဒန်နီယယ်မက်ကီးနှင့် ရီဘက်ကာဝင်းတို့က ရေးသားပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ယခုလကုန်ပိုင်းတွင်စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားသည်။

အဆိုပါဇာတ်ကားရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# ဖိုးတစ်ထောင် ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီလတတိယပတ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

YH90 Film Production မှ ရိုက်ကူးထုတ်လုပ်သည့် ဖိုးတစ်ထောင် ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီလတတိယပတ်တွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာ သူထူးစံက ပြောပြ၍ သိရသည်။

ဖိုးတစ်ထောင် ရုပ်ရှင်ဇာတ်ကား၏ဝတ္ထုဇာတ်လမ်းကို သူထူးစံက ရေးသားထားပြီး ဒီရေလှိုင်း၊ သူထူးစံနှင့် ပြေငြိမ်းတို့ကပင် ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ သူထူးစံက YH90 Film Production အတွက် တာဝန်ယူ ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ ၂၀၁၇ ခုနှစ်က လူဖိုးတစ်ထောင် ဇာတ်ကားရဲ့ အပိုင်း (၂) အနေနဲ့ ကြည့်ရှုကြရမှာဖြစ်ပါတယ်။ ဖိုးတစ်ထောင်ကို မျှော်လင့်နေကြတဲ့ပရိသတ်အတွက် မျှော်လင့်ရကျိုးနပ်စေမဲ့ အက်ရှင်ဇာတ်ကားကောင်းအဖြစ် အပြည့်အဝကြည့်ရှုခံစားနိုင်ပါလိမ့်မယ်။ ဖိုးတစ်ထောင်ရုပ်ရှင်ဇာတ်ကားထဲမှာ ပိုမိုပြင်းထန်လာတဲ့အမုန်းတွေ၊ ပိုကြမ်းတဲ့အမိုက်စား အက်ရှင်တွေကို ရင်တမမနဲ့ ကြည့်ရှုခံစားကြရမှာပါ။ ဖိုးဆိုတာ ပန်းတစ်ပွင့်လိုနူးညံ့ပြီး ခြင်္သေ့တစ်ကောင်လို ရဲရင့်ကြသူတွေဖြစ်တယ်ဆိုတာ ဒီဇာတ်ကားမှာ မြင်ရမှာပါ"ဟု ဒါရိုက်တာ သူထူးစံက ပြောပြသည်။

အဆိုပါရုပ်ရှင်ဇာတ်ကား၌ သရုပ်ဆောင် သူထူးစံ၊ အေးချမ်းမောင်၊ စိုင်းစည်တွမ်ခမ်း၊ နေထက်လင်း၊ ဘုဏ်းသိုက်၊ ရာဝန၊ ကောင်းစစ်သွေး၊ ဥက္ကာကျော်၊ မိုမိုမြင့်အောင်၊ ရွှေသမီးနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# Honorary awards presented to Tatmadaw member athletes who won medals at the 19th Asian Games, 33rd SEA Games and 13th ASEAN Para Games bringing honour to the State and coaches who guided them to win medals


Senior General Min Aung Hlaing deliver a speech at the ceremony to honour and present awards to Tatmadaw member athletes who won medals at the 19th Asian Games, 33rd SEA Games and 13th ASEAN Para Games and their coaches.


Senior General Min Aung Hlaing presents cash award to a Tatmadaw athlete.


Senior General Min Aung Hlaing presents cash award to a Tatmadaw athlete.

**Nay Pyi Taw February 11**

A ceremony to honour and present awards to Tatmadaw member athletes who won medals at the 19th Asian Games, 33rd SEA Games and 13th ASEAN Para Games and their coaches took place at the parlour of Bayintnaung Villa here this afternoon. Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing delivered an address at the ceremony and presented honorary awards.

Also present at the ceremony together with the Senior General were his wife Daw Kyu Kyu Hla, SSPC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, SSPC Secretary General Ye Win Oo and wife, SSPC members and wives, union ministers, senior military officers from Office of Commander-in-Chief and wives, Tatmadaw member athletes who bring honor to the State and coaches and officials.

In his keynote address, the Senior General said with pleasure, he is proud of the medalists who used their strength with unrelenting perseverance to uplift the prestige of the nation and Tatmadaw in accord with the sports motto “Sports promotion is for national defence”, and their coaches and managers who worked as their best guides.

Myanmar sepak takraw team which included one Tatmadawmenwon gold in team-wise at the 19th Asian Games. The nation took part in 38 events at the 33rd SEA Games, and Tatmadaw members won one silver medal and five bronze medals in four events. Tatmadaw coaches could guide their athletes to win four silver, 10 bronze in rowing, weightlifting, boxing, wushu, wrestling events.

The 13th ASEAN Para Games that were held early this year included 19 events, and Tatmadaw member athletes won five gold, six silver, and three bronze in track and field, sitting volleyball, football, and goalball events. Like the athletes, Tatmadaw coaches were able to show their coaching talent by winning two gold, three silver and four bronze. It is an honorable achievement not only for the country but also for the Tatmadaw.

Participants at the SEA Games showed their best athletic performance, and the Tatmadaw members who took part in the Para Games proved with best efforts that they were able people with disabilities. In both Games, athletes won medals in individual events as well as in team events, and this vividly demonstrates the strong foundation of the spirit of unity of Myanmar people.

Historical records show that during the finest hours, the country's sports success not only reached the Asian level, but also the world level. A study of the success of Myanmar sports shows that the brilliant performances of Tatmadaw members still shine. The success of Tatmadawmen in the international games, apart from domestic events, is going down in the annals of history till today. The talent of Tatmadawmen footballers of the golden age of Myanmar football is still remembered and recounted with pride.

The Senior General stated that the "never accept defeat, never give up" spirit instilled by sports is also connected to national development. Not giving up on oneself and not giving up on one's team is not only about protecting one's own honour but also about safeguarding the country's image from decline. It is necessary for not just athletes but every citizen to harbour the awareness that they must protect and uphold the nation. Only when such consciousness thrives in the hearts of every citizen can the country be protected against dangers that would lead to its destruction and decay.

At today's ceremony, athletes and coaches from the Tatmadaw who have enhanced the prestige of the nation and the military will be honoured with the Commander-in-Chief of Defence Services' Honorary Certificate, Commendation Letter, cash awards, as well as promotions. The Senior General also noted that this recognition is in accordance with the virtuous principle of honouring those deserving of honour, and also serves to set a fine example for future generations of athletes.

He then expressed that the nation and the Tatmadaw acknowledge and take pride in the military athletes who have won medals in international sporting competitions and brought honour to the country. He remarked that success in the sports sector indirectly reflects the nation's development and called upon the athletes to continue striving for even greater achievements, thereby further elevating the prestige of the nation and the Tatmadaw.

Subsequently, a ceremony was held to present honours to military athletes and coaches who had won medals at the 19th Asian Games, the 33rd Southeast Asian Games, and the 13th ASEAN Para Games. The Chairman of the State Security and Peace Commission Commander-in-Chief of Defence Services individually presented the Commander-in-Chief of Defence Services' Honorary Certificates, Commendation Letters,

*See Page 14*

# A message sent by Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing to the ceremony to mark the 79th Anniversary of Union Day (12 February 2026)

**Esteemed Union-born national brethren,**

On this special occasion of the 79th Anniversary of Union Day 2026 of the Republic of the Union of Myanmar, falling today, 12 February, I extend my greetings and best wishes, praying that the entire Union-born ethnic people may enjoy good health, prosperity, and be blessed with abundant well-being and happiness.

Myanmar lived under colonial rule for more than 100 years, during which the unity of its ethnic groups was fractured due to the colonizers' divide-and-rule administration. To resist colonialism and achieve national independence, all ethnic communities joined hands, making long-term sacrifices and engaging in armed struggle. With the determination to regain independence for both the hill regions and the plains as one, the leaders of the ethnic groups signed the Panglong Agreement on 12 February 1947. That day has since been commemorated annually as Union Day, and today marks its 79th anniversary.

**Esteemed Union-born national brethren,**

The government has adopted the national objectives to ensure prosperity and food security, which are fundamental needs of any country and is implementing them. Only when the country is prosperous and secure can social and economic life develop, allowing all citizens to live happily and healthily. A nation can continue to progress and achieve lasting prosperity only through citizens who are knowledgeable, skilled, and virtuous. Accordingly, the education sector of the country is being prioritized and continuously promoted.

The State is also supporting the development of small, micro, and medium-sized industrial enterprises to boost production, so that high-quality, value-added products can not only meet domestic consumption needs but also be exported abroad.

Myanmar, blessed with fertile land and abundant natural resources, is a country with secure domestic food supplies due to sufficient arable land, a balanced population, a favourable climate, diverse ecosystems, and plentiful freshwater sources. To ensure that agricultural activities meet their production targets per acre, support is provided in the form of suitable crop varieties, land, water, technologies, and investment requirements tailored to each region. By combining traditional farming with modern techniques to increase yields and enhance productivity, the people's food security is ensured, while also contributing to higher national economic output and GDP growth.

It is necessary to carry out both agriculture and livestock farming together to ensure food security. Efforts are being encouraged to carry out livestock and production for local sufficiency according to each region and to produce animal feed based on locally grown crops. The key requirement is that all citizens work diligently and contribute their efforts.

Therefore, to achieve the State's national objectives of national prosperity and food security, all ethnic communities are strongly encouraged to work together in a united effort.

**Esteemed Union-born national brethren,**

The fundamental needs of all ethnic communities are national peace and stability, the rule of law, and the ability to live, work, and access food safely. Any disruption to the stability and development of a region is caused solely by the actions of terrorists in that area. At present, these terrorists have committed destructive acts such as planting explosives on roads and bridges, damaging power lines, and setting fire to public buildings, resulting in blocked trade routes, disrupted goods transport, lost educational opportunities, and denied access to healthcare. In some regions, these disturbances have caused local ethnic communities to face declines in social and economic life, as well as threats to life and safety. As a result of these events, social and economic conditions have deteriorated, and the population is experiencing increased hardship, which requires special attention.

Our country is an independent and sovereign nation, and the State prioritizes the safety, security, and well-being of all ethnic communities, ensuring the protection of their homes, lives, and livelihoods while exercising the legislative, executive and judicial powers.

A firm and reliable judicial system is being implemented to eliminate terrorism, uphold the rule of law, and ensure that all citizens fully enjoy their human rights. To support the enforcement of the rule of law within the country, knowledge about the law is being taught and disseminated not only to government officials but also to the new generation of students.

Tatmadaw is not only the people's patriotic armed forces, born from among the citizens themselves, but also the Union armed forces that includes members from all ethnic groups. It is the most steadfast and resolute organization standing firmly for the State. Since the country gained independence, Tatmadaw has been maintaining and managing internal security up to the present time. With the support and encouragement of the entire population, it has been fully committed to defending the nation against all internal and external threats, relying on patriotism and courage, and carrying out its duties with utmost effort and dedication.

Tatmadaw has pledged to work alongside citizens who desire peace to restrain and defend against the unlawful and violent acts of armed groups, as well as any expansionist conflicts. For national defence and security, a modern people's defence system will be developed based on domestic forces and with the full participation of all citizens. Tatmadaw will exist as long as the world stands, and as long as Tatmadaw exists, the Union will remain strong and stable. It is also necessary for all ethnic communities and the people to stand united with the State and Tatmadaw to protect the nation and ensure the Union does not break apart.

Therefore, in order to successfully implement national peace and the enforcement of the rule of law, all ethnic communities are urged to work hand in hand with the State Government and Tatmadaw.

**Esteemed Union-born national brethren,**

The Republic of the Union of Myanmar is a nation founded on the universal principles of justice, freedom, and equality. Only when these universal principles, which uphold peace and harmony, flourish can conflicts within human society be reduced, allowing people to live together in unity and peace. All ethnic communities, with awakened awareness, must practise and uphold these universal principles for the country to stand as a peaceful and stable nation in the long term. All ethnic groups living in Myanmar have, for many centuries, lived together in harmony, sharing the same land and water, and are like Union-born national brethren.

All ethnic communities of the Union, who wish to live peacefully, are firmly committed to a durable peace that resolves conflicts. During the Youth Peace Forum, held from 13 to 15 January 2026, the voices of young people from across Myanmar expressing their desire for peace were also heard.

In building a Union based on democracy and a federal system, an enduring peace throughout the country is a fundamental requirement. The people of all ethnic communities themselves must ensure the peace of the nation. Therefore, to establish long-term and sustainable peace, ethnic armed groups need to participate in accordance with the common agreement of the Nationwide Ceasefire Agreement (NCA).

The democracy and peace of our country can only be successfully achieved through political dialogue and negotiation based on the spirit of Union solidarity among national brethren, free from foreign interference and internal sabotage. The State, for its part, continues to extend invitations to dialogue, always keeping the door to peace open and welcoming. As the strength of the nation lies primarily within the country, all ethnic communities must stand united and actively participate in the State's peacemaking efforts, following the Union Day motto: "Let us build durable peace for the progress of the Union."

Therefore, all ethnic armed groups are strongly urged to work together with the State to promote the universal principles of justice, freedom, and equality, and to collectively strive to establish durable peace.

**Esteemed Union-born national brethren,**

In building a nation based on democracy and a federal system, the spirit of the Union serves as the foundation, while the close bonds, trust, unity, and collective efforts of all national brethren form the cornerstone. Since Myanmar is home to a diverse range of ethnic groups, it is essential to unite these differences harmoniously and to live together in mutual trust, respect, and goodwill.

In accordance with the objectives of the National Defence and Security Council, free and fair elections have been successfully held. Appreciation and gratitude are extended to all citizens who fulfilled their duties as responsible nationals by casting their votes and to everyone who actively contributed to the success of the elections. The government that will emerge from the upcoming Hluttaws and meetings will be entrusted with the responsibilities of the State.

The strength of the Union depends on the unity and solidarity of all ethnic communities. All individuals must set aside thoughts and actions that do not benefit the nation and work together in a coordinated and harmonious manner on initiatives that promote the country's well-being. Only in this way can the shared goal of a democratic and federal Union, envisioned by all ethnic communities, be achieved smoothly and swiftly.

In following the path of multiparty democracy, differences of opinion will naturally arise among individuals. However, as the saying goes,

*See Page 14*

*From Page 13*

"Unity is strength, harmony is power, and peace is beauty," every citizen must work hand in hand with mutual understanding, trust, and solidarity. Only through such cooperation can a strong and resilient Union be built that can stand confidently on the world stage.

Therefore, all national brethren are encouraged to genuinely participate, cooperating hand in hand, with mutual trust, unity, and collective effort, by practising a fully disciplined multiparty democratic system, to build a Union founded on democracy and a federal system.

**Esteemed Union-born national brethren,**

By prioritizing the comprehensive development of education, healthcare, and socioeconomic life for all ethnic communities of the Union, including local people from remote border areas, a strong and balanced national capacity can be built to create a modern and progressive nation. Only when every citizen is healthy, fully capable, and well-educated in all fields can the country achieve its long-term development goals. Investment in education is essential for building a modern and developed nation, which is why education continues to be actively supported. Through teaching and learning that encourage critical thinking, innovation, and creativity, the aim is to cultivate a growing number of knowledgeable and skilled individuals.

To enable students to study and combine a wide range of disciplines in one place, the Naypyitaw State Academy has been newly opened in Nay Pyi Taw, along with nine Polytechnic Universities, including Naypyitaw State Polytechnic University, which are providing education across the regions and states. For the continuous development of the industrial sector, which is based on agriculture and livestock production – the foundation of the nation's economic growth – basic education, high school, combined with industrial, agriculture and livestock subjects are being established and taught. Moreover, the University of Agriculture and Livestock (Maubin) has been opened to cultivate more agricultural and livestock professionals on whom the nation can rely. All citizens are encouraged to collectively nurture and develop the youth, who will shape the future of the country, into well-educated, virtuous, and capable individuals.

In the health sector, efforts are continuously being made to ensure that every citizen has access to basic healthcare services. This includes fully supplying hospitals with medicines and medical equipment, providing free medical treatment, and assigning adequate healthcare personnel. To improve the socioeconomic well-being of all citizens, measures are being taken to enhance transport infrastructure, increase energy production sustainably, expand the production of high-quality import-substitute goods, support industry, agriculture, and livestock, and nurture a healthy and capable human resource base. In addition, support is being provided to study and apply artificial intelligence (AI) technology across various fields.

In order to build a modern and developed nation, the Government strives not only to engage domestic intellectuals and intelligentsia but also to invite investment and sector-specific experts from partner countries to obtain technical assistance, while implementing both short-term and long-term development plans.

As such, everyone is encouraged to work together to build a modern and developed nation and to promote the development of education, healthcare, and socioeconomic well-being for all ethnic communities.

**Esteemed Union-born national brethren,**

I send this message to all Union-born national brethren, urging them to solemnly recognize their hsitorical responsibilities, to work together hand in hand with a spirit of unity and with the Union spirit as their foundation to collectively build a strong, stable, and continuously developing Union that will endure as long as the world stands by realizing five national objectives of the 79th Anniversary of Union Day 2026: to work together among all ethnic nationals to achieve the country's prosperity and food security, the national goal of the country; to cooperate hand-in-hand with the government, Tatmadaw and all ethnic nationals in successfully implementing the measures for stability and rule of law; to strive together with ethnic armed groups to establish a durable peace, while propagating justice, freedom and equality within the country; to build a Unon based on democracy and a federal system, practising a genuine and dsiciplined multiparty democratic system through the friendship, trust, unity and collaboration of ethnic people; and to cooperate, ensuring the development of education, health and eocioeconomic status of ethnic nationals and the emergence of a developing country.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Acting President, the Republic of the Union of Myanmar**
**Chairman, the State Security and Peace Commission**

---

*From Page 12*

and honorarium cash awards to Warrant officer class(1) Thant Zin Oo, who won a gold medal in the team sepak takraw event at the 19th Asian Games; Warrant officer class(1) Tin Nyo, who won gold medals in the individual javelin throw and shot put events at the 13th ASEAN Para Games; Warrant officer class(2) Aung Zaw, Corporal/13 Kyaw Zeya Win, and Lance Corporal Soe Paing Oo, who won a silver medal in the team chinlone (in-circle) event at the 33rd Southeast Asian Games; and Warrant officer class(2) Thet Win, who coached athletes to win gold, silver, and bronze medals in athletics at the 13th ASEAN Para Games.

Following this, Vice-Senior General Soe Win individually presented the Commander-in-Chief of Defence Services' Honorary Certificates, Commendation Letters, and honorarium cash awards to Warrant officer class(2) Soe Pay, who won a gold medal in the individual 200-meter athletics event and a silver medal in the individual 100-meter event at the 13th ASEAN Para Games; Sergeant Ye Min Soe, who won a gold and a silver medal in the individual shot put event; civilian staff member (on deputation) Ma The Theint Theint Thu, who won a bronze medal in the individual wrestling event at the 33rd Southeast Asian Games; and Staff Sergeant/52 Aung Thu Tun, who coached athletes to win gold, silver, and bronze medals in athletics at the 13th ASEAN Para Games.

Continuing the ceremony, members of the Commission and senior military officers from the Office of the Commander-in-Chief of Defence Services presented the Commander-in-Chief of Defence Services' Honorary Certificates, Commendation Letters, and honorarium cash awards to the military athletes and coaches who had brought honour to the nation.

Afterwards, Warrant officer class(2) Soe Pay, on behalf of the honoree military athletes and coaches, expressed words of gratitude.

Subsequently, the Senior General and party hosted a tea reception in honour of the Tatmadaw athletes and coaches who had brought glory to the nation. Artists from the Myawady Musical Troupe, under the direction of the Directorate of Public Relations and Psychological Warfare, Office of the Commander-in-Chief (Army), performed commemorative songs.

Following the honorary reception and entertainment event, the the Senior General, his wife, and party cordially greeted and conversed warmly with the Tatmadaw athletes and coaches who had brought honour to the nation. 100

---

# Iran says date of next nuke talks with U.S. under consultations, distrust of West hinders talks progress

**Tehran February 11**

The "wall of distrust" created by the West and U.S. excessive demands impede the progress of nuclear talks between Tehran and Washington, Iranian President Masoud Pezeshkian said here Wednesday.

He made the remarks while delivering a speech at the celebrations in the capital to mark the 47th anniversary of the 1979 Islamic Revolution.

Pezeshkian said Iran does not seek nuclear weapons and is "ready for any verification of that."

"We believe that the region's problems can be resolved only by regional countries, not foreign states," he said, adding that Iran will never surrender to excessive demands and aggression.

Meanwhile, Pezeshkian said Iran is treading the path of diplomacy with sincerity, and is interacting with countries in West Asia to ensure regional peace.

On the recent unrest in the country, Pezeshkian said his administration is making all-out efforts to resolve the Iranian people's problems, noting that Iran needs internal unity more than anything else.

He said Iran should gain access to international markets, specially Muslim and neighboring countries' markets, to accelerate domestic economic development, adding that the country is also strengthening its relations within the frameworks of regional and international contracts and treaties.

Also attending the Wednesday celebrations in the capital, Ali Shamkhani, senior advisor to Iranian Supreme Leader Ali Khamenei, said Iran's missile capability is a red line and a non-negotiable issue.

According to a report by Iran's Nour News, Shamkhani said any military attack, even limited, will be considered the start of a war, the consequence of which will "reach a scope beyond the military dimension" and "affect the lives of people in different parts of the world."

Xinhua

---

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၁၆၇၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



စစ်ကိုင်း ဖေဖော်ဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၁၆၇၅ ဧကထိ စိုက်ပျိုးပြီး စီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၁၉၁၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၇၅ ဧက စိုက်ပျိုးပြီးစီး ပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ မတ်ပဲဧက ၁၉၁၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၆၇၅ ဧက စိုက်ပျိုးပြီးစီး ပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကို ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် မတ်ပဲ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲ ရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးလျက်ရှိ ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုး တက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင် သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင် က ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

လပွတ္တာ ဖေဖော်ဝါရီ ၁၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေး ကွက်သို့ ဇန်နဝါရီလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင် ခဲ့ကြောင်း လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံ ပိုင်ရှင် ဒေါ်သန်းငွေက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန် ဈေးကွက်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ လအတွင်းက ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ကျားပျံဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၇၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇန်နဝါရီလအတွင်းက ကျားပျံ ဆန် အိတ်ရေ ၅၇၀၀၀ ထိ ရန်ကုန် ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရ ပါတယ်။ လပွတ္တာမြို့နယ်ကနေ စပါးတွေ၊ ဆန်တွေနဲ့ အခြား လယ်ယာထွက်ကုန်တွေကို ရန်ကုန် ဈေးကွက်ကို အများဆုံး တင်ပို့ ရောင်းချပါတယ်။ ကျားပျံဆန် က ဆန်ချောအုပ်စုထဲမှာပါတဲ့ ဆန် အမျိုးအစားဖြစ်တယ်။ ကျားပျံ ဆန်ကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိ ပါတယ်"ဟု လပွတ္တာမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းငွေက ပြောပြသည်။



လပွတ္တာမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံ ဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၂၀၀၀ ထိ ပေါက်ဈေး ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပင်လောင်းမြို့နယ် လွင်ရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပင်လောင်း ဖေဖော်ဝါရီ ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ဘန့်ပြင်ကျေးရွာအုပ်စု လွင်ရွာကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်း ကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ ကြောင်း သိရသည်။

ရေးဦးစွာ ပင်လောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖော်ဝင်းက လွင်ရွာကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေး ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ် ချက်များ၊ ချေးငွေထုတ်ချေးရာ တွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်း ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်း မပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့ ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေး ရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ က လွင်ရွာကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၅၄၄ သိန်း ထုတ်ချေးပေးခဲ့ ကြောင်း ပင်လောင်းမြို့နယ် ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **မောင်ခိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်စီမံဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို



- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ဝေါမြို့နယ် စိုင်တီစုကျေးရွာ၌ မြေသားရေလှောင်ကန်တူးဖော်နေမှု စစ်ဆေး



ဝေါ ဖေဖော်ဝါရီ ၁၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် စိုင်တီစုကျေးရွာ၌ သောက်သုံးရေ ရရှိရေးအတွက် မြေသားရေလှောင်ကန် တူးဖော် ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက် ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ပဲခူးတိုင်းဒေသကြီး ကျေး လက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူး(နည်းပညာ) ဦးသန့်ဇင်မျိုး၊ ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် တာဝန်ခံ အင်ဂျင်နီယာများက စိုင်တီစုကျေးရွာမှ တာဝန်ရှိ သူများ၊ ကျေးရွာရပ်မိရပ်ဖများ နှင့်အတူ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ဖြင့် စိုင်တီစုကျေးရွာ၌ မြေသား ရေလှောင်ကန် တူးဖော်ခြင်းလုပ် ငန်းဆောင်ရွက်နေမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယ ညွှန်ကြားရေးမှူး (နည်းပညာ) ဦးသန့်ဇင်မျိုးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အဆိုပါစိုင်တီစုကျေးရွာ၌ အလျား ပေ ၆၀၀၊ အနံ ပေ ၆၀၀၊ အနက် ငါးပေရှိ မြေသားရေ လှောင်ကန် တူးဖော်ခြင်းလုပ်ငန်း ကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၀၂ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ ၂၀၂၅ ခုနှစ် ဇူလိုင်လ စတုတ္ထပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ပြည်သူများအတွက် ရာသီမရွေး သောက်သုံးရေ လွယ်ကူစွာရရှိ နိုင်မည်ဖြစ်ကြောင်း ပဲခူးတိုင်း ဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သန်းလွင်(မကွေး)**


တိုဗီဇစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၉ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များရယူဆွတ်ခူးပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် ဆုတံဆိပ်များရရှိအောင်စွမ်းဆောင်ပေးခဲ့သည့် နည်းပြများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် နည်းပြများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် **“အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်”**ဆိုသည့် အားကစား ဆောင်ပုဒ်နှင့်အညီ မဆုတ်မနစ်သော ဇွဲ၊ လုံ့လတို့ဖြင့် မိမိတို့တွင်ရှိသည့် စွမ်းအားကိုယ်စီကိုအသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကိုမြှင့်တင်ပေးခဲ့ကြသည့် ဆုရအားကစားသမားများ၊ ပြိုင်ပွဲတွင် အကောင်းဆုံး



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ခြင်းလုံး(ကွင်းသွင်း)(အသင်းလိုက်)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ်အောင်ဇော်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

လမ်းညွှန်မှုပေးခဲ့ကြသည့် နည်းပြများနှင့် အသင်းအုပ်ချုပ်သူအဖွဲ့ဝင်များ အားလုံးကို မိမိအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူသည်ကို ဦးစွာအသိပေးပြောကြားလိုကြောင်း။

၁၉ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် တပ်မတော်သားတစ်ဦးပါဝင်သည့် မြန်မာပိုက်ကျော်ခြင်းအသင်းသည် အသင်းလိုက်ရွှေတံဆိပ် တစ်ခုရရှိခဲ့ကြောင်း၊ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ မိမိတို့နိုင်ငံအနေဖြင့် အားကစားနည်း ၃၈ မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် တပ်မတော်သားအားကစားသမားများက အားကစားနည်း လေးမျိုးတွင် ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် ငါးခုရရှိအောင် ပါဝင်စွမ်းဆောင်နိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ တပ်မတော်သားနည်းပြများအနေဖြင့်လည်း လှေလှော်၊ အလေးမ၊ လက်ဝှေ့၊ ဝူရှူး၊ နပန်း စသည့် အားကစားနည်းများတွင် ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် ၁၀ ခုရရှိအောင် စွမ်းဆောင်ပြသနိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် ယခုနှစ် နှစ်ဆန်းပိုင်းအတွင်း ကျင်းပပြီးစီးခဲ့သည့် ၁၃ ကြိမ်မြောက် အာဆီယံ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင်လည်း အားကစားနည်း ၁၉ မျိုး ထည့်သွင်းကျင်းပခဲ့သည့်အနက် တပ်မတော်သား အားကစားသမားများသည် ပြေးခုန်ပစ်၊ ထိုင်လျက်ဘော်လီဘော၊ ဘောလုံး၊ ဂိုးလ်ဘောအားကစားနည်းများတွင် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် သုံးခုရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ အားကစားသမားများ နည်းတူ တပ်မတော်သားနည်းပြများကလည်း ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် သုံးခု၊ ကြေးတံဆိပ် လေးခုရရှိအောင် စွမ်းဆောင်ပြသနိုင်ခဲ့ကြသည်ကိုတွေ့ရှိရကြောင်း၊ထိုသို့ ဆုတံဆိပ်များရရှိခဲ့ကြခြင်းသည် နိုင်ငံတော်အတွက်သာမက တပ်မတော်အတွက်ပါ ဂုဏ်ယူစရာကောင်းလှသည့် စွမ်းဆောင်မှုများပင်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့်သူများ အနေဖြင့်ကာယအား၊ဉာဏအားတို့ကိုအသုံးချပြီး အကောင်းဆုံးကြိုးပမ်းယှဉ်ပြိုင်ခဲ့ကြသကဲ့သို့ မသန်စွမ်းအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် တပ်မတော်သားအားကစားသမားများသည်လည်း မသန်ပေမယ့်စွမ်းကြသူများဖြစ်သည်ကို အကောင်းဆုံးသက်သေပြနိုင်ခဲ့ကြသူများပင်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲနှစ်ရပ်စလုံးကို လေ့လာကြည့်သည့်အခါ တစ်ဦးချင်းပြိုင်ပွဲများတွင် ဆုများရရှိခဲ့ကြသကဲ့သို့ အဖွဲ့လိုက်ပေါင်းစည်းယှဉ်ပြိုင်ကြရသည့် အားကစားနည်းများတွင်လည်း ဆုတံဆိပ်များရရှိခဲ့ကြသည်ကိုကြည့်ခြင်းအားဖြင့် မိမိတို့လူမျိုး၏စည်းလုံးမှု အခြေခံစိတ်ဓာတ်သည် တစ်ဦးချင်းမှစပြီး

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်(နေပြည်တော်)ကို ဖေဖော်ဝါရီ ၁၄ ရက်ထိ ကျင်းပသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို တစ်ရက်တိုး၍ ဖေဖော်ဝါရီ ၁၄ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲသို့ ပြည်သူအများအပြား စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုကြပြီး ထုတ်ကုန်များကို ဝယ်ယူမှုများပြားနေခြင်း၊ ရုံးပိတ်ရက်များနှင့်တိုက်ဆိုင်လျက်ရှိခြင်းတို့ကြောင့် ပြည်သူများ ပိုမိုလေ့လာကြည့်ရှုဝယ်ယူနိုင်စေရန် ရည်ရွယ်ကြောင်း ပြပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

ယနေ့ပြပွဲစတုတ္ထနေ့ကို နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရင်ပြင်၌ ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ကျောင်းသား၊ကျောင်းသူများ၊ လူငယ်များနှင့် ဒေသခံပြည်သူအများအပြား စိတ်ပါဝင်စားစွာလာရောက်ကြည့်ရှုလေ့လာကြသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပြည်ထောင်စုဝန်ကြီးဌာနပြခန်းများ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းပြခန်းများ၊ ပြင်ပကုမ္ပဏီ ၂၉ ခုက ဝင်ရောက်ပြသသည့် ပြခန်းများ စုစုပေါင်းပြခန်း ၁၂၀ ကျော်၌ အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသရောင်းချလျက်ရှိပြီး ပြပွဲစတုတ္ထနေ့တွင် အနယ်နယ်အရပ်ရပ်မှ ပြပွဲလာပြည်သူများ၊ကျောင်းသား၊ကျောင်းသူများ၊ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ပြခန်းများအလိုက်ခင်းကျင်းပြသထားသည့် ဒေသအလိုက်ထွက်ရှိသော တိုင်းရင်းသားရိုးရာအစားအစာများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့ တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ပြခန်းတာဝန်ရှိသူများက သက်ဆိုင်ရာ ပြခန်းအလိုက် ရှင်းလင်းဆွေးနွေးပေးလျက်ရှိသည်။

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၌ ဒေသထွက် အစားအစာများ၊ စားသောက်ကုန်များနှင့် ကုန်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ တိုင်းရင်းသားရိုးရာဝတ်စုံများ၊ အိမ်သုံးပစ္စည်း၊ လယ်ယာသုံးပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့်အတွက် ပြပွဲလာပြည်သူများ၏ ဝယ်ယူအားပေးမှုဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်စားသောက်ဖွယ်ရာများကို ယင်းဒေသ၏ လက်ရာ၊ အရသာ၊ ပုံစံအတိုင်း သုံးဆောင်နိုင်ရန်နှင့် သင့်တင့်သောဈေးနှုန်းဖြင့်ဝယ်ယူနိုင်အောင် ရောင်းချပေးလျက်ရှိသည်။

ပြပွဲရက်များအတွင်း ညပိုင်းတွင်ပြည်သူများ အေးချမ်းပျော်ရွှင်စွာအပန်းဖြေနိုင်ရန် ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းကျင်းပလျက်ရှိပြီး နိုင်ငံကျော်အနုပညာရှင်များ၏ ပရိသတ်အကြိုက်တေးသီချင်းများဖြင့် မြူးမြူးကြွကြွသီဆိုကပြဖျော်ဖြေမှုများတွင် ပြည်သူများပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိသည်။

နိုင်ငံကျော် အနုပညာရှင်များ၏ဖျော်ဖြေမှုအစီအစဉ်များကို ဖေဖော်ဝါရီ ၁၂ ရက်(ပြည်ထောင်စုနေ့)တွင် ခေတ္တရပ်နားထားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၃ ရက်တွင် နိုင်ငံကျော် အနုပညာရှင်များ၏ဖျော်ဖြေမှုအစီအစဉ်များဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းကျော်စွာ**

အသင်းအဖွဲ့ထိမြဲမြဲခိုင်မာနေခြင်းကို ပေါ်လွင်စေလျက်ရှိသည်ကိုတွေ့ရှိရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ အားကစားသမိုင်းမှတ်တမ်းသည် တစ်ချိန်က အာရှအဆင့်သာမက ကမ္ဘာ့အဆင့်ထိ ထိုးဖောက်နိုင်ခဲ့သည့်အစဉ်အလာကောင်းများကို တွေ့ရှိနိုင်ကြောင်း၊ မြန်မာ့အားကစားအောင်မြင်မှုအခန်းကဏ္ဍကိုလေ့လာကြည့်ပါက တပ်မတော်သားများ၏ထူးချွန်ပြောင်မြောက်သည့် စွမ်းဆောင်ချက်သမိုင်းပုံရိပ်များသည်လည်း ထင်ထင်ရှားရှားရှိနေဆဲပင်ဖြစ်ကြောင်း၊ ပြည်တွင်းမှာသာမက နိုင်ငံတကာပြိုင်ပွဲများတွင်ပါ အောင်မြင်မှုများစွာရရှိခဲ့သည့် တပ်မတော်သားများ၏ သမိုင်းမှတ်တမ်းကောင်းများကို ယနေ့ထက်တိုင် မော်ကွန်းရေးထိုးထားလျက်ရှိကြောင်း၊ တစ်ချိန်က မြန်မာ့ဘောလုံးအသင်း၏လျှမ်းလျှမ်းတောက်အောင်မြင်မှုများတွင် ပါဝင်ခဲ့သည့် တပ်မတော်သားများ၏ အစွမ်းအစများသည် ယနေ့ထက်တိုင် ဂုဏ်ယူဝင့်ကြွားစွာ ပြောစမှတ်တွင်နေဆဲပင်ဖြစ်ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် နည်းပြများကို လက်ဖက်ရည်ဝိုင်းဖြင့် ဂုဏ်ပြုဧည့်ခံစဉ်။

## နိုင်ငံတကာအဆင့်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိပြီး နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့သည့် တပ်မတော်သားအားကစားသမားများအတွက် နိုင်ငံတော်နှင့် တပ်မတော်က အသိအမှတ်ပြုဂုဏ်ယူကြောင်းနှင့် အားကစားကဏ္ဍအောင်မြင်မှုဆိုသည်မှာ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကိုပါ သွယ်ဝိုက်ဖော်ဆောင်နေခြင်းဖြစ်သကဲ့သို့ ယခုထက် ပိုမိုအောင်မြင်အောင် ဆက်လက်ကြိုးပမ်းဖော်ဆောင်ခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်သိက္ခာကိုမြှင့်တင်ပေးကြရန် ပြောကြားလို . . .

အားကစားမှပေးသည့် **“အနိုင်မခံအရှုံးမပေး”** စိတ်ဓာတ်သည် နိုင်ငံတော်တည်ဆောက်ရေးနှင့်ပါ ဆက်စပ်လျက်ရှိသည်ကို ပြောကြားလိုကြောင်း၊ မိမိကိုယ်ကိုအရှုံးမပေးခြင်း၊ မိမိအသင်းကို အရှုံးမပေးခြင်းသည် မိမိတို့၏ဂုဏ်သိက္ခာကို ကာကွယ်ခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်၏ပုံရိပ်ကိုမကျဆင်းအောင် ထိန်းသိမ်းပေးခြင်းလည်းဖြစ်ကြောင်း၊ အားကစားသမားများသာမက နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရမည်ဆိုသည့် အသိတရားများကိန်းအောင်းနေကြရန်လိုအပ်ကြောင်း၊ ၎င်းကဲ့သို့ အသိတရားများ နိုင်ငံသားတိုင်း၏ရင်ထဲတွင် ရှင်သန်နေကြမှသာ မိမိတို့နိုင်ငံတော်ကို ပျက်စီးရာ၊ ပျက်စီးကြောင်း ဖန်တီးလာကြမည့်အန္တရာယ်များကို ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း။

ယနေ့အခမ်းအနားတွင် နိုင်ငံတော်နှင့် တပ်မတော်၏ ဂုဏ်ကိုမြှင့်တင်ပေးခဲ့ကြသည့် တပ်မတော်သား အားကစားသမားများနှင့် နည်းပြများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေသားဆုများအပြင် အဆင့်တိုးမြှင့်ပေးခြင်းများဖြင့်ပါ ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဂုဏ်ပြုခြင်းသည် ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းဆိုသည့် မင်္ဂလာတရားနှင့်အညီ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး နောင်လာမည့်မျိုးဆက်သစ်အားကစားသမားများအတွက်လည်း စံနမူနာကောင်းများပြသပေးခြင်းဖြစ်သည်ကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိပြီး နိုင်ငံ့ဂုဏ်ကိုဆောင်ခဲ့သည့် တပ်မတော်သား အားကစားသမားများအတွက် နိုင်ငံတော်နှင့် တပ်မတော်က အသိအမှတ်ပြုဂုဏ်ယူကြောင်းနှင့် အားကစားကဏ္ဍ အောင်မြင်မှုဆိုသည်မှာ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကိုပါသွယ်ဝိုက်ဖော်ဆောင်နေခြင်းဖြစ်သကဲ့သို့ ယခုထက် ပိုမိုအောင်မြင်အောင် ဆက်လက်ကြိုးပမ်းဖော်ဆောင်ခြင်းဖြင့် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်သိက္ခာကိုမြှင့်တင်ပေးကြရန် ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၁၉ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များရယူဆွတ်ခူးပေးခဲ့ကြသည့် တပ်မတော်သားအားကစားသမားများနှင့်နည်းပြများကို ဂုဏ်ပြုဆုများချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉ ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲတွင် ပိုက်ကျော်ခြင်း(အသင်းလိုက်)ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုရရှိခဲ့သည့် အရာခံဗိုလ်သန့်ဇင်ဦး၊ ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်(လုံးတံပစ်)(တစ်ဦးချင်း)ပြိုင်ပွဲနှင့် (သံလုံးပစ်)(တစ်ဦးချင်း)ပြိုင်ပွဲတို့၌ ရွှေတံဆိပ်ဆုများရရှိခဲ့သည့် အရာခံဗိုလ်တင်ညို၊ ၃၃ ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ခြင်းလုံး(ကွင်းသွင်း)(အသင်းလိုက်)ပြိုင်ပွဲ၌ ငွေတံဆိပ်ဆုရရှိခဲ့သည့် ဒုတိယအရာခံဗိုလ်အောင်ဇော်၊ တပ်ကြပ်/၁၃ ကျော်ဇေယျာဝင်း၊ ဒုတိယတပ်ကြပ် စိုးပိုင်ဦး၊ ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်း၌ ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုနှင့် ကြေးတံဆိပ်ဆုများရရှိအောင် နည်းပြပေးနိုင်ခဲ့သည့် ဒုတိယ အရာခံဗိုလ်သက်ဝင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။



နိုင်ငံတော်လုံခြုံရေးနှင့်
အေးချမ်းသာယာရေး
ကော်မရှင်ဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်
ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ်(ကြည်း)
ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း
၁၃ ကြိမ်မြောက် အာဆီယံ
မသန်စွမ်းအားကစားပြိုင်ပွဲ
ပြေးခုန်ပစ်(သံလုံးပစ်) (တစ်ဦးချင်း)
ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှင့်
ငွေတံဆိပ်ဆုရရှိခဲ့သည့်
တပ်ကြပ်ကြီးရဲမင်းစိုးအား
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏
ဂုဏ်ထူးဆောင်လက်မှတ်
ဂုဏ်ပြုမှတ်တမ်းလွှာနှင့်
ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၊ ပြေးခုန်ပစ် မီတာ ၂၀၀(တစ်ဦးချင်း) ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု၊ ပြေးခုန်ပစ် မီတာ ၁၀၀(တစ်ဦးချင်း)ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုတို့ရရှိခဲ့သည့် ဒုတိယအရာခံဗိုလ်စိုးပေ၊ ပြေးခုန်ပစ်(သံလုံးပစ်)(တစ်ဦးချင်း)ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှင့် ငွေတံဆိပ်ဆုရရှိခဲ့သည့် တပ်ကြပ်ကြီးရဲမင်းစိုး၊ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နပန်း(တစ်ဦးချင်း) ပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရရှိခဲ့သည့် အရပ်သားအစားခန့်ဝန်ထမ်း မသဲသိမ့်သိမ့်သူ၊ ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနည်း၌ ရွှေတံဆိပ်ဆု၊ ငွေတံဆိပ်ဆုနှင့်ကြေးတံဆိပ်ဆုများရရှိအောင် နည်းပြပေးနိုင်ခဲ့သည့် အုပ်ခွဲတပ်ကြပ်ကြီး/၅၂ အောင်သူထွန်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ကော်မရှင်အဖွဲ့ဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် နည်းပြများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သားအားကစားသမားများနှင့် နည်းပြများကိုယ်စား ဒုတိယအရာခံဗိုလ်စိုးပေက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက်နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်တပ်မတော်သားအားကစားသမားများနှင့် နည်းပြများကို လက်ဖက်ရည်ဝိုင်းဖြင့် ဂုဏ်ပြုဧည့်ခံခဲ့ပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုဧည့်ခံဖျော်ဖြေပွဲ အပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် နည်းပြများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

ပြည်ထောင်စုနေ့သဝဏ်လွှာမှအဆက်

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် တိုင်းရင်းသားခေါင်းဆောင်ကြီးများက ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ထိုနေ့ကို ပြည်ထောင်စုနေ့အဖြစ် သမိုင်းမော်ကွန်းတင်၍ နှစ်စဉ်ဂုဏ်ပြုကျင်းပလာခဲ့သည်မှာ ယနေ့တွင် ၇၉ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

နိုင်ငံတစ်နိုင်ငံ၏အခြေခံလိုအပ်ချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောမှသာ လူမှုစီးပွားဘဝဖွံ့ဖြိုးပြီး ပြည်သူအားလုံး ပျော်ရွှင်ကျန်းမာစွာ နေထိုင်နိုင်ကြမည်ဖြစ်ပါသည်။ အသိပညာ၊ အတတ်ပညာပြည့်စုံသော လူတော်လူကောင်းများဖြင့်သာ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောအောင် စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ တိုင်းပြည်၏ ပညာရေးကဏ္ဍကိုလည်း ဦးစားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရန်အတွက်လည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပြီး အရည်အသွေးကောင်းမွန်သော တန်ဖိုးမြင့်ထုတ်ကုန်များကို ပြည်တွင်းသုံးစွဲမှု ဖူလုံရုံသာမက ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ပံ့ပိုးအားပေးလျက်ရှိပါသည်။

ရေခံမြေခံကောင်းပြီး သဘာဝသယံဇာတပေါကြွယ်ဝသော မိမိတို့မြန်မာနိုင်ငံသည် စိုက်ပျိုးမြေရေိယာလုံလောက်ခြင်း၊ လူဦးရေသင့်တင့်မျှတခြင်း၊ ရာသီဥတုနှင့် ဂေဟစနစ်မျိုးစုံခြင်း၊ ရေချိုအရင်းအမြစ်ကြွယ်ဝခြင်းတို့ကြောင့် ပြည်တွင်းစားရေရိက္ခာဖူလုံသည့် နိုင်ငံဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများ၌ တစ်ဧကပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ထွက်ရှိစေရေးအတွက် ဒေသနှင့်ကိုက်ညီသည့် မျိုး၊ မြေ၊ ရေ၊ နည်း လိုအပ်ချက်များနှင့် ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်များကို ပံ့ပိုးပေးလျက်ရှိပါသည်။ မိရိုးဖလာစိုက်ပျိုးခြင်းသာမက ခေတ်မီနည်းစနစ်များကိုလည်း လေ့လာကျင့်သုံး၍ အထွက်နှုန်းများတိုးတက်အောင်၊ သီးထပ်စွမ်းအားများ မြင့်မားအောင်ဆောင်ရွက်ကြခြင်းဖြင့် ပြည်သူများ၏ စားရေရိက္ခာပြည့်စုံပြီး နိုင်ငံ့စီးပွားရေးရလဒ်ဖြစ်သော GDP ကို မြင့်မားတိုးတက်စေမည်ဖြစ်ပါသည်။

စားရေရိက္ခာအတွက် စိုက်ပျိုးရေးသာမက မွေးမြူရေးကိုလည်း ယှဉ်တွဲလုပ်ဆောင်ရန်လိုအပ်ပါသည်။ ဒေသအလိုက် ဖူလုံအောင် မွေးမြူထုတ်လုပ်ရန်နှင့် တိရစ္ဆာန်အစာအတွက်လည်း ဒေသ၏ စိုက်ပျိုးရေးထွက်ကုန်များကို အခြေခံ၍ထုတ်လုပ်ရန် တိုက်တွန်းအားပေးလျက်ရှိပါသည်။ အဓိကလိုအပ်သည်မှာ ပြည်သူအားလုံး ကြိုးစားအလုပ်လုပ်ကြရန်သာဖြစ်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် အလေးထားတိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပကတိလိုအပ်ချက်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးပင်ဖြစ်ပါသည်။ ဒေသတစ်ခုတည်ငြိမ်အေးချမ်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်းကို ပျက်ပြားအောင် အဆိုပါဒေသရှိ အကြမ်းဖက်သမားများကသာ ဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။ လက်ရှိအချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများက လမ်းတံတားများနှင့် လျှပ်စစ်ဓာတ်အားလိုင်းများကို မိုင်းထောင်ဖောက်ခွဲခြင်း၊ ပိတ်ဆို့တားဆီးခြင်း၊ ပြည်သူပိုင်အဆောက်အအုံများ မီးရှို့ဖျက်ဆီးခြင်းစသည့် အဖျက်အမှောင့်ပယောဂများ လုပ်ဆောင်မှုကြောင့် ကုန်သွယ်ရေးလမ်းကြောင်းများပိတ်ဆို့ခြင်း၊ ကုန်စည်စီးဆင်းမှုနှောင့်နှေးခြင်း၊ ပညာသင်ယူမှုအခွင့်အလမ်းများ ဆုံးရှုံးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုများမရရှိခြင်းတို့ကို ကြုံတွေ့နေရပါသည်။ နယ်မြေဒေသအချို့တွင် မတည်ငြိမ်မှုများဖြစ်ပွား၍ ဒေသခံတိုင်းရင်းသားများသည် လူမှုစီးပွားဘဝနိမ့်ကျမှု၊ အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ကြုံတွေ့လျက်ရှိပါသည်။ ဤဖြစ်စဉ်များကြောင့် လူမှုစီးပွားဘဝများကျဆင်းလာပြီး ပြည်သူများ ဆင်းရဲဒုက္ခကြီးမားလာသည်ကို အထူးသတိချပ်ရမည်ဖြစ်ပါသည်။

မိမိတို့နိုင်ငံသည် လွတ်လပ်၍အချုပ်အခြာအာဏာပိုင်စိုးသည့် နိုင်ငံဖြစ်ပြီး နိုင်ငံတော်၏ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသော အာဏာခက်မသုံးဖြာသည် အမိနိုင်ငံတော်မှ ပေါက်ဖွားလာသော တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှု၊ ဘဝလုံခြုံမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုတို့အတွက် အဓိကထားဆောင်ကြဉ်းပေးလျက်ရှိပါသည်။

အကြမ်းဖက်မှုပပျောက်၍ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံသားအားလုံး လူ့အခွင့်အရေးအပြည့်အဝရရှိစေရေးတို့အတွက် ဖြောင့်မတ်တည်ကြည်သည့် တရားစီရင်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ နိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံ့ဝန်ထမ်းများသာမက မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများကို ဥပဒေနှင့်ပတ်သက်သည့် အသိပညာများသင်ကြားဖြန့်ဝေပေးလျက်ရှိပါသည်။

တပ်မတော်သည် ပြည်သူကြားက သန္ဓေတည်ပေါက်ဖွားလာသော မျိုးချစ်ပြည်သူ့တပ်မတော်ဖြစ်သကဲ့သို့ တိုင်းရင်းသားပေါင်းစုံပါဝင်သည့် ပြည်ထောင်စုတပ်မတော်လည်းဖြစ်ပါသည်။ နိုင်ငံတော်အတွက် မယိမ်းမယိုင်ရပ်တည်ခဲ့သော အခိုင်မာဆုံးအဖွဲ့အစည်းဖြစ်ပါသည်။ တပ်မတော်အနေဖြင့် လွတ်လပ်ရေးရရှိပြီးချိန်မှစတင်၍ ဖြစ်ပေါ်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများကို ယနေ့အချိန်ထိ ထိန်းသိမ်းဆောင်ရွက်နေပါသည်။ ပြည်သူတစ်ရပ်လုံး၏ အားပေးထောက်ခံမှုဖြင့် တိုင်းပြည်အပေါ်ကျရောက်လာသည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်ရန်စွယ်ဟူသမျှကို မျိုးချစ်စိတ်ဓာတ်အရင်းခံ၍ စွန့်လွှတ်စွန့်စားမှုဖြင့် အစွမ်းကုန် ကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။

တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးကိုလိုလားသည့် ပြည်သူများနှင့် လက်တွဲပြီး လက်နက်ကိုင်သောင်းကျန်းသူများ၏ ဥပဒေမဲ့အကြမ်းဖက်လုပ်ရပ်များ၊ နယ်မြေချဲ့ထွင်ရေးတိုက်ပွဲဖော်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်ပါသည်။ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ပြည်ပအမှီအခိုကင်းစွာဖြင့် ပြည်တွင်းအင်အားစုများကို အခြေခံကာ ပြည်သူတစ်ရပ်လုံးပါဝင်သည့် ခေတ်မီပြည်သူ့ကာကွယ်ရေးစနစ်ကို ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ပါသည်။ ကမ္ဘာတည်သရွေ့ တပ်မတော်တည်ရှိနေပါမည်။ တပ်မတော်တည်ရှိနေသရွေ့ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲနေပါမည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးကလည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တစ်သားတည်းရပ်တည်ပြီး ပြည်ထောင်စုမပြိုကွဲရေးအတွက် အမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြရန်လိုအပ်ပါသည်။

သို့ဖြစ်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများကို အခြေခံကာတည်ဆောက်ထားသည့် နိုင်ငံဖြစ်ပါသည်။ လောကကို ငြိမ်းချမ်းသာယာအောင်စောင့်ရှောက်သည့် လောကပါလတရားများ ထွန်းကားမှသာ လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခများလျော့နည်းပြီး သဟဇာတကျကျ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ကြမည်ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူအားလုံးက ပင်ကိုနိုးကြားသည့် အသိစိတ်ဖြင့် လောကပါလတရားများကို ကျင့်သုံးစောင့်ထိန်းမှသာ အေးချမ်းသာယာသောနိုင်ငံအဖြစ် ရေရှည်ရပ်တည်နိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက် စည်းလုံးညီညွတ်ခဲ့ကြသည့် ပြည်ထောင်စုဖွား ညီအစ်ကိုမောင်နှမများဖြစ်ကြပါသည်။

အေးချမ်းစွာနေထိုင်လိုကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပဋိပက္ခများချုပ်ငြိမ်းသည့် ထာဝရငြိမ်းချမ်းရေးကို တောင့်တနေကြပြီဖြစ်ပါသည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်ထိကျင်းပခဲ့သော လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင်လည်း မြန်မာနိုင်ငံတစ်နံတစ်လျားမှ လူငယ်များ၏ ငြိမ်းချမ်းရေးလိုလားသံများကို ကြားသိခဲ့ရပြီးဖြစ်ပါသည်။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရာတွင် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ငြိမ်းချမ်းရေးကို မိမိတို့တိုင်းရင်းသားပြည်သူများကသာ မဖြစ်မနေဖော်ဆောင်ကြရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ ဘုံသဘောတူညီချက်များနှင့်အညီ ပူးပေါင်းပါဝင်ကြရန် လိုအပ်ပါသည်။

မိမိတို့နိုင်ငံ၏ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ပြည်ပစွက်ဖက်မှုနှင့် ပြည်တွင်းပယောဂကင်းရှင်းပြီး တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ ရင်ကြားစေ့ဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့်လည်း ဆွေးနွေးမှုများကို ဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးတံခါးကို အစဉ်အမြဲဖွင့်လှစ်ကြိုဆိုလျက်ရှိပါသည်။ **ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်**ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တွဲလက်ခိုင်မာစွာဖြင့် **“ပြည်ထောင်စုကြီးတိုးတက်ဖို့ ထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်စို့”** ဟူသော ပြည်ထောင်စုနေ့ဆောင်ပုဒ်နှင့်အညီ လိုက်နာကျင့်သုံး၍ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ကြိုးပမ်းရန် လိုအပ်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

**ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုများသည်လည်း အခြေခံအုတ်မြစ်ဖြစ်၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်ကြသဖြင့် မတူကွဲပြားမှုများကို သဟဇာတဖြစ်အောင်ပေါင်းစည်းကာ အချင်းချင်းယုံကြည်လေးစားမှုကိုအခြေခံလျက် ရင်းနှီးချစ်ကြည်စွာနေထိုင်ကြရေးသည် လွန်စွာပဓာနကျ၊ ပြည်ထောင်စု၏အင်အားသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအပေါ်တွင် တည်မှီနေ၊ နိုင်ငံနှင့်လူမျိုးအတွက် အကျိုးမပြုသည့် အတွေးအခေါ်နှင့် လုပ်ဆောင်ချက်များကိုချန်ရစ်ပြီး နိုင်ငံအတွက်အကျိုးဖြစ်ထွန်းစေမည့် အပြုသဘောဆောင်ရွက်ချက်များကို စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်လုပ်ဆောင်သွားကြရမည်ဖြစ် . . .**

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုများသည်လည်း အခြေခံအုတ်မြစ်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံမှီတင်းနေထိုင်ကြသဖြင့် မတူကွဲပြားမှုများကို သဟဇာတဖြစ်အောင်ပေါင်းစည်းကာ အချင်းချင်းယုံကြည်လေးစားမှုကို အခြေခံလျက် ရင်းနှီးချစ်ကြည်စွာနေထိုင်ကြရေးသည် လွန်စွာပဓာနကျပါသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်နှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပပြီးဖြစ်ပါသည်။ နိုင်ငံသားကောင်းတစ်ယောက်၏ တာဝန်ကို ကျေပွန်စွာ ပါဝင်ဆန္ဒမဲပေးခဲ့ကြသူအားလုံးနှင့် ရွေးကောက်ပွဲအောင်မြင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူ အားလုံးတို့ကို အသိအမှတ်ပြုကျေးဇူးတင်ရှိပါသည်။ မကြာမီကျင်းပမည့် လွှတ်တော်များ၊ အစည်းအဝေးများမှ ပေါ်ထွက်လာသောအစိုးရအား နိုင်ငံတော်၏ တာဝန်များကို လွှဲပြောင်းပေးအပ်ပေးသွားမည်ဖြစ်ပါသည်။

ပြည်ထောင်စု၏အင်အားသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအပေါ်တွင် တည်မှီနေပါသည်။ နိုင်ငံနှင့်လူမျိုးအတွက်အကျိုးမပြုသည့် အတွေးအခေါ်နှင့် လုပ်ဆောင်ချက်များကိုချန်ရစ်ပြီး နိုင်ငံအတွက်အကျိုးဖြစ်ထွန်းစေမည့် အပြုသဘောဆောင်ရွက်ချက်များကို စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်လုပ်ဆောင်သွားကြရမည်ဖြစ်ပါသည်။ သို့မှသာ တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်သို့ ချောမောလျင်မြန်စွာရောက်ရှိမည်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီလမ်းကြောင်းလျှောက်လှမ်းရာတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိသော်လည်း **“စည်းလုံးခြင်းသည် အင်အား၊ ညီညွတ်ခြင်းသည်စွမ်းအား၊ ငြိမ်းချမ်းခြင်းသည် အလှတရား”** ဆိုသည့်အတိုင်း နိုင်ငံသားတိုင်းသည် ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုတို့ဖြင့် **စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

လက်တွဲကြိုးပမ်းမှသာ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် ပြည်ထောင်စုနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် တက်ညီလက်ညီပူးပေါင်းပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

ဝေးလံခေါင်းပါးနယ်စပ်ဒေသများမှ ဒေသခံပြည်သူများအပါအဝင် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ အလုံးစုံဖွံ့ဖြိုးတိုးတက်စေရန် အလေးထားဆောင်ရွက်ခြင်းဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ဟန်ချက်ညီသည့် နိုင်ငံ့အင်အားတစ်ရပ်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံသားတိုင်း ကျန်းမာသန်စွမ်း၍ ဗလငါးတန်ပြည့်စုံပြီး ဘက်စုံပညာပြည့်ဝမှသာ နိုင်ငံတော်၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ ပြည့်မီနိုင်မည်ဖြစ်ပါသည်။ ပညာရေးတွင်ရင်းနှီးမြှုပ်နှံမှုသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ခြင်းပင်ဖြစ်သဖြင့် ပညာရေးကိုအားပေးလျက်ရှိပါသည်။ စဉ်းစားတွေးခေါ်မှု၊ ဆန်းသစ်တီထွင်မှုကိုအားပေးသော သင်ကြားသင်ယူမှုဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များပေါ်များလာရေးကို မျှော်မှန်းအကောင်အထည်ဖော်လျက်ရှိပါသည်။

ဘက်စုံကျယ်ပြန့်သော ပညာရပ်များကို တစ်နေရာတည်းတွင် ရွေးချယ်သင်ယူဆည်းပူးနိုင်စေရန် နေပြည်တော်တွင် Naypyitaw State Academy ကို အသစ်ဖွင့်လှစ်ပေးသကဲ့သို့ Naypyitaw State Polytechnic University အပါအဝင် Polytechnic University ကိုးခုကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အပြင် နိုင်ငံတော်အတွက် အားထားရသော စိုက်ပျိုးမွေးမြူရေးပညာရှင်များ ပိုမိုမွေးထုတ်နိုင်ရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကိုလည်း ဖွင့်လှစ်ပေးခဲ့ပါသည်။ အနာဂတ်နိုင်ငံတော်ကို ထုဆစ်ပုံဖော်ကြမည့် လူငယ်များကို ပညာပြည့်ဝ၊ နှလုံးလှသည့် လူတော်လူကောင်းများဖြစ်လာစေရေး ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။

ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိရေးအတွက် ဆေးရုံများတွင်ဆေးဝါးနှင့် ပစ္စည်းကိရိယာများပြည့်စုံအောင်ဖြည့်ဆည်းပေးခြင်း၊ အခမဲ့ဆေးဝါးကုသခွင့်များဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများခန့်ထားပေးခြင်းတို့ကို အစဉ်တစိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ နိုင်ငံသားတိုင်း လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် သယ်ယူပို့ဆောင်ရေးအဆင့်မြှင့်တင်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တိုးမြှင့်ထုတ်လုပ်ခြင်း၊ အရည်အသွေးမြင့်သွင်းကုန်အစားထိုး ထုတ်ကုန်များတိုးချဲ့ထုတ်လုပ်ခြင်း၊ စက်မှုစိုက်ပျိုးမွေးမြူရေးကို အားပေးခြင်း၊ ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ ဉာဏ်ရည်တုအေအိုင်နည်းပညာကို နယ်ပယ်စုံတွင်လေ့လာအသုံးပြုရေး အားပေးပံ့ပိုးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် ပြည်တွင်းရှိ အသိပညာရှင်၊ အတတ်ပညာရှင်များကိုသာမက မိတ်ဖက်နိုင်ငံများမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများနှင့် ကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များကိုဖိတ်ခေါ်၍ နည်းပညာအကူအညီများရယူပြီး ရေတိုရေရှည်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဖော်ဆောင်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား**

၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက် ငါးရပ်ဖြစ်သော -

- နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊
- တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊
- နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး၊
- တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး၊
- ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေးတို့ကို

ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သမိုင်းပေးတာဝန်အဖြစ် အလေးအနက်ခံယူလျက် သွေးရင်းသားရင်းများပီပီ၊ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ ဥမကွဲသိုက်မပျက် လက်တွဲပူးပေါင်းဆောင်ရွက်ပြီး ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲဖွံ့ဖြိုးတိုးတက်အောင် စုပေါင်းတည်ဆောက်ကြပါစို့ဟု တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
ယာယီသမ္မတ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥက္ကဋ္ဌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်

## မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းက ဝမ်းမြောက်ဝမ်းသာစွာ အထူးဂုဏ်ယူကြောင်း ကြေညာ

**၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris Causa)ကို ဖေဖော်ဝါရီ ၅ ရက်တွင် ချီးမြှင့်အပ်နှင်းကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကြားသိခဲ့ရပါသည်။

ယာယီသမ္မတကြီးသည် အခက်အခဲပေါင်းများစွာ၊ စိန်ခေါ်မှုပေါင်းများစွာ သစ္စာစောင့်သိခြင်း ပျက်ယွင်းမှုပေါင်းများစွာတို့ကို ၎င်း၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်း၊ ဦးဆောင်နိုင်မှုစွမ်းအားတို့ဖြင့် အောင်မြင်စွာ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် ဖြေရှင်းတည်ဆောက်အောင်မြင်မှုရရှိခြင်းများအပေါ် ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris Causa)ကို ရန်ကုန်တက္ကသိုလ်က ထိုက်တန်စွာချီးမြှင့်အပ်နှင်းခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရခြင်းအပေါ် မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်းက လှိုက်လှဲဝမ်းသာစွာ ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်အတူ ဤကြေညာချက်ကို ထုတ်ပြန်အပ်ပါသည်။ နိုင်ငံတော်ကြီး တည်ငြိမ်၊ ဖွံ့ဖြိုးစည်ပင်သာယာဝပြောရေးနှင့်အတူ ပြည်သူလူထု၏ဘဝများကို ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများနှင့် ချမ်းမြေ့ပျော်ရွှင်စွာ ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်လိုက်ပါသည်။

မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်) စတုတ္ထနေ့တွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ MSME လုပ်ငန်းရှင်များ၊ ပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ တစ်ခဲနက်လာရောက်ကြည့်ရှုလေ့လာ





**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော် စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းမှ စတင်၍ နေပြည်တော်ရင်ပြင်၌ကျင်းပရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ MSME လုပ်ငန်းရှင်များ၊ ကျောင်းသား၊ကျောင်းသူများ၊ လူငယ်များ၊ ဒေသခံပြည်သူအများအပြား စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုလေ့လာကြသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပြည်ထောင်စုဝန်ကြီးဌာနပြခန်းများအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းပြခန်းများ၊ ပြင်ပကုမ္ပဏီ ၂၉ ခုက ဝင်ရောက်ပြသသည့် ပြခန်းစုစုပေါင်း ၁၂၀ ကျော်၌ အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသရောင်းချလျက်ရှိပြီး ပြပွဲစတုတ္ထနေ့တွင် အနယ်နယ်အရပ်ရပ်မှ ပြပွဲလာပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ပြခန်းများအလိုက် ခင်းကျင်းပြသထားသည့် ဒေသအလိုက်ထွက်ရှိသော တိုင်းရင်းသားရိုးရာ အစားအစာများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ပြခန်းတာဝန်ရှိသူများက သက်ဆိုင်ရာပြခန်းအလိုက် ရှင်းလင်းဆွေးနွေးပေးလျက်ရှိသည်။

ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၌ ဒေသထွက်အစားအစာများ၊ စားသောက်ကုန်များနှင့် ကုန်ပစ္စည်းများ၊တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ တိုင်းရင်းသားရိုးရာဝတ်စုံများ၊ အိမ်သုံးပစ္စည်း၊ လယ်ယာသုံးပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည့်အတွက် ပြပွဲလာပြည်သူများ၏ ဝယ်ယူအားပေးမှုဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်စားသောက်ဖွယ်ရာများကို ယင်းဒေသ၏ လက်ရာ၊ အရသာ၊ ပုံစံအတိုင်း သုံးဆောင်နိုင်ရန်နှင့် သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူနိုင်အောင် ရောင်းချပေးလျက်ရှိသည်။

ညပိုင်းတွင် ပြည်သူများအေးချမ်းပျော်ရွှင်စွာ အပန်းဖြေနိုင်ရန် ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းကျင်းပလျက်ရှိပြီး နိုင်ငံကျော်အနုပညာရှင်များ၏ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် မြူးမြူးကြွကြွ သီဆိုကပြဖျော်ဖြေမှုများတွင် ပြည်သူများပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြကြောင်း သတင်းရရှိသည်။

မင်းကျော်စွာ

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၃၅ / ၂၀၂၆ )**
၁၃၈၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်)

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း ( ၈ )ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်းပေးပို့လာသည့် အောက်ဖော်ပြပါ တပ်မတော်သားများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၁ အရ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| **ကချင်ပြည်နယ်လွှတ်တော်** | | | |
| ( ၁ ) | ကြည်း ၂၇၃၅၁ | ဗိုလ်မှူးကြီး | ကျော်သူရ |
| ( ၂ ) | ကြည်း ၂၆၇၈၄ | ဗိုလ်မှူးကြီး | ကျော်ဇေယျ |
| ( ၃ ) | ကြည်း ၃၇၂၆၄ | ဒုတိယဗိုလ်မှူးကြီး | သက်မင်းဦး |
| ( ၄ ) | ကြည်း ၃၀၀၀၃ | ဗိုလ်မှူး | တင်ကိုကို |
| ( ၅ ) | ကြည်း ၃၀၇၆၄ | ဗိုလ်မှူး | ကျော်သူမျိုး |
| ( ၆ ) | ကြည်း ၅၁၄၃၃ | ဗိုလ်ကြီး | ရန်အောင်ခိုင် |
| ( ၇ ) | ကြည်း ၅၇၄၆၇ | ဗိုလ်ကြီး | သက်ပိုင်စိုး |
| ( ၈ ) | ကြည်း ၆၁၄၇၂ | ဗိုလ်ကြီး | တင်ကိုကိုထွေး |
| ( ၉ ) | ကြည်း ၆၄၄၁၀ | ဗိုလ်ကြီး | ထက်မြက်အောင် |
| (၁၀) | ကြည်း ၇၄၁၆၀ | ဗိုလ်ကြီး | ရဲကိုမြင့် |
| (၁၁) | လေ ၃၉၅၄ | ဗိုလ်ကြီး | တက်တိုး |
| **ကယားပြည်နယ်လွှတ်တော်** | | | |
| ( ၁ ) | ကြည်း ၂၆၈၆၃ | ဗိုလ်မှူးကြီး | သန်းစိုးအောင် |
| ( ၂ ) | ကြည်း ၂၅၇၉၀ | ဗိုလ်မှူးကြီး | အောင်ကျော်မြင့် |
| ( ၃ ) | ကြည်း ၅၂၇၈၁ | ဗိုလ်ကြီး | ခန့်စည်သူ |
| ( ၄ ) | အင်န် ၉၁၉ | ဗိုလ်ကြီး | ဒေါ်ကြူကြူခိုင် |
| **ကရင်ပြည်နယ်လွှတ်တော်** | | | |
| ( ၁ ) | ကြည်း ၂၇၂၃၈ | ဗိုလ်မှူးကြီး | မင်းသူကျော် |
| ( ၂ ) | ကြည်း ၂၄၀၉၆ | ဗိုလ်မှူးကြီး | သန်းထိုက် |
| ( ၃ ) | ကြည်း ၃၅၇၈၂ | ဒုတိယဗိုလ်မှူးကြီး | ကျော်သူရဝင်း |
| ( ၄ ) | ကြည်း ၄၂၆၅၃ | ဗိုလ်ကြီး | ခိုင်ထွန်းဦး |
| ( ၅ ) | ကြည်း ၇၁၇၁၁ | ဗိုလ်ကြီး | ဇော်ဝင်းဌေး |
| ( ၆ ) | ကြည်း ၇၃၂၄၈ | ဗိုလ်ကြီး | စိုးပြည့်ဘို |
| **ချင်းပြည်နယ်လွှတ်တော်** | | | |
| ( ၁ ) | ကြည်း ၃၀၁၈၄ | ဗိုလ်မှူးကြီး | ခင်မောင်ထွေး |
| ( ၂ ) | ကြည်း ၂၅၉၉၄ | ဗိုလ်မှူးကြီး | စောထွန်း |
| ( ၃ ) | ကြည်း ၃၅၄၁၉ | ဗိုလ်မှူး | အာကာကျော်မိုး |
| ( ၄ ) | ကြည်း ၆၄၅၈၃ | ဗိုလ်ကြီး | ဇော်ရဲနိုင် |
| **စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်** | | | |
| ( ၁ ) | ကြည်း ၂၄၉၉၃ | ဗိုလ်မှူးကြီး | ဝင်းတင်စိုး |
| ( ၂ ) | ကြည်း ၂၇၉၃၂ | ဗိုလ်မှူးကြီး | မင်းမင်းဦး |
| ( ၃ ) | ကြည်း ၂၈၇၇၉ | ဒုတိယဗိုလ်မှူးကြီး | အောင်ပိုင်ဦး |
| ( ၄ ) | ကြည်း ၂၉၁၀၉ | ဗိုလ်မှူး | မင်းထွဋ် |
| ( ၅ ) | ကြည်း ၃၃၆၈၈ | ဗိုလ်မှူး | မင်းဇော် |
| ( ၆ ) | ကြည်း ၃၄၉၂၁ | ဗိုလ်မှူး | သန့်ဇင်ဦး |
| ( ၇ ) | ကြည်း ၄၁၂၇၂ | ဗိုလ်မှူး | ကြည်သာအောင် |
| ( ၈ ) | ကြည်း ၄၇၉၄၅ | ဗိုလ်မှူး | ဝေဖြိုးသာ |
| ( ၉ ) | ကြည်း ၅၀၉၂၉ | ဗိုလ်မှူး | အောင်ကိုကိုဝင်း |
| (၁၀) | ကြည်း ၅၁၆၄၀ | ဗိုလ်မှူး | နေလင်းထွန်း |
| (၁၁) | ကြည်း ၅၃၇၂၈ | ဗိုလ်မှူး | ငြိမ်းချမ်းကို |
| (၁၂) | လေ ၃၀၅၃ | ဗိုလ်မှူး | သိန်းလင်းထွန်း |
| (၁၃) | ကြည်း ၃၅၀၅၁ | ဗိုလ်ကြီး | တိုးမြင့်ဝင်း |
| (၁၄) | ကြည်း ၅၀၉၈၃ | ဗိုလ်ကြီး | ကျော်ကျော် |
| (၁၅) | ကြည်း ၅၁၄၂၂ | ဗိုလ်ကြီး | သန်းနိုင်ထွန်း |
| (၁၆) | ကြည်း ၅၃၄၁၇ | ဗိုလ်ကြီး | ရဲရန်နိုင် |
| (၁၇) | ကြည်း ၅၃၅၄၈ | ဗိုလ်ကြီး | ဖြိုးပြည့်စုံ |
| (၁၈) | ကြည်း ၅၉၃၁၅ | ဗိုလ်ကြီး | ကျော်ဝင်းသန့် |
| (၁၉) | ကြည်း ၆၇၅၃၀ | ဗိုလ်ကြီး | ဒေါ်သီရိဟန် |
| (၂၀) | ကြည်း ၇၄၄၅၀ | ဗိုလ်ကြီး | ထက်အောင်ရှိန်း |
| (၂၁) | လေ ၃၅၀၂ | ဗိုလ်ကြီး | ထွန်းသန်းဝင်း |
| **တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်** | | | |
| ( ၁ ) | ကြည်း ၃၁၆၆၇ | ဗိုလ်မှူးကြီး | သိန်းဇော်မြင့် |
| ( ၂ ) | ကြည်း ၂၇၁၅၁ | ဗိုလ်မှူးကြီး | အောင်ကိုလတ် |
| ( ၃ ) | ကြည်း ၃၁၉၈၈ | ဒုတိယဗိုလ်မှူးကြီး | နန်းထက်ဝင်း |
| ( ၄ ) | လေ ၂၇၃၅ | ဗိုလ်မှူး | မျိုးသက်ဦး |
| ( ၅ ) | ကြည်း ၆၆၂၃၈ | ဗိုလ်ကြီး | ဇင်ကိုမောင် |
| ( ၆ ) | ရေ ၄၆၇၇ | ဗိုလ်ကြီး | မင်းပြည့် |
| ( ၇ ) | လေ ၄၁၄၆ | ဗိုလ်ကြီး | သက်ပိုင်မိုး |
| **ပဲခူးတိုင်းဒေသကြီးလွှတ်တော်** | | | |
| ( ၁ ) | ကြည်း ၂၉၁၇၃ | ဗိုလ်မှူးကြီး | ညီလန်းချို |
| ( ၂ ) | ကြည်း ၂၇၉၇၈ | ဗိုလ်မှူးကြီး | သန်းလှိုင်ဝင်း |
| ( ၃ ) | ကြည်း ၃၃၇၉၇ | ဗိုလ်မှူး | ထွန်းထွန်း |
| ( ၄ ) | ကြည်း ၃၃၈၆၉ | ဗိုလ်မှူး | လေးနိုင် |
| ( ၅ ) | ကြည်း ၃၄၉၅၆ | ဗိုလ်မှူး | ဇော်လင်းအောင် |
| ( ၆ ) | ကြည်း ၃၅၃၆၄ | ဗိုလ်မှူး | ဟိန်းဇေမြင့် |
| ( ၇ ) | ကြည်း ၃၇၈၁၀ | ဗိုလ်မှူး | ကျော်သက်နိုင် |
| ( ၈ ) | ကြည်း ၄၈၁၈၀ | ဗိုလ်မှူး | ခိုင်လွင်ထူး |
| ( ၉ ) | ကြည်း ၄၈၄၄၅ | ဗိုလ်မှူး | မင်းသူအောင် |
| (၁၀) | ကြည်း ၃၆၆၄၅ | ဗိုလ်ကြီး | မျိုးမင်းဇော် |
| (၁၁) | ကြည်း ၃၉၄၁၄ | ဗိုလ်ကြီး | လူမော်မြင့် |
| (၁၂) | ကြည်း ၄၉၀၉၇ | ဗိုလ်ကြီး | မောင်မောင်လွင် |
| (၁၃) | ကြည်း ၅၁၀၉၁ | ဗိုလ်ကြီး | သန်းမြတ်လင်း |
| (၁၄) | ကြည်း ၅၂၆၃၁ | ဗိုလ်ကြီး | တင်မောင်လွင် |
| (၁၅) | ကြည်း ၅၇၄၅၉ | ဗိုလ်ကြီး | ဖြိုးသူရမောင် |
| (၁၆) | ကြည်း ၆၂၂၄၅ | ဗိုလ်ကြီး | အောင်စစ်မောင် |
| (၁၇) | ကြည်း ၇၉၂၄၁ | ဗိုလ်ကြီး | ဒေါ်သဲနုဇာ |
| (၁၈) | လေ ၄၀၂၈ | ဗိုလ်ကြီး | ဒေါ်နီလာမြင့် |
| (၁၉) | အင်န် ၈၇၉ | ဗိုလ်ကြီး | ဒေါ်ဇင်မာဝမ်း |
| **မကွေးတိုင်းဒေသကြီးလွှတ်တော်** | | | |
| ( ၁ ) | ကြည်း ၂၂၄၀၅ | ဗိုလ်မှူးကြီး | မိုးမင်းသိန်း |
| ( ၂ ) | ကြည်း ၂၆၈၇၀ | ဗိုလ်မှူးကြီး | ကျော်သန်းဆွေ |
| ( ၃ ) | ကြည်း ၃၆၅၀၂ | ဒုတိယဗိုလ်မှူးကြီး | ဇော်ဦးလတ် |
| ( ၄ ) | ကြည်း ၂၈၄၆၃ | ဗိုလ်မှူး | ကျော်ကျော်စိုး |
| ( ၅ ) | ကြည်း ၄၈၃၈၅ | ဗိုလ်မှူး | ဇာနည်မောင် |
| ( ၆ ) | ကြည်း ၄၈၄၆၅ | ဗိုလ်မှူး | အောင်စိုးထွန်း |
| ( ၇ ) | ကြည်း ၅၁၂၄၅ | ဗိုလ်မှူး | လွင်မိုး |
| ( ၈ ) | လေ ၂၈၈၈ | ဗိုလ်မှူး | နိုင်လင်း |
| ( ၉ ) | အင်န် ၈၀၃ | ဗိုလ်မှူး | ဒေါ်အိအိဝင်း |
| (၁၀) | ကြည်း ၃၄၉၆၀ | ဗိုလ်ကြီး | ကျော်ထွန်း |
| (၁၁) | ကြည်း ၅၀၀၇၄ | ဗိုလ်ကြီး | ခိုင်ဇော်ဝေ |
| (၁၂) | ကြည်း ၅၁၅၆၃ | ဗိုလ်ကြီး | ဉာဏ်လင်းထွန်း |
| (၁၃) | ကြည်း ၅၃၈၄၄ | ဗိုလ်ကြီး | သက်ပိုင်ဦး |
| (၁၄) | ကြည်း ၅၄၄၄၁ | ဗိုလ်ကြီး | မျိုးမင်းထွန်း |
| (၁၅) | ကြည်း ၅၆၀၆၅ | ဗိုလ်ကြီး | မိုးဇေယျာဌေး |
| **မန္တလေးတိုင်းဒေသကြီးလွှတ်တော်** | | | |
| ( ၁ ) | ကြည်း ၃၂၁၃၂ | ဗိုလ်မှူးကြီး | နေလင်းစိုး |
| ( ၂ ) | ကြည်း ၂၆၇၈၈ | ဗိုလ်မှူးကြီး | ကျော်စိန်ထွန်း |
| ( ၃ ) | ကြည်း ၂၆၉၃၆ | ဒုတိယဗိုလ်မှူးကြီး | နိုင်လင်း |
| ( ၄ ) | ကြည်း ၂၈၃၂၄ | ဒုတိယဗိုလ်မှူးကြီး | ကျော်ဝင်း |
| ( ၅ ) | ကြည်း ၃၂၅၇၁ | ဒုတိယဗိုလ်မှူးကြီး | မြင့်နိုင် |
| ( ၆ ) | ကြည်း ၃၀၄၁၉ | ဒုတိယဗိုလ်မှူးကြီး | သက်နိုင်ဦး |
| ( ၇ ) | ကြည်း ၃၀၅၄၆ | ဒုတိယဗိုလ်မှူးကြီး | မျိုးမြင့်လေး |
| ( ၈ ) | ကြည်း ၃၇၉၀၉ | ဗိုလ်မှူး | အေးလင်းထွန်း |
| ( ၉ ) | ကြည်း ၃၉၂၄၇ | ဗိုလ်မှူး | ဌေးဦးခိုင် |
| (၁၀) | ကြည်း ၄၇၄၅၆ | ဗိုလ်မှူး | ကျော်ကိုဦး |
| (၁၁) | ကြည်း ၅၁၃၂၂ | ဗိုလ်ကြီး | ဝဏ္ဏနိုင် |
| (၁၂) | ကြည်း ၄၂၆၄၀ | ဗိုလ်ကြီး | အောင်ထွန်း |
| (၁၃) | ကြည်း ၅၂၇၀၂ | ဗိုလ်ကြီး | မိုးမင်းသူ |
| (၁၄) | ကြည်း ၅၃၇၈၉ | ဗိုလ်ကြီး | နေဇော်စိုး |
| (၁၅) | ကြည်း ၆၇၄၉၀ | ဗိုလ်ကြီး | ဒေါ်ငြိမ်းဆုရည် |
| (၁၆) | ကြည်း ၆၇၅၀၆ | ဗိုလ်ကြီး | ဒေါ်အိထက်ပိုင် |
| (၁၇) | ကြည်း ၇၀၂၀၂ | ဗိုလ်ကြီး | ဒေါ်အိမွန်လှိုင် |
| (၁၈) | ကြည်း ၇၁၅၅၆ | ဗိုလ်ကြီး | ဒေါ်စိမ်းလဲ့ချို |
| **မွန်ပြည်နယ်လွှတ်တော်** | | | |
| ( ၁ ) | ရေ ၃၄၇၅ | ဗိုလ်မှူးချုပ် | အောင်ဝင်းသန်း |
| ( ၂ ) | ကြည်း ၂၆၈၂၉ | ဗိုလ်မှူးကြီး | ကျော်စွာမြင့် |
| ( ၃ ) | ကြည်း ၂၄၉၂၃ | ဗိုလ်မှူးကြီး | မောင်မောင်လတ် |
| ( ၄ ) | ကြည်း ၄၄၁၃၈ | ဗိုလ်မှူး | ညီဗိုလ်ဗိုလ်စိုး |
| ( ၅ ) | အင်န် ၇၄၉ | ဗိုလ်မှူး | ဒေါ်ငုဝါကြည် |
| ( ၆ ) | အင်န် ၇၈၅ | ဗိုလ်မှူး | ဒေါ်သက်သက်စိုး |
| ( ၇ ) | အင်န် ၉၂၅ | ဗိုလ်ကြီး | ဒေါ်မြင့်မြင့်နွယ် |
| ( ၈ ) | အင်န် ၉၅၅ | ဗိုလ်ကြီး | ဒေါ်သူဇာ |
| **ရခိုင်ပြည်နယ်လွှတ်တော်** | | | |
| ( ၁ ) | ကြည်း ၂၅၇၇၅ | ဗိုလ်မှူးကြီး | ကျော်သူရ |
| ( ၂ ) | ကြည်း ၂၆၈၇၅ | ဗိုလ်မှူးကြီး | ထွန်းထွန်းဝင်း |
| ( ၃ ) | ကြည်း ၃၄၇၃၈ | ဗိုလ်မှူး | ကျော်ဇေယျ |
| ( ၄ ) | ကြည်း ၅၅၀၄၇ | ဗိုလ်ကြီး | လွှမ်းမိုးနိုင် |
| ( ၅ ) | ကြည်း ၅၉၅၃၁ | ဗိုလ်ကြီး | စစ်မင်းနိုင် |
| ( ၆ ) | ကြည်း ၇၄၁၆၉ | ဗိုလ်ကြီး | လွင်အောင်မြတ် |
| ( ၇ ) | ရေ ၅၃၈၇ | ဗိုလ်ကြီး | သက်ကိုကိုဦး |
| **ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်** | | | |
| ( ၁ ) | ကြည်း ၂၁၈၉၇ | ဗိုလ်မှူးကြီး | ဝင်းတင့် |
| ( ၂ ) | ကြည်း ၂၆၂၄၂ | ဗိုလ်မှူးကြီး | ဇော်မျိုးထွဋ် |
| ( ၃ ) | ကြည်း ၃၃၆၃၈ | ဒုတိယဗိုလ်မှူးကြီး | တင်မျိုးလတ် |
| ( ၄ ) | ရေ ၄၂၀၅ | ဒုတိယဗိုလ်မှူးကြီး | သက်တင်အောင် |
| ( ၅ ) | လေ ၂၄၂၅ | ဒုတိယဗိုလ်မှူးကြီး | ဝေမိုးအောင် |
| ( ၆ ) | အင်န် ၅၃၇ | ဒုတိယဗိုလ်မှူးကြီး | ဒေါ်အေးအေးမာ |
| ( ၇ ) | ကြည်း ၂၈၄၇၀ | ဗိုလ်မှူး | သက်နိုင်ဦး |
| ( ၈ ) | ကြည်း ၃၀၆၆၈ | ဗိုလ်မှူး | လှထွန်း |
| ( ၉ ) | ကြည်း ၃၃၅၂၀ | ဗိုလ်မှူး | ကျော်မိုးသွင် |
| (၁၀) | ကြည်း ၃၇၆၆၇ | ဗိုလ်မှူး | နိုင်ထွန်းအောင် |
| (၁၁) | ကြည်း ၃၈၅၃၃ | ဗိုလ်မှူး | အောင်ဖြိုးဟန် |
| (၁၂) | ကြည်း ၄၀၉၅၄ | ဗိုလ်မှူး | ပြည့်ဝင်းအောင် |
| (၁၃) | ကြည်း ၄၀၉၈၂ | ဗိုလ်မှူး | စိုးလင်းနောင် |
| (၁၄) | ကြည်း ၄၃၁၁၄ | ဗိုလ်မှူး | ကျော်ကျော် |
| (၁၅) | ကြည်း ၄၃၆၆၈ | ဗိုလ်မှူး | ဆန်းမောင် မောင်မြင့် |
| (၁၆) | ကြည်း ၄၇၄၃၈ | ဗိုလ်မှူး | သိုက်ထွန်းဇော် |
| (၁၇) | ရေ ၄၂၄၄ | ဗိုလ်မှူး | ဖြိုးသူရကျော် |
| (၁၈) | ရေ ၄၃၈၄ | ဗိုလ်မှူး | ကျော်ကျော်မင်း |
| (၁၉) | လေ ၂၆၁၂ | ဗိုလ်မှူး | ဝင်းနိုင် |
| (၂၀) | လေ ၃၀၈၂ | ဗိုလ်မှူး | ဆွေမြင့်ဦး |
| (၂၁) | ကြည်း ၂၈၅၇၆ | ဗိုလ်ကြီး | ထွန်းမြင့်လတ် |
| (၂၂) | ကြည်း ၅၁၂၇၆ | ဗိုလ်ကြီး | ဝဏ္ဏစိန်မြင့် |
| (၂၃) | ကြည်း ၅၄၇၇၄ | ဗိုလ်ကြီး | ဟန်ဇော်လင်း |
| (၂၄) | ကြည်း ၅၈၁၂၂ | ဗိုလ်ကြီး | ခင်မောင်ချို |
| (၂၅) | ကြည်း ၆၂၀၆၈ | ဗိုလ်ကြီး | ပြည့်အောင်စိုး |
| (၂၆) | ကြည်း ၆၂၅၁၈ | ဗိုလ်ကြီး | စိုးထက်အောင် |
| (၂၇) | ကြည်း ၇၀၂၀၀ | ဗိုလ်ကြီး | ဒေါ်ဝင်းရွှေစင်ထွန်း |
| (၂၈) | ကြည်း ၇၁၅၅၉ | ဗိုလ်ကြီး | ဒေါ်ခင်စန္ဒာကျော် |
| (၂၉) | ကြည်း ၇၁၅၆၂ | ဗိုလ်ကြီး | ဒေါ်သဲနုစံ |
| (၃၀) | အင်န် ၈၅၉ | ဗိုလ်ကြီး | ဒေါ်ကြူကြူထွန်း |
| (၃၁) | အင်န် ၉၃၅ | ဗိုလ်ကြီး | ဒေါ်ခင်ရတနာလှိုင် |
| **ရှမ်းပြည်နယ်လွှတ်တော်** | | | |
| ( ၁ ) | ကြည်း ၂၄၉၇၀ | ဗိုလ်မှူးကြီး | စိန်ဝင်း |
| ( ၂ ) | ကြည်း ၂၅၇၅၅ | ဗိုလ်မှူးကြီး | အောင်မျိုးသန်း |
| ( ၃ ) | ကြည်း ၂၇၄၀၂ | ဒုတိယဗိုလ်မှူးကြီး | မြင့်မောင် |
| ( ၄ ) | ကြည်း ၃၀၅၄၅ | ဒုတိယဗိုလ်မှူးကြီး | ညီညီတင် |
| ( ၅ ) | ကြည်း ၃၂၃၇၂ | ဒုတိယဗိုလ်မှူးကြီး | ဝင်းကျော်ကျော် |
| ( ၆ ) | လေ ၂၇၇၁ | ဒုတိယဗိုလ်မှူးကြီး | အောင်စိုး |
| ( ၇ ) | ကြည်း ၂၉၁၃၂ | ဗိုလ်မှူး | ကျော်သူဝင်း |
| ( ၈ ) | ကြည်း ၂၄၀၅၀ | ဗိုလ်မှူး | လှမိုးသိန်း |
| ( ၉ ) | ကြည်း ၂၅၂၉၇ | ဗိုလ်မှူး | ကျော်စိုးလင်း |
| (၁၀) | ကြည်း ၂၈၇၈၃ | ဗိုလ်မှူး | မင်းခေါင် |
| (၁၁) | ကြည်း ၃၂၅၇၇ | ဗိုလ်မှူး | ဇော်ဝင်းဦး |
| (၁၂) | ကြည်း ၃၃၄၀၄ | ဗိုလ်မှူး | အောင်သူရ |
| (၁၃) | ကြည်း ၃၆၄၃၀ | ဗိုလ်မှူး | ဖြိုးသီဟကျော် |

**စာမျက်နှာ ၂၁ သို့**

# နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့ကို ချီးမြှင့်ပေးအပ်



ရန်ကုန် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၆ ခုနှစ် ၇၈ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဂုဏ်ထူးဆောင်ဘွဲ့ရရှိသည့် ပုဂ္ဂိုလ်များကို အခမ်းအနားဖြင့် ချီးမြှင့်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း အခမ်းအနားသို့ တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ ခရီးလွန်နေသည့် ဘွဲ့ခံပုဂ္ဂိုလ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ဂုဏ်ထူးဆောင်ဘွဲ့ လက်ခံရယူမည့် ကာယကံရှင်ထံ ချီးမြှင့်အပ်နှင်းသည်။

ထိုသို့ ချီးမြှင့်အပ်နှင်းရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက သိပ္ပကျော်စွာဘွဲ့ ရရှိသည့် မြန်မာနိုင်ငံ ငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွေးဇော်အား ဂုဏ်ထူးဆောင်ဘွဲ့ ပေးအပ်ချီးမြှင့်ကြပြီး ဘွဲ့ခံပုဂ္ဂိုလ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ ဖွဲ့ထက်ကို(ပြန်/ဆက်)

## အထူးကျေးဇူးတင်ရှိကြောင်း အသိပေးထုတ်ပြန်ချက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ အပိုင်းလိုက်ကျင်းပပြုလုပ်ခဲ့ရာ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲတစ်ရပ်အဖြစ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါသည်။

၂။ ထိုကဲ့သို့ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပမှ ကြိုတင်ဆန္ဒမဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၊ မဲရုံသို့ ကိုယ်တိုင်လာရောက်၍ ဆန္ဒမဲပေးခဲ့ကြသည့် မဲဆန္ဒရှင်ပြည်သူများ၊ စေတနာစွမ်းအား၊ ဉာဏ်ပညာစွမ်းအား၊ ဝီရိယစွမ်းအားများဖြင့် နိုင်ငံတော်တာဝန်တစ်ရပ်အဖြစ် အားသွန်ခွန်စိုက် တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ အများယုံကြည်လေးစားခြင်းခံရသူ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအားလုံးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အထူးကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ထားဝယ်မြို့၌ ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်း ဖွင့်ပွဲပြုလုပ်



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၁

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားရင်ပြင်၌ ပြုလုပ်သည့် ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းဖွင့်ပွဲကို ယနေ့ညနေပိုင်းတွင်ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု ပြကွက်များနှင့် မှတ်တမ်းဓာတ်ပုံများ၊ မှတ်တမ်းမှတ်ရာပစ္စည်းများနှင့်လုပ်ငန်းများ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် ဒေသထွက် MSME ပြခန်းများစသည့် ပြခန်း ၁၇ ခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်ပြခန်းများကို ဖေဖော်ဝါရီ ၁၂ ရက်ထိ ခင်းကျင်းပြသသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၂ ရက် ညနေပိုင်းတွင် ဒေသခံပြည်သူများကို စင်တင်တေးဂီတများဖြင့် သီဆိုဖျော်ဖြေပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကလေးများနေ့အထိမ်းအမှတ်၊ မူလတန်းကြိုကျောင်း ကလေးငယ်များ၏ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲနှင့် အကပဒေသာပြိုင်ပွဲ ပြုလုပ်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး မူလတန်းကြိုကလေးငယ်များကို ဂုဏ်ပြုလက်ဆောင်များပေးအပ်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ကလေးများနေ့ အထိမ်းအမှတ်၊ မူလတန်းကြိုကျောင်း ကလေးငယ်များ၏ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် အကပဒေသာပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်ကလေးငယ်များနှင့် ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကလေးများ၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မူလတန်းကြိုကလေးငယ်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး ဆုရရှိသည့် မူလတန်းကြိုကလေးငယ်များကို တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

စာမျက်နှာ ၂၀ မှအဆက်

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| (၁၄) | ကြည်း ၃၈၈၀၃ | ဗိုလ်မှူး | အောင်ကိုကို |
| (၁၅) | ကြည်း ၄၀၄၂၉ | ဗိုလ်မှူး | ဖြိုးထက်ဦး |
| (၁၆) | ကြည်း ၄၂၃၈၁ | ဗိုလ်မှူး | ဇော်မျိုးဝေ |
| (၁၇) | ကြည်း ၄၅၄၁၇ | ဗိုလ်မှူး | အောင်အောင်မျိုး |
| (၁၈) | ကြည်း ၄၇၁၄၇ | ဗိုလ်မှူး | စိုင်းလောင်မုန်း |
| (၁၉) | ကြည်း ၄၇၆၁၄ | ဗိုလ်မှူး | ဉာဏ်လင်းအောင် |
| (၂၀) | အင်န် ၈၁၄ | ဗိုလ်မှူး | ဒေါ်ခင်သန္တာ အုန်းသိန်း |
| (၂၁) | အင်န် ၈၄၀ | ဗိုလ်မှူး | ဒေါ်ဝေနှင်းအောင် |
| (၂၂) | ကြည်း ၃၃၇၃၁ | ဗိုလ်ကြီး | တေဇာအောင် |
| (၂၃) | ကြည်း ၃၅၀၇၅ | ဗိုလ်ကြီး | ကျော်ဝင်းလှိုင် |
| (၂၄) | ကြည်း ၄၂၇၁၅ | ဗိုလ်ကြီး | စိုးမင်းဌေး |
| (၂၅) | ကြည်း ၄၉၀၉၈ | ဗိုလ်ကြီး | သော်ဇင်ဝင်း |
| (၂၆) | ကြည်း ၄၉၅၀၈ | ဗိုလ်ကြီး | ညီညီထွန်း |
| (၂၇) | ကြည်း ၅၂၀၁၉ | ဗိုလ်ကြီး | မျိုးမင်းစိုး |
| (၂၈) | ကြည်း ၅၂၅၄၁ | ဗိုလ်ကြီး | ဇေယျာလင်း |
| (၂၉) | ကြည်း ၅၉၂၆၆ | ဗိုလ်ကြီး | ဇင်မင်းထွန်း |
| (၃၀) | ကြည်း ၆၅၅၈၂ | ဗိုလ်ကြီး | ဒေါ်နန်းဟေမာဝေညို |
| (၃၁) | ကြည်း ၆၇၁၇၆ | ဗိုလ်ကြီး | ဒေါ်ပြုံးသိင်္ဂီ |
| (၃၂) | ကြည်း ၇၂၉၅၁ | ဗိုလ်ကြီး | ဒေါ်ဖြိုးသဇင်ကျော် |
| (၃၃) | ကြည်း ၇၄၂၉၈ | ဗိုလ်ကြီး | ဒေါ်မေစစ်သူ |
| **ရောဝတီတိုင်းဒေသကြီးလွှတ်တော်** | | | |
| ( ၁ ) | ကြည်း ၃၀၁၀၇ | ဗိုလ်မှူးကြီး | ခန့်မွန်ဆွေ |
| ( ၂ ) | ကြည်း ၃၁၈၈၃ | ဗိုလ်မှူးကြီး | သန်းထွန်းအောင် |
| ( ၃ ) | ကြည်း ၃၄၇၁၇ | ဗိုလ်မှူး | နေဝင်းနောင် |
| ( ၄ ) | ကြည်း ၃၉၆၇၃ | ဗိုလ်မှူး | အောင်ဇော်ထိုက် |
| ( ၅ ) | ကြည်း ၄၇၅၂၁ | ဗိုလ်မှူး | ဇေယျာလင်း |
| ( ၆ ) | ကြည်း ၄၇၇၆၉ | ဗိုလ်မှူး | သက်ပိုင်ထွဏ်း |
| ( ၇ ) | ကြည်း ၄၈၈၄၂ | ဗိုလ်မှူး | ဖြိုးဝေငြိမ်း |
| ( ၈ ) | ရေ ၄၂၆၈ | ဗိုလ်မှူး | ကျော်တေဇ |
| ( ၉ ) | ကြည်း ၄၈၃၆၁ | ဗိုလ်ကြီး | ဇော်ဝမ်း |
| (၁၀) | ကြည်း ၅၃၇၅၈ | ဗိုလ်ကြီး | ထွန်းခိုင်လင်း |
| (၁၁) | ကြည်း ၆၅၅၀၇ | ဗိုလ်ကြီး | ထွန်းလင်းနောင် |
| (၁၂) | ကြည်း ၆၆၀၈၄ | ဗိုလ်ကြီး | အောင်သူစိုး |
| (၁၃) | ကြည်း ၇၁၀၅၄ | ဗိုလ်ကြီး | ဝေယံမင်းခန့် |
| (၁၄) | ရေ ၅၂၅၄ | ဗိုလ်ကြီး | ဖြိုးဝေအောင် |
| (၁၅) | လေ ၄၂၃၂ | ဗိုလ်ကြီး | သန်းထိုက်ဇော် |
| (၁၆) | လေ ၄၃၄၃ | ဗိုလ်ကြီး | ဒေါ်ဟန်နီအောင်မိုး |
| (၁၇) | အင်န် ၈၇၈ | ဗိုလ်ကြီး | ဒေါ်မေသူသူဝင်း |
| (၁၈) | အင်န် ၉၆၁ | ဗိုလ်ကြီး | ဒေါ်ကြေးမုံဝင်း |

( ပုံ )သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# စစ်တွေမြို့နယ်တွင် ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လမ်းသစ်ဖွင့်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲများ ကျင်းပပြုလုပ်




အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ဆုရရှိသည့် ကျောင်းသားတစ်ဦးကို ဆုချီးမြှင့်ပေးအပ်စဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၇၉ နှစ်မြောက် ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့ အနောက်စံပြရပ်ကွက်၌ အမှတ်(၁)ကွန်ကရစ် လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းသစ်ရှိ မုခ်ဦးရှေ့၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ကွန်ကရစ်လမ်းသစ်ဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများထံ အသီးသီးပေးအပ်ကြသည်။ ယင်းနောက် အနောက်စံပြရပ်ကွက်မှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး ကွန်ကရစ် လမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ပြုလုပ်သော ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုချီးမြှင့်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အဖြစ်ကျင်းပပြုလုပ်ခဲ့သော အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများ၊ အားကစားသမားများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပြိုင်ပွဲဝင်ဆုရ စာစီစာကုံးများ ပြသထားရှိမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကျောက်တန်းမြို့နယ်၊ ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တံတားမြို့အမှတ်(၁)ရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို အဆိုပါရပ်ကွက်ရှိ ဝိဇ္ဇာဓမ္မသာသနာ့ဗိမာန် အလယ်ကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၁၆၉ ဦးကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းလေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ တောင်ပေါ်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၇ ဦးကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချုံချုံ တိုက်ပွဲဝင်ခဲ့သော အောင်ပွဲအလီလီရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို



အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ကျောင်းသူများက အောင်သပြေခက်များဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၁

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ဒေသတစ်ဝိုက်ရှိ AAလက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များကို ရှပ်ရှပ်ချုံချုံ တိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ပြည့်စုံလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ပြီး ရှပ်ရှပ်ချုံချုံ တိုက်ပွဲဝင်၍ အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ ဘင်ခရာနှင့်ပန်းဖွားအကများ၊ အိုးစည်ဒိုးပတ်အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)




## ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၆၉၀၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် အမျိုးသား ၁၆ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက် ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDFအဖွဲ့မှ အမျိုးသား ၁၆ ဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်ထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ PDF အဖွဲ့ဝင်တစ်ဦးက လက်နက်အပ်နှံစဉ်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်များသည် အတင်းအဓမ္မအကျပ်ကိုင်စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊လမ်း၊တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၊ ရေဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ အင်္ဂပူမြို့နယ်၊ ရေကြည်မြို့နယ်၊ ပုသိမ်မြို့နယ်တို့မှ အမျိုးသား ၁၆ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နေ့လယ်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် မောင်းပြန်ရိုင်ဖယ်နှစ်လက်၊ လက်ပစ်ဗုံး လေးလုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများကို မောင်းပြန်ရိုင်ဖယ်တစ်လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် နှစ်လက်အတွက် ငွေကျပ်သိန်း ၁၀၀၊ လက်ပစ်ဗုံးတစ်လုံးလျှင် ဆုကြေးငွေကျပ်သုံးသိန်းနှုန်းဖြင့် လေးလုံးအတွက် ငွေကျပ် ၁၂ သိန်းနှင့် အလင်းဝင်ရောက်လာသူအားလုံးအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၁၆ ဦးအတွက် ဆုကြေးငွေကျပ် ၄၈ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၆၀ ကို ပြန်လည်ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများကိုယ်စား၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏မိသားစုဝင်များကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်း သိရှိရပြီး





ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"မနက်ခင်းကျတော့ ဆန်ပြုတ်တိုက်တယ်။ နေ့လယ်စာကျတော့ ငါးနီတူတွေ ပုပ်ပွနေတဲ့ဟာတွေကို သူတို့တောင်မစားဘူး။ သူတို့ကျတော့ ကောင်းတာစားပြီး ကျွန်တော်တို့ကျ မကောင်းတဲ့အဲဒီဟာကို ကျွေးတယ်။ လမ်းဘေးက ငှက်ပျောအူတောင်မှ ဖွဲ့စားပိုင်ခွင့်မရှိဘူး။ ဘယ်ဟာမှ စားပိုင်ခွင့်မရှိဘူး။ သူတို့ကျွေးတာပဲစား၊ သူတို့ခိုင်းတာပဲလုပ်၊ အဲ့ဒီအတိုင်းပဲ ကျွန်တော်တို့ကိုထားတယ်။ ရှေ့တန်းစစ်မြေပြင်ရောက်ပြန်တော့လဲ သူတို့က စီနီယာသမားတွေဆိုပြီး ရှေ့ဦးဆောင်ပြီး တိုက်မလားဆိုပြီး ကျွန်တော်တို့ကတွေးတယ်။ ကျွန်တော်တို့က အတွေ့အကြုံမရှိဘူးလေ။ အတွေ့အကြုံမရှိတော့ ရှေ့က စီနီယာသမားတွေကိုပဲ ကြည့်လုပ်ရမှာပေါ့။ ကျွန်တော်တို့ကို ရှေ့က တင်တယ်။ ရှေ့ကျဘာမှမသိဘူး။ ဘယ်ကစပြီး ဘာလုပ်ရမလဲ ကိုယ်မှနားမလည်တာ နားမလည်တော့ သူတို့ကို အကူအညီတောင်းတယ်။ ကျွန်တော်တို့ဘာလုပ်ရမလဲဆိုတော့ မင်းတို့သင်တန်းက သင်ပေးထားတယ် မဟုတ်ဘူးလားပြောတယ်။ သူတို့က နောက်ကနေပြီးတော့ အိုဗာဟက်ထဲတို့၊ ကတုတ်ကျင်းထဲတို့မှာ သူတို့နေတယ်။ ဟိုကတက်လာပြီဆိုရင် သူတို့ပြေးပြီ။ စည်းကမ်းတွေဘာတွေ သူတို့က ချတယ်။ ချမှတ်ပြီး သူတို့ကိုယ်တိုင်ကျစည်းကမ်းဖောက်တယ်။ သူတို့ကိုယ်တိုင်စည်းကမ်းဖောက်ပြီး ကျွန်တော်တို့ နည်းနည်းလေးမှားပြီ၊ ရဲဘော်တွေမှားပြီဆိုရင် ပြစ်မှုပြစ်ဒဏ်နဲ့ လာတယ်။ ရှေ့တန်းစစ်မြေပြင်မှာဆိုရင် မိုင်းရှင်းတွေဘာတွေသွားရင် သူတို့က နောက်တို့နောက်ဆုံးက လိုက်တယ်။ ကျွန်တော်လဲ နီးစပ်ရာရဲစခန်းမှာပဲနေမယ်ဆိုပြီးတော့ ကျွန်တော်သတင်းပို့အလင်းဝင်လိုက်ပါတယ်။ မင်းတို့အလင်းဝင်တဲ့သူတွေကို အခမ်းအနားနဲ့ပေးပြီးတော့ မိဘလက်ထဲပြန်အပ်မှာတဲ့ ငွေကြေးလဲ ဆုချတယ်တဲ့ ကျွန်တော်အရမ်းဝမ်းသာသွားပါတယ်။ ကျွန်တော့်မိဘထံ ပြန်အပ်မယ်ဆိုတော့ ကျွန်တော် အရမ်းဝမ်းသာသွားပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့ ခရီးသွားရင်းနဲ့ အကြမ်းဖက် AA နဲ့ PDF ပူးပေါင်းတပ်တွေရဲ့ ဖမ်းဆီးခြင်းကို ခံခဲ့ရပါတယ်။ ကျွန်တော်တို့ကို ခေါ်ဆောင်သွားပါတယ်။ ခေါ်ဆောင်သွားပြီးတော့ သူတို့အဖွဲ့အစည်းထဲကိုဝင်ဖို့ ကျွန်တော်တို့ကို အတင်းအဓမ္မ စုဆောင်းပါတယ်။ ကျွန်တော်တို့ မိသားစုတွေကိုလဲ ထောက်ပံ့ပေးမယ်လို့လဲ ပြောပါတယ်။ ကျွန်တော်တို့ကို စတင်စုဆောင်းတုန်းက ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန်ကျွေးမယ်။ ကောင်းကောင်းမွန်မွန်ထားပါမယ်ဆိုပြီးတော့ စုဆောင်းခဲ့ပြီးတော့ သူတို့ဟိုရောက်တော့ ကျွန်တော်တို့ကို ဆက်ဆံပုံတွေက တစ်မျိုးဖြစ်တယ်။ ကျွေးမွေးတာတွေကစ အပြောတစ်မျိုး အလုပ်တစ်မျိုး ကျွန်တော်တို့အဆင်မပြေခဲ့ပါဘူး။ ကျွန်တော်တို့အပတ်စဉ်မှာကတော့ ထွက်ပြေးတဲ့သူတွေရှိတယ်။ ပြန်မိတဲ့သူတွေလဲရှိတယ်။ တကယ်လို့ မိခဲ့တဲ့သူတွေဆိုလို့ရှိရင် PDF က မိတယ်ဆိုလို့ရှိရင် ထောင်ချပါတယ်။ AA က မိတယ်ဆိုရင်တော့ သတ်ပစ်ပါတယ်။ သင်တန်းမှာတော့ ကျွန်တော်တို့ကို ခဏခဏပြောတယ်။ ညီအစ်ကိုတွေ ရဲဘော်ရဲဘက်စိတ်ထားပါ။ တကယ်တမ်း ရှေ့တန်းစစ်မြေပြင်မှာဆိုလို့ရှိရင် ကျွန်တော်တို့ကို သူတို့က လုံးဝကို ရဲဘော်ရဲဘက်စိတ်မရှိပါဘူး။ ကျွန်တော်တို့ တိုက်ပွဲတွေတော့ နေ့စဉ်နဲ့အမျှဖြစ်ပါတယ်။ ဖြစ်နေရတဲ့အချိန်မှာ နေ့စဉ်နဲ့အမျှ တပ်မတော်ဘက်က ကျွန်တော်တို့ကို Drop ဗုံးတွေနဲ့ တိုက်ခိုက်တယ်။နောက်ပြီးတော့ မြေပြင်စစ်အင်အားတွေနဲ့ထိုးလာတယ်။ အဲဒီဒဏ်တွေနေ့စဉ်နဲ့အမျှရှိပါတယ်။ နေ့စဉ်နဲ့အမျှရှိနေတဲ့အတွက်လဲ ကျွန်တော်တို့က ပြေးဖို့ပဲ ကြံစည်ခဲ့ပါတယ်။ပြေးဖို့ကြံစည်ခဲ့ပြီးတော့ ကျွန်တော်တို့ တပ်မတော်ဘက်ကို ပြေးလာတယ်။ ပြေးလာတဲ့အချိန်မှာ ကျွန်တော်တို့ကို ဒီဘက်ကနေပြီးတော့ ပျူပျူငှာငှာနဲ့ ကြိုဆိုပါတယ်။ ကျွန်တော်တို့ကို မေးမြန်းတာတွေ မဖြေရင် သတ်ပစ်မယ်တို့ ဘာတို့ အဲဒီလိုမျိုးတွေ ကျွန်တော်တို့ ထင်ခဲ့တာပါ။ တပ်မတော်နဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေက ကျွန်တော်တို့ကို နွေးနွေးထွေးထွေးကြိုဆိုတဲ့အတွက် ဝမ်းလဲ ဝမ်းသာပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ကို ထောက်ပံ့ဆုကြေးငွေတွေလဲ ချီးမြှင့်ခဲ့ပါတယ်။ အဲ့ဒီအတွက်ကြောင့်လဲ ဝမ်းသာပါတယ်"ဟု ပြောသည်။ (၅၀၁)

| | |
|---|---|
| **အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်** | ၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။<br>၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊NUG၊PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။<br>၃။ ယင်းတို့၏လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။ |

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများကို ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ၂၂ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့ပြီး အိန္ဒိယနိုင်ငံသား ငါးဦးကို အပြစ်ပေးအရေးယူမှုဆောင်ရွက်နိုင်ခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းများမှ တစ်ဆင့် ဝင်ရောက်နေကြသည့် တရုတ်နိုင်ငံသား ၁၅ ဦး၊ ဘူရွန်ဒီနိုင်ငံသား နှစ်ဦး၊ အိန္ဒိယနိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား တစ်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား တစ်ဦးနှင့် ယူဂန်ဒါနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၂၂ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေးစစ်ဆေးနိုင်ခဲ့သည်။



ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေစဉ်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှယခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်ထိ မြဝတီမြို့နယ် အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၁၄၂၀၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကိုစစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၁၁၇ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၀၈၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့်၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

စစ်ဆေးပြီးစီးသည့် ပြည်ပနိုင်ငံသားများအနက် အိန္ဒိယနိုင်ငံသားတစ်ဦးနှင့် နီပေါနိုင်ငံသား တစ်ဦးတို့သည် ပြည်ဝင်ခွင့် ဗီဇာစည်းကမ်းဖောက်ဖျက်ခဲ့သည့်အတွက် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)အရ ၂၁-၁-၂၀၂၆ ရက်တွင် တရားစွဲဆိုလျက်ရှိကြောင်းနှင့် အခြားအိန္ဒိယနိုင်ငံသား ငါးဦးသည် အွန်လိုင်းလိမ်လည်မှုလုပ်ငန်း ကျူးလွန်ခဲ့သည့်အတွက် ပထမအကြိမ် ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး အမည်မည်းစာရင်းရေးသွင်းထားစဉ် ကာလအတွင်း မြန်မာနိုင်ငံအတွင်းသို့ ဒုတိယအကြိမ် ပြန်လည်ဝင်ရောက်ခဲ့သည့်အတွက် ၆-၁၀-၂၀၂၅ ရက်တွင် အမှုဖွင့်တိုင်ကြားခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၄(၂)/၁၃(၁)အရ အလုပ်နှင့်ထောင်ဒဏ် ငါးနှစ်ကိုလည်းကောင်း၊ ၁၅(၂)အရ အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်ကိုလည်းကောင်း သီးခြားစီကျခံစေရန် ၃-၂-၂၀၂၆ ရက်တွင် အမိန့်ချမှတ်ထားပြီးဖြစ်သည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက်ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)**
(၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ဆာမိုအာနိုင်ငံတွင် ပြင်းအား ၆ မဂ္ဂနီကျူအဆင့်ရှိသော ငလျင်လှုပ်ခတ်ခဲ့သဖြင့် အာဏာပိုင်များအရေးပေါ်စစ်ဆေးမှုများ ဆောင်ရွက်နေ



**အဝီးရား ဖေဖော်ဝါရီ ၁၁**

ဆာမိုအာနိုင်ငံတွင် ဖေဖော်ဝါရီ ၁၀ ရက် ညပိုင်းက ပြင်းအား ၆ မဂ္ဂနီကျူအဆင့်ရှိသော လျှင်လှုပ်ခတ်ခဲ့သဖြင့် အာဏာပိုင်များ အရေးပေါ်စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း ယနေ့သတင်းများအရ သိရသည်။

ငလျင်သည် ဆာမိုအာနိုင်ငံရှိ ဂါတိုင်းဗေး (Gatavai) မြို့၏ အနောက်တောင်ဘက် ၁၃၆ ကီလိုမီတာအကွာ၊ အနက် ၄၉ ဒသမ ၅ ကီလိုမီတာတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ လျှင်ဗဟိုချက်၏ တည်နေရာမှာ တောင်လတ္တီတွဒ် ၁၄ ဒသမ ၉၁ ဒီဂရီနှင့် အနောက်လောင်ဂျီတွဒ် ၁၇၂ ဒသမ ၈၈ ဒီဂရီတွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါငလျင်သည် ညအချိန်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်သဖြင့် လမ်း၊ တံတား၊ လူနေအိမ်နှင့် အခြေခံအဆောက်အအုံများ ပျက်စီးမှုကို ယခုနံနက်ပိုင်းတွင် စာရင်းအတိအကျ လိုက်လံကောက်ယူစိစစ်နေဆဲဖြစ်ကြောင်း၊ ငလျင်နှင့်ပတ်သက်၍ ပျက်စီးဆုံးရှုံးမှု အပြည့်အစုံနှင့် ထိခိုက်ဒဏ်ရာရရှိမှုစာရင်းအတိအကျကို ထပ်မံသတင်းထုတ်ပြန် သွားမည်ဖြစ်ကြောင်း သိရသည်။

ငလျင်သည် ပြင်းအားအနည်းငယ်များသော်လည်း ဆူနာမီဖြစ်ပွားနိုင်မှု မရှိသေးကြောင်း၊ သို့ရာတွင် အာဏာပိုင်များက နောက်ဆက်တွဲ လှုပ်ခတ်မှုများဖြစ်ပေါ်လာနိုင်သဖြင့် ပြည်သူများကို အန္တရာယ်ကင်းသော နေရာများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် သတိပေးထားကြောင်း၊ ကယ်ဆယ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး အဖွဲ့များက ငလျင်ဒဏ်သင့်ဒေသများသို့သွားကာ လိုအပ်သည့် အကူအညီများ ပေးလျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

## တူကီယဲနိုင်ငံတွင် ၂၀၂၅ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မိုးခေါင်ရေရှားပါးမှုက မှတ်တမ်းများအရ နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးဖြစ်

**အင်ကာရာ ဖေဖော်ဝါရီ ၁၁**

တူကီယဲနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း မိုးခေါင်ရေရှားပါးမှုနှုန်း မြင့်တက်ခဲ့ပြီး မှတ်တမ်းများအရ နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးသော မိုးခေါင်ရေရှားပါးမှုဖြစ်ကြောင်း Istanbul Technical University မှ သုတေသီများက ထုတ်ပြန်သွားခဲ့သည်ဟု ဖေဖော်ဝါရီ ၁၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

မိုးခေါင်ရေရှားပါးမှုကြောင့် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍတို့တွင် အခက်အခဲများစွာဖြင့် ရင်ဆိုင်ခဲ့ရပြီး သောက်သုံးရေရှားပါးသည့် ပြဿနာဖြင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်းဖြစ်ပေါ်ခဲ့သော မိုးခေါင်ရေရှားပါးမှုအတိုင်း ၂၀၂၆ ခုနှစ်အတွင်း ဆက်လက်ဖြစ်ပေါ်မည်ဆိုပါက သောက်သုံးရေပြတ်လပ်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း သိရသည်။

"တူကီယဲနိုင်ငံတစ်ဝန်း ၂၀၂၅ ခုနှစ်အတွင်း မိုးခေါင်ရေရှားပါးမှု ပြဿနာနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ မိုးရွာသွန်းမှုစံနှုန်းညွှန်ကိန်း (SPI) နဲ့ ဖော်ထုတ်ချက်အရ ၂၀၂၅ ခုနှစ်မှာဖြစ်ပေါ်ခဲ့တဲ့ မိုးခေါင်ရေရှားပါးမှုဟာ နှစ်ပေါင်း ၅၀ အတွင်း အဆိုးရွားဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ၂၀၂၅ ခုနှစ်အတွင်း မိုးခေါင်မှုအခြေအနေက တော်တော်လေးကို ဆိုးရွားပါတယ်။ မိုးခေါင်မှု အခြေအနေကြောင့် မြေဆီလွှာတွေလဲ ခန်းခြောက်နေပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်သွားဖို့အတွက် ခက်ခဲတဲ့ အခြေအနေဖြစ်ပါတယ်" ဟု Istanbul Technical University မှ သုတေသီတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## မိုဇမ်ဘစ်နိုင်ငံတွင် ဂီဇာနီဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီး ပျက်စီးမှုများရှိခဲ့

**မာပူတို ဖေဖော်ဝါရီ ၁၁**

မိုဇမ်ဘစ်နိုင်ငံတွင် ဂီဇာနီဟု အမည်ပေးထားသော ဆိုင်ကလုန်းမုန်တိုင်းသည် ဖေဖော်ဝါရီ ၁၀ ရက်တွင် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းဖြတ်သန်း တိုက်ခတ်ရာလမ်းကြောင်းတစ်လျှောက် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း National Institute of Meteorology (INAM) က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



ဂီဇာနီဆိုင်ကလုန်း မုန်တိုင်းသည် မိုဇမ်ဘစ်နိုင်ငံမှတစ်ဆင့် မာဒါဂတ်စကာနိုင်ငံသို့ ဦးတည် တိုက်ခတ်နေကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုလည်း ဖြစ်ပေါ်နေပြီး ရေဘေးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ မုန်တိုင်းကြောင့် လူနေအိမ်ခြေများ ပျက်စီးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုများကို စိစစ်နေဆဲဖြစ်ကြောင်း၊ မိုဇမ်ဘစ်နိုင်ငံအလယ်ပိုင်းနှင့် တောင်ဘက်ပိုင်းဒေသများတွင် မုန်တိုင်းဖြတ်သန်း တိုက်ခတ်သွားခဲ့ခြင်းဖြစ်ပြီး လျှပ်စစ်မီး ပြတ်တောက်မှုများ ဖြစ်ပေါ်နေကြောင်း သိရသည်။

"ဂီဇာနီဆိုင်ကလုန်း မုန်တိုင်းဟာ အလယ်ပိုင်းနဲ့ တောင်ဘက်ပိုင်းဒေသတွေကို ဖြတ်သန်းတိုက်ခတ်နေပါတယ်။ မုန်တိုင်းဟာ မိုဇမ်ဘစ်နိုင်ငံကနေ မာဒါဂတ်စကာနိုင်ငံကို ဦးတည်တိုက်ခတ်နေပါတယ်"ဟု National Institute of Meteorology (INAM) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုဖြင့် ရင်ဆိုင်နေရသည့် အခြေခံ အဆောက်အအုံများတွင် ဆေးရုံနှင့် စာသင်ကျောင်းများလည်း ပါဝင်နေသည့်အတွက်ကြောင့် စာသင်ကျောင်းများကို ယာယီပိတ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## တောင်အာဖရိကနိုင်ငံတွင် မျိုးသုဉ်းလုကြံ့များ တရားမဝင်သတ်ဖြတ်မှုကို တင်းတင်းကျပ်ကျပ် တားဆီးလာသဖြင့် သတ်ဖြတ်မှုလျော့နည်းလာ

**ပရီတိုးရီးယား ဖေဖော်ဝါရီ ၁၁**

တောင်အာဖရိကနိုင်ငံတွင် မျိုးသုဉ်းလုနီးပါးကြံ့များ တရားမဝင်သတ်ဖြတ်မှုကို တင်းတင်းကျပ်ကျပ် တားဆီးလာသဖြင့် ကြံ့တရားမဝင် သတ်ဖြတ်မှု လျော့နည်းလာကြောင်း ပတ်ဝန်းကျင်ရေးရာဝန်ကြီးဌာနက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကာရာတင်းဟုခေါ်သောပရိုတင်း ကြွယ်ဝသည့် ကြံ့ဦးချိုများကို အရှေ့အာရှနိုင်ငံတချို့တွင် ရိုးရာဆေးဝါးနှင့် လက်ဝတ်ရတနာများအဖြစ် တန်ဖိုးထားကြသဖြင့် ကြံ့များသည် စီးပွားရေးအရ မုဆိုးများ၏ အဓိကပစ်မှတ်ဖြစ်ကာ တရားမဝင်သတ်ဖြတ်မှုများ ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း၊ သို့သော် တောင်အာဖရိကနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း ကြံ့များကို တရားမဝင်သတ်ဖြတ်မှု အရေအတွက်မှာ ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၆ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း၊ ဝန်ကြီးဌာန၏ ကြေညာချက်အရ ၂၀၂၅ ခုနှစ်အတွင်း ကြံ့များကို တရားမဝင်သတ်ဖြတ်မှု အရေအတွက်မှာ ၃၅၂ ကောင်သာရှိပြီး ၂၀၂၄ ခုနှစ်တွင် အကောင်ရေ ၄၂၀၊ ၂၀၂၃ ခုနှစ်တွင် ၄၉၉ ကောင် သတ်ဖြတ်ခံခဲ့ရကြောင်း၊ နိုင်ငံအစိုးရသည် မျိုးသုဉ်းလုနီးပါး ကြံ့များ တရားမဝင်သတ်ဖြတ်မှုနှင့်ပတ်သက်၍ လုံခြုံရေးတင်းကျပ်စွာဖြင့် ထိန်းသိမ်းမှုများ ပြုလုပ်လာခြင်း၊ တရားမဝင်အမဲလိုက်သည့်မုဆိုးများကို ဖမ်းဆီးမှုများ တိုးမြှင့်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၏ ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာနက ကြံ့ကာကွယ်ရေးလုပ်ငန်းများကို ဆက်လက်တင်းကျပ်စွာ ဆောင်ရွက် သွားမည်ဖြစ်ပြီး တရားမဝင် သတ်ဖြတ်မှုများကို ပိုမိုထိရောက်စွာ တိုက်ဖျက်သွားမည်ဖြစ်ကြောင်း၊ ရှားပါးကြံ့များကို လာရောက် ကြည့်ရှုသူများရှိခြင်းကြောင့် ကြံ့များသည် နိုင်ငံ၏ ခရီးသွား လုပ်ငန်းအတွက်ပါ အရေးပါသော တိရစ္ဆာန်များဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်နှင့် နယူးမက္ကဆီကိုပြည်နယ်တို့တွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးအန္တရာယ်သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၁**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်နှင့် နယူးမက္ကဆီကိုပြည်နယ်တို့တွင် အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်လာနိုင်ကြောင်း National Integrated Drought Information System (NIDIS) က သတိပေးချက် ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပုံမှန်အားဖြင့် ဆီးနှင်းများ ထူထပ်စွာ ကျဆင်းလေ့ရှိသကဲ့သို့ အအေးဓာတ် မြင့်မားသည့်ကာလဖြစ်သော်လည်း ရာသီဥတုဖောက်ပြန်မှုကြောင့် အပူချိန်မြင့်တက်နေခြင်းဖြစ်ကြောင်း၊ မြက်ခင်းပြင်များပေါ်များသော ဧရိယာများတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်လာနိုင်ကြောင်း သတိပေးချက်ထုတ်ပြန်ထားပြီး မြက်ခင်းပြင်ဧရိယာအနီးရှိ ဒေသခံများကို မီးမပေါ်ဆေးရေးအတွက်လည်း သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

"အရီဇိုးနားပြည်နယ်နဲ့ နယူးမက္ကဆီကို ပြည်နယ်တို့မှာ ပုံမှန်အားဖြင့် ဆီးနှင်းကျဆင်းမှုနှုန်း မြင့်မားတဲ့ကာလဖြစ်ပေမဲ့ လက်ရှိမှာတော့ ဆီးနှင်းကျဆင်းမှုက နည်းပါးနေပါတယ်။ အအေးဓာတ်မြင့်မားရမဲ့ကာလမှာ အပူချိန်မြင့်တက်နေပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပါတယ်။ မြက်ခင်းပြင်တွေမှာ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေဖြစ်ပါတယ်။ အဓိကကတော့ မီးမပေါ်ဆေးဖို့ပါပဲ။ မီးမပေါ်ဆေးဖို့အတွက်လဲ သက်ဆိုင်ရာက သတိပေးချက်တွေ ထုတ်ပြန်ပေးနေပါတယ်"ဟု National Integrated Drought Information System (NIDIS) မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

# ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံ

၂၀၂၆ ခုနှစ်
စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန


မြို့ပြပုံဆွဲဘာသာရပ် (BT 301) ခွင့်ပြုချိန် (၄:၀၀)နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ R.C.C Slab Culvert ၏ (က) Half Bottom Plan (၃၀ မှတ်)
(ခ) Half Top Plan (၂၀ မှတ်)
(ဂ) ကန့်လန့်ဖြတ်ပိုင်းပုံ (၃၀ မှတ်)
(ဃ) အလျားလိုက်ဖြတ်ပိုင်းပုံ တို့ကို (၂၀ မှတ်)
စကေး ¼" = 1' ဖြင့်ဆွဲပါ။

R.C.C Slab Culvert ၏ ယေဘုယျသတ်မှတ်ချက်များနှင့် ပုံကြမ်းများကို အောက်တွင်ဖော်ပြထားသည်။

Clear Span - 9'-0"
Effective Span - 10'-6"
Reduced Levels - RCC slab & တာရိုး၏ထိပ် = 198.58 ပေ
NGL = 192.58 ပေ၊ ရေနုတ်မြောင်းအောက်ခြေ = 191.83 ပေ
တာတမံ (Embarkment) - ထိပ်အကျယ် = လမ်း ၁၂ ပေ + လမ်းတစ်ဖက် တစ်ချက်ရှိ လမ်းပခုံး ၃ ပေ။ ဘေးဘက်ဖိုမြေလျှောစောက် = 1½ H : 1 V
RCC Slab - 9" အထူ 1:2:4 သံကူကွန်ကရစ်ကြမ်းခင်း။
Beams - 15" x 6" 45 ပေါင် သံမဏိဆင့် (RSJ) ကို တစ်ခုနှင့် တစ်ခုကြား 5'-10" စီ C/C ခြား၍ ထောက်မထားသည်။
တံတားအစွန်း ပလက်ဖောင်း - RCC ကြမ်းခင်းပေါ်တွင် 1:2:4 ကွန်ကရစ်ဖြင့် 13½" x 9" အထူရှိသော ပလက်ဖောင်း။
Abutment, Wing Wall & Return Wall - မြေကာနံရံအားလုံးကို 1:3 အချိုးသရွတ်ဖြင့် အုတ်စီထားပါသည်။ Wing Wall များကို Abutment နံရံနှင့် Construction joint ခံ၍ တည်ဆောက်ထားပါသည်။ နံရံအားလုံးအတွက် အုတ်မြစ်အနက်သည် 4'-0"။ Return Wall ၏အမြင့်မှာ အုတ်မြစ်အထက် 4'-0" ဖြစ်ပြီး ၎င်း၏ အတိုဆုံး အလျားမှာ 1'-6" ဖြစ်သည်။
End piers - 18" x 18" အုတ်တိုင်အမျိုးအစား RCC slab အထက် 5'-3" အမြင့်။
လက်ရန်းသံတန်း - အချင်း ၂ လက်မ ပိုက်အား ရေပြင်ညီ ၄ တန်းထားရှိရမည်။ အပေါ်ဆုံးသံတန်း၏ အလယ်ဗဟိုသည် RCC slab အထက် 3'-9" ဖြစ်သည်။
လမ်း - သံကူကွန်ကရစ် Slab နှင့် Water Bound Macadam အောက်ခံလွှာပေါ်တွင် 3" အထူရှိသော ကတ္တရာများနှာပြင်အား ရေမတင်စေရန် အနည်းငယ်ခုံး၍ ခင်းထားသည်။




*******************************************************

၂၀၂၆ ခုနှစ်
စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်း (BT 302) ခွင့်ပြုချိန် (၃)နာရီ

အပိုင်း (က)

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါတို့ကိုမှန်လျှင်(မှန်) မှားလျှင်(မှား)ဖြေဆိုပါ။ (၁၀ မှတ်)

(၁) သစ်၏အူတိုင်တစ်ဝိုက်ရှိသော အတွင်းသားကို အနှစ်သားဟုခေါ်သည်။
(၂) ဖန်တီးသောနည်းဖြင့် အသားသေစေခြင်း နည်းလမ်းမှာ အချိန်ပိုကြာသောကြောင့် အသုံးပြုခြင်း နည်းပါးသည်။
(၃) ခေါက်ပေတံသည် တိုင်းတာခြင်းတွင်သုံးသော အတိုင်းအတာကိရိယာဖြစ်ပါသည်။
(၄) ပိုး၍ဆက်ခြင်း (Fish joint)သည် ရှည်အောင်ဆက်နည်း (Lengthing Joint) အမျိုးအစားဖြစ်သည်။
(၅) အခန်းအတွင်း လေဝင်လေထွက် ကောင်းစေရန်အတွက် တံခါးများကို ဆန့်ကျင်ဘက်နံရံများတွင် ထားရှိသင့်သည်။
(၆) စံသတ်မှတ်ထားသော ပြတင်းပေါက်၏ အမြင့်သည် ယေဘုယျအားဖြင့် ကြမ်းပြင်အဆင့်မှ ၉၀၀ မီလီမီတာ သို့မဟုတ် ၃ ပေဖြစ်သည်။
(၇) လျှောတံခါးများကို ကားဂိုဒေါင်များ သို့မဟုတ် ဈေးဆိုင်များအတွက် အထူးသင့်လျော်ပြီး ကြီးမားသောအဖွင့်များ ပြုလုပ်နိုင်သည်။
(၈) ကြိုင်ပုံစံသစ်သားတုံးများကို ဖားတုံး(purlin cleats) ဟု ခေါ်ပါသည်။
(၉) Couple close roof (အခြေထိန်းထုပ်တန်းနှင့် နှစ်ဖက်စောင်းအမိုး) အမိုးများကို ၄ မီတာရှိသော ခန်းပွင့်များအတွက် အသုံးပြုနိုင်သည်။
(၁၀) လှေကားခြေနင်းနှစ်ခုအကြား အထက်အောက် တည့်မတ်စွာရှိသော အစိတ်အပိုင်းကို လှေကားခြေနင်း(Tread)ဟု ခေါ်သည်။

(ခ) အောက်ပါတို့၏ အမှန်ကန်ဆုံးအဖြေကို ရွေးချယ်ပါ။ (၁၀ မှတ်)

(၁) ..........တိုက်ခွဲနည်းသည် လွယ်ကူမြန်ဆန်ပြီး အလေအလွင့် အနည်းဆုံးဖြစ်ပါသည်။
(က) အချပ်လွှာ (ခ) ဖရုံစိတ် (ဂ) လေးပိုင်းပိုင်း၍
(၂) ပင်စည်၏ အလယ်ဗဟိုတွင်ရှိသော ပျော့ပျောင်းသောအပိုင်းကို.................. ဟု ခေါ်သည်။
(က) အူတိုင် (ခ) အနှစ်သား (ဂ) အခေါက်
(၃) လက်သုံးကိရိယာများကို အမျိုးအစား ......................မျိုး ခွဲခြားနိုင်ပါသည်။
(က) ၃ (ခ) ၄ (ဂ) ၅
(၄) .................. နည်းကို သစ်သားကြမ်းခင်း ပျဉ်ပြားဆက်ရာနှင့် တံခါးများတွင် ပျဉ်များချထားရန်အတွက် အသုံးပြုသည်။
(က) ဘေးတိုက်ဆက်နည်း (ခ) ရှည်အောင်ဆက်နည်း (ဂ) အစောင်းဆက်နည်း
(၅) ထုပ်တန်းများကြားတွင်ရှိသော ဧရိယာကို.....................ဟု ခေါ်သည်။
(က) sill (ခ) panel (ဂ) Sash Door
(၆) တံခါးရွက်ကိုအပေါ်ဘက်တွင် ပတ္တာတပ်ဆင်ထားပြီး အပြင်ဘက်သို့ ရွှေ့နိုင်ခြင်းကို.................... ဟုခေါ်သည်။
(က) အပေါ်ပတ္တာ (ခ) အောက်ခြေပတ္တာ (ဂ) ဆုံလည်
(၇) ပုံတွင် ပြထားသော လက်သုံးကိရိယာ၏နာမည်မှာ.......................ဖြစ်ပါသည်။
(က) ဆောက်ခုံး (ခ) စရွေးဆောက် (ဂ) အုတ်ထွင်းဆောက်



ပုံ (၁)

(၈) မြင်းမိုရ်၌ အစွန်းထွက်နေသော မြားတန်းများ၏ ထိပ်ကို ဖုံးအုပ်ထားသော ပျဉ်ပြားကို ............................. ဟုခေါ်သည်။
(က)ဘဲတောင် (ခ) တံစက်မြိတ် (ဂ)မြင်းမိုရ်
(၉) လှေကားများသည် ၎င်းတို့၏အလျားတစ်လျှောက် ဦးတည်ရာတစ်ဖက်တည်းသို့သာ ဆက်သွားနေသော လှေကားကို..........................လှေကားဟုခေါ်သည်။
(က) Straight Flight (ခ) Quarter Turn (ဂ) Half Turn
(၁၀) လှေကားလက်ရန်း တောင့်တင်းစေရန် ထောက်ထားသော ဒေါင်လိုက်အစိတ်အပိုင်းများကို ............................ ဟုခေါ်သည်။
(က) Newels (ခ) Baluster (ဂ) Hand Rail

(ဂ) အောက်ပါတို့၏ အဖြေမှန်များကို အဖြေလွှာစာအုပ်တွင် ရေးသားဖြေဆိုပါ။ (၁၀ မှတ်)


(၁) သစ်သားကို ခွဲစိတ်ခြင်းနည်းလမ်းမှာ......................ရှိပါသည်။
(၂) သစ်သားများကို......................(ကြေးနီအခြေခံ)ကို အသုံးပြု၍ ထိန်းသိမ်းနိုင်ပါသည်။
(၃) ...................ကိရိယာများကို ပြင်ပအတိုင်းအတာများအတွက် အသုံးပြုပြီး မှတ်သားမှုတိကျစေရန် ပတ္တာကွေးစကေးလ် ခြေထောက်တစ်စုံပါဝင်ပါသည်။
(၄) ......................သည် သစ်သားများကို အလျားလိုက် ချိတ်ဆက်ပေးသည်။
(၅) စံသတ်မှတ်ထားသော တံခါးဆိုက်မှာ.....................ဖြစ်သည်။
(၆) ကျည်းပေါက်၏အောက်ခြေတွင် အလျားလိုက် ဖွဲ့စည်းထားသောအဖွဲ့ဝင်ကို ......................ဟု ခေါ်သည်။

စာမျက်နှာ ၂၇ သို့

စာမျက်နှာ ၂၆ မှ အဆက်

( ၇ ) ပြတင်းပေါက်ရွေ့လျားမှုများ၏ အထွေထွေအမျိုးအစားများ (types of window movements) .......................... ရှိပါသည်။

( ၈ ) ပေးထားသော လက်သုံးကိရိယာပုံ၏အမည်မှာ..................ဖြစ်ပါသည်။



ပုံ (၂)

( ၉ ) အပေါ်ထပ်သို့တက်သွားစဉ် သုံးကြိမ်တိုင် လက်ယာရစ် (သို့) လက်ဝဲရစ် လှည့်တက်ရသော လှေကားမျိုးဖြစ်သောကြောင့်..............ဟု ခေါ်သည်။

(၁၀) ခေါင်မိုး၏ အောက်ဆုံးအနားကို ....................ဟု ခေါ်သည်။

အပိုင်း (ခ)

မေးခွန်းအားလုံးဖြေဆိုပါ။

၂။ အောက်ပါတို့ကိုဆွေးနွေးတင်ပြပါ။ (၃၀ မှတ်)

(က) အနှစ်သားနှင့် အကာသားအကြောင်းကို ဖော်ပြပါ။

( ခ ) အချင်းတိုင်းကိရိယာ၏ အသုံးပြုပုံကို ဖော်ပြပါ။


( ဂ ) ရှည်အောင်ဆက်နည်း အမျိုးအစားအမျိုးမျိုးကို ဖော်ပြပါ။

(ဃ) တံခါးပေါက်လှုပ်ရှားမှုများ၏ ယေဘုယျအမျိုးအစားများကို ဖော်ပြပါ။

( င ) ခေါင်မိုးအမျိုးအစားများကို ဖော်ပြပါ။

(သို့မဟုတ်)

Calculate the splice length for beam in the following figure?




ပုံ (၃)

(စ) လှေကားအမျိုးအစားများကို ဖော်ပြပါ။

(သို့မဟုတ်)

သစ်လုံးပတ်ဖြတ်လက်မနှင့် အရှည် ၃၂ပေရှိသော သစ်လုံးကို ကုဗပေနှင့်တန်ဖွဲ့ပြပါ။

အပိုင်း (ဂ)

အောက်ပါတို့မှ နှစ်သက်ရာ(နှစ်ပုဒ်)ကို ဖြေဆိုပါ။

၃။ (က) သပ်ရပ်သော ပုံကြမ်းဖြင့် (exogenous) သစ်ပင်များ၏ ခန္ဓာဗေဒပုံစံကို ရေးဆွဲပါ။ (၂၀ မှတ်)


( ခ ) အမိုးတွင် အသုံးပြုသည့် ဝေါဟာရအမျိုးအစားအမျိုးမျိုးကို ချရေးပြီး ကြိုက်နှစ်သက်ရာ အမျိုးအစား (၅)မျိုးကို ရှင်းပြပါ။

၄။ (က) လှေ အမျိုးအစားများ၏ အမည်များကို ချရေးပါ။ (၂၀ မှတ်)

( ခ ) Tabulate the total weight of bar for column (Bar Bending Schedule) in the following figure? (with tie bars)

(Unit weight of 16 mm(5/8") bar = 1.044 lb/ft)

(Unit weight of 8 mm(5/16") bar = 0.265 lb/ft)




ပုံ (၄)

၅။ အောက်ပါဝေါဟာရများကို အဓိပ္ပာယ်သတ်မှတ်ပါ။ (၂၀ မှတ်)

(က) Panel (ခ) တံခါးအောက်ခံ (ဂ) တံခါးရွက် (ဃ) တံခါးတိုင်

(င) အပေါ်ဆုံးထုပ် (စ) သော့ခတ်ထုပ် (ဆ) အောက်ခြေထုပ် (ဇ) ကြက်ရင်တန်း

(ဈ) Sash door (ည) ကျည်းဘောင် (သို့) ကျည်းခွေ

(သို့မဟုတ်)

(က) Draw the splice length for beam (Top Bar and Bottom Bar) with neat sketch?

(ခ) Draw a neat sketch for dovetail halving joint?

---

## ၂၀၂၆ ခုနှစ်

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**မြေတိုင်းဘာသာရပ် (BT 303)** **ခွင့်ပြုချိန် (၃)နာရီ**

အပိုင်း (က)

မေးခွန်းအားလုံး ဖြေဆိုပါ။

၁။ (က) အောက်ပါတို့မှ အမှန်ကန်ဆုံးအဖြေကို ရွေးချယ်ပါ။ (၁၀ မှတ်)

(၁) Levelling တွင် staff reading များဖတ်သောအခါ line of collimation သည် ........... ဖြစ်သင့်သည်။

(က) အလျားလိုက် (ခ) ဒေါင်လိုက် (ဂ) (က) နှင့် (ခ)

(၂) Line of sight သည် အလျားလိုက်ဖြစ်သော်လည်း level line သည် မျဉ်းကွေးဖြစ်ပြီး မြေကြီး၏ ခုံးနေသော ပျမ်းမျှမျက်နှာပြင်နှင့်............... ဖြစ်သည်။

(က) အပြိုင် (ခ) ထောင့်မှန် (ဂ) ထက်ဝက်ပိုင်း

(၃) ..............သည် ကမ္ဘာ့မြေမျက်နှာပြင်နှင့် အပြိုင်ဖြစ်သည်။

(က) Horizon (ခ) Meridian (ဂ) Horizon

(၄) Theodolite သည် .................ထောင့်များကို တိုင်းတာသည့် instrument တစ်ခု ဖြစ်သည်။

(က) အလျားလိုက် (ခ) ဒေါင်လိုက် (ဂ) အလျားလိုက် နှင့် ဒေါင်လိုက်

(၅) End area formula ကို...............formula ဟုလည်း ခေါ်ဆိုသည်။ ဖြင့် တွက်ယူနိုင်သည်။

(က) trapezoidal (ခ) prismoidal (ဂ) principle of reversal

(၆) ကြမ်းတမ်းသော မြေမျက်နှာသွင်ပြင်အတွက် five-level (သို့မဟုတ်)........... section ကို အသုံးပြုသည်။

(က) multi-level (ခ) transition (ဂ) side-hill

(၇) Closed traverse တစ်ခုတွင် north latitudes နှင့် south latitudes ပေါင်းခြင်းသည် ...............နှင့်ညီသည်။

(က) 60 (ခ) 0 (ဂ) 180

(၈) SE quadrant တွင် latitude ၏ လက္ခဏာသတ်မှတ်ချက်မှာ.................... ဖြစ်သည်။

(က) အပေါင်း (ခ) အနုတ် (ဂ) သုည

(၉) Horizontal curve များကို အမျိုးအစား ............... ခွဲခြားနိုင်သည်။

(က) ၄ (ခ) ၅ (ဂ) ၆

(၁၀) .............. curve များသည် မတူညီသောအချင်းများရှိသည့် နှစ်ခု (သို့မဟုတ်) ထက်ပိုသော ပေါင်းစပ်မှုဖြစ်သည်။

(က) compound (ခ) reverse (ဂ) spiral

(ခ) အောက်ပါတို့၏ အမည်များကို အဖြေလွှာစာအုပ်တွင် ရေးသားဖြေဆိုပါ။ (၁၀မှတ်)




အပိုင်း (ခ)

မေးခွန်းအားလုံးဖြေဆိုပါ။

၂။ A Dumpy level was set up at C exactly midway between two pegs A and B 100 metres apart. The readings on the staff when held on the pegs A and B were 2.250 and 2.025 respectively. The instrument was then moved and set up at a point D on the line BA produced, and 20 metres from A. The respective staff reading on A and B were 1.875 and 1.670, Calculate the staff readings on A and B to give a horizontal line of sight? (၁၀မှတ်)

၃။ A road at the formation level is 6 m wide and has a side slope of 2:1. The road is to have a constant R.L. of 200 m. The ground is level across the centre line of the road. The following observations were made: (၁၀မှတ်)

| Chainage (m) | 0 | 20 | 40 | 60 | 80 | 100 |
|---|---|---|---|---|---|---|
| Surface levels | | | | | | |
| Along c/l of raod | 204.6 | 203.0 | 200.8 | 201.6 | 202.0 | 200.2 |

Estimate the volume of earthwork?

၄။ Coordinates of two points A and B are given below. A third point C has been chosen in such a way that bearings of AC and CB are 29°30' and 45°45', respectively. Calculate the lengths of the lines AC and CB? (၁၀မှတ်)

| Point | North | Easting |
|---|---|---|
| A | 150 | 200 |
| B | 1500 | 1300 |

စာမျက်နှာ ၂၈ သို့

# အတုယူမမှားသင့်သော နေ့နှင့် ဓလေ့

## ညွန့်ဝင်း(နတ်တလင်း)

နည်းပညာခေတ်တွင် ကူးလူးဆက်ဆံမှုတို့ မြန်ဆန်လာသဖြင့် ကမ္ဘာကို ရွာကြီးတစ်ရွာအဖြစ် တင်စားခဲ့ကြသည်။ နည်းပညာများတိုးတက်လာမှုနှင့်အတူ လူမျိုးတစ်မျိုး၏ယဉ်ကျေးမှုဓလေ့များသည် အခြားလူမျိုးများကို ကူးစက်လာသည်။ ချစ်သူများနေ့နှင့် ပြုမူနေထိုင်ပုံဓလေ့သည် အနောက်နိုင်ငံများမှ အရှေ့နိုင်ငံများသို့ ကူးစက်လာသော ယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်သည်။ ဤတွင် အခြားယဉ်ကျေးမှုဓလေ့တစ်ခုကိုလက်ခံကျင့်သုံးရာ၌ မိမိတို့၏ ယဉ်ကျေးမှုနှင့် သဟဇာတဖြစ်၏၊ မဖြစ်၏ဟူသော အချက်ကို ထည့်သွင်းစဉ်းစားသင့်သည်။

မြန်မာနိုင်ငံသည် ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်နေထိုင်ခဲ့သော နိုင်ငံဖြစ်သည်။ ခေတ်ရေစီးကြောင်းအရ အနောက်တိုင်းယဉ်ကျေးမှုများ အရှေ့တိုင်းနိုင်ငံများသို့ ကူးစက်လာချိန်၌ ချစ်သူများနေ့ဟူသော အနောက်တိုင်းယဉ်ကျေးမှုသည် မြန်မာနိုင်ငံသို့လည်း ရောက်ရှိလာသည်။ လူငယ်များကြားတွင် ရေပန်းစားနေသော ချစ်သူများနေ့နှင့် ဓလေ့များသည် အနောက်တိုင်းယဉ်ကျေးမှုပုံရိပ်များဖြစ်သည်။ ထိုယဉ်ကျေးမှုပုံရိပ်များသည် အနောက်နိုင်ငံများတွင် သူ့နိုင်ငံ၊ သူ့ဓလေ့နှင့် သင့်တော်လျော်ကန်မှု ရှိကောင်းရှိနိုင်သော်လည်း မြန်မာနိုင်ငံကဲ့သို့သော အရှေ့တိုင်းနိုင်ငံများနှင့်ကား မသင့်တော်နိုင်ချေ။

ချစ်သူများနေ့၏ ဓလေ့ပုံရိပ်တချို့သည် မြန်မာလူမျိုးများနှင့် သင့်တော်အပ်စပ်မှုမရှိပုံကို မဖော်ပြမီ ချစ်သူများနေ့ပေါ်ပေါက်လာပုံနှင့် ဆင့်ပွားဓလေ့များကို အကျဉ်းမျှ တင်ပြလိုပါသည်။ အနောက်နိုင်ငံဘုရင်ကြီး Claudius II လက်ထက်တွင် လူငယ်လူရွယ်တို့ကို လွတ်လပ်စွာလက်ထပ်ထိမ်းမြားခွင့် ထိန်းချုပ်ပိတ်ပင်ခဲ့သည်။ အဘယ်ကြောင့် ထိန်းချုပ်ပိတ်ပင်ရသနည်းဟုဆိုလျှင် နိုင်ငံတော်ကာကွယ်ရေးအတွက် လူငယ်အများစုလက်ထပ်ကြလျှင် စစ်ထွက်မည့်အချိန်၌ အိမ်ထောင်မှုကို အကြောင်းပြကာ တာဝန်ထမ်းဆောင်ရန် ငြင်းပယ်တတ်ကြသောကြောင့်ဖြစ်သည်။ ထိုသို့မဖြစ်စေရန် ဘုရင်က လူငယ်ချစ်သူများ လက်ထပ်ခွင့်ကို ထိန်းချုပ်ခဲ့သည်။ ထိုအခါ လူငယ်လူရွယ်တို့၏ အခွင့်အရေးနှင့် ခံစားမှုကို စာနာထောက်ထားသော ဘုန်းတော်ကြီး St. Valentine က ချစ်သူစုံတွဲများကို တိတ်တဆိတ် ကူညီလက်ထပ်ပေးခဲ့သည်။ ဤအကြောင်းကို သိသော ဘုရင်ကြီးက ဘုရင့်အမိန့်ကိုဆန့်ကျင်သည့် ဘုန်းတော်ကြီး St. Valentine ကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ကွပ်မျက်ခဲ့သည်။

နောက်ပိုင်းတွင် လူငယ်များ၏အကျိုးကို ကူညီဆောင်ရွက်မှုကြောင့် ကွပ်မျက်ခံခဲ့ရသော ဘုန်းတော်ကြီး St. Valentine ကို လူအများကအောက်မေ့သတိရသောအားဖြင့် ဖေဖော်ဝါရီ ၁၄ ရက် ရောက်တိုင်း အမှတ်တရအခမ်းအနားများ၊ တွေ့ဆုံပွဲများကျင်းပခဲ့သည်။ သို့သော် ၁၇ ရာစုထိ လူငယ်များကြားတွင် ချစ်သူများနေ့ဟူသောဓလေ့များ ခေတ်မစားခဲ့သေးချေ။ ၁၈ ရာစုသို့အရောက်တွင် ချစ်ခင်သူ၊ သံယောဇဉ်ရှိသူအချင်းချင်းတွေ့ဆုံကာ အမှတ်တရလက်ဆောင်များပေးအပ်သည့်ဓလေ့ ထွန်းကားလာသည်။ အမှတ်တရလက်ဆောင်များ အများဆုံးလက်ခံရရှိသူများမှာ ဇနီးများ၊ မိခင်များနှင့် ဆရာ၊ ဆရာမများဖြစ်သည်။

ယနေ့မျက်မှောက်ခေတ်တွင် ဖေဖော်ဝါရီ ၁၄ ရက်ကို ချစ်သူများနေ့(Valentine Day)ဟု ရေပန်းစားလာပြီး ချစ်သူစုံတွဲများတွေ့ဆုံ၍ အမှတ်တရလက်ဆောင်များပေးကြသည်။ လက်ဆောင်များတွင် မုန့်များ၊ အသုံးအဆောင်ပစ္စည်းများအမျိုးမျိုးပါဝင်ကြသည်။ အချို့အမျိုးသားလူငယ်များကလည်း မိမိချစ်သူအပေါ်အခွင့်အရေးယူကာ အတူနေထိုင်ရန် တောင်းဆိုကြသည်။ အမှန်စင်စစ် ချစ်သူချင်းအတူနေထိုင်မှုဓလေ့သည် မြန်မာ့ယဉ်ကျေးမှုနှင့်လုံးဝမကိုက်ညီပေ။ ရှေးအခါကမြန်မာတို့သည် ချစ်သူအချင်းချင်း ရိုးသားဖြူစင်စွာချစ်ခင်ကြသည်။ လက်မထပ်မီအတူနေရန်ဝေးစွ။ ထိတွေ့မှု၌ပင် အလွန်အကြူးမရှိကြပေ။ နှစ်ဦးစလုံးလက်မထပ်မီ ဖြူစင်သန့်ရှင်းစွာ နေထိုင်ကြသည်။ ဤကား မြန်မာလူငယ်တို့စောင့်ထိန်းခဲ့သော မြတ်နိုးဖွယ်ယဉ်ကျေးမှုဓလေ့ဖြစ်သည်။

**❖ မြန်မာတို့သည် ဟီရိဩတ္တပ္ပတရားနှစ်ပါးကို လက်ခံကျင့်သုံးကြသူများဖြစ်သည်။ ဟီရိဟူသည် ရှက်ခြင်းဖြစ်ပြီး ဩတ္တပ္ပသည် ကြောက်ခြင်းဖြစ်သည်။ မြန်မာ့လူ့ဘောင်တွင် ဤတရားနှစ်ပါးသည် မြန်မာ့ယဉ်ကျေးမှုလူ့ဘောင်ကို ထိန်းသိမ်းစောင့်ရှောက်သော တရားနှစ်ပါးဖြစ်သည်။ ဤတရားနှစ်ပါးပျက်ယွင်းလျှင် မြန်မာ့ယဉ်ကျေးမှုလည်း ပျက်ယွင်းပေလိမ့်မည်။ ထို့ကြောင့် မြန်မာအမျိုးသား၊ အမျိုးသမီးတိုင်း မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့် ယဉ်ကျေးမှုများကို ရှောင်ကြဉ်ကြရမည်ဖြစ်ပေသည်။ ❖**

မြန်မာတို့သည် ဟီရိဩတ္တပ္ပတရားနှစ်ပါးကို လက်ခံကျင့်သုံးကြသူများဖြစ်သည်။ ဟီရိဟူသည် ရှက်ခြင်းဖြစ်ပြီး ဩတ္တပ္ပသည် ကြောက်ခြင်းဖြစ်သည်။ မြန်မာ့လူ့ဘောင်တွင် ဤတရားနှစ်ပါးသည် မြန်မာ့ယဉ်ကျေးမှုလူ့ဘောင်ကို ထိန်းသိမ်းစောင့်ရှောက်သော တရားနှစ်ပါးဖြစ်သည်။ ဤတရားနှစ်ပါး ပျက်ယွင်းလျှင် မြန်မာ့ယဉ်ကျေးမှုလည်း ပျက်ယွင်းပေလိမ့်မည်။ ထို့ကြောင့် မြန်မာအမျိုးသား၊ အမျိုးသမီးတိုင်း မြန်မာ့ယဉ်ကျေးမှုနှင့် ဖီလာဆန့်ကျင်သည့်ယဉ်ကျေးမှုများကို ရှောင်ကြဉ်ကြရမည်ဖြစ်ပေသည်။

မြန်မာသားပျို၊ သမီးပျိုများအနေဖြင့် မိမိတို့သည် ယဉ်ကျေးသိမ်မွေ့သောဓလေ့စရိုက်ရှိသည့် လူမျိုးဖြစ်သည်ကို မမေ့သင့်ချေ။ မိမိတို့ယဉ်ကျေးမှုနှင့် မကိုက်ညီသော အနောက်တိုင်းယဉ်ကျေးမှုများကို အတုမယူသင့်ပေ။ ထိုသို့မဟုတ်ဘဲ ချစ်သူချင်းစောင့်ထိန်းရမည့်စည်းများကိုကျော်၍ နေထိုင်မိလျှင် မိမိတို့ဘဝ တန်ဖိုးမဲ့ထိခိုက်နစ်နာမည်ကိုသတိပြုသင့်ပေသည်။ အနောက်တိုင်းယဉ်ကျေးမှုကို အထင်ကြီးနှစ်ခြိုက်ကာ စည်းကျော်၍နေထိုင်ခဲ့သော ချစ်သူစုံတွဲများသည် အိမ်ထောင်မရှိဘဲ သားသမီးမွေးဖွားသောမိခင်များဖြစ်လာမှု၊ သန္ဓေဖျက်ချမှု၊ အသက်မပြည့်မီ လက်ထပ်လိုက်ရမှုများ စသည့်မလိုလားအပ်သည့် လူမှုဒုက္ခများကို ခံစားကြရပေသည်။ လူငယ်လူရွယ်တို့သည် ချစ်မေတ္တာနှင့် တဏှာရမ္မက်ကို ခွဲခြားသိသင့်သည်။ ထိတွေ့ဆက်ဆံရမှ အချစ်မဟုတ်။ တစ်ဦးနှင့်တစ်ဦး ကြင်နာသနားမှု၊ ဖေးမကူညီမှု၊ နားလည်ပေးမှု၊ သစ္စာစောင့်ထိန်းမှုတို့သည် မွန်မြတ်သန့်စင်သောအချစ်စစ်၏ ပြယုဂ်ဖြစ်သည်။ တဏှာရမ္မက်ကိုသာ ဦးစားပေးသောအချစ်သည် မတည်မြဲတတ်ပေ။ တဏှာရမ္မက်တို့ အရှိန်သေသွားသည်နှင့် ဘာအချစ်မျှမရှိတော့ချေ။ ဤသဘောကို လူငယ်လူရွယ်တို့ သိသင့်သည်။ အချို့အမျိုးသားလူငယ်များသည် မိမိချစ်သူအပေါ် မိမိက အခွင့်အရေးမယူလျှင် နောင်တွင် အခြားတစ်ယောက်က ယူသွားလိမ့်မည်ဟု နမချင်းမစာနာသော၊ မှားယွင်းသော အယူအဆများကို လက်ကိုင်ထားတတ်ကြသည်။ အချို့မိန်းကလေးများကလည်း မိမိမလိုက်လျောလျှင် မိမိချစ်သူက မိမိကို သစ္စာဖောက်သွားလိမ့်မည်ဟု လွဲမှားစွာတွေးဆတတ်ကြသည်။ ထို့ကြောင့် တဏှာရမ္မက်သည် အချစ်မဟုတ်သည်ကို လူငယ်တိုင်း သတိမူသင့်သည်။

ချစ်သူချင်းအတူနေထိုင်မှုသည် မိမိတို့၏အချစ်ကို သက်သေပြရာမရောက်သည့်အပြင် ကျန်းမာရေးရှုထောင့်မှကြည့်လျှင် ကူးစက်နိုင်သောရောဂါများဖြစ်သည့် ခုခံအားကျဆင်းမှုရောဂါနှင့် အသည်းရောင်အသားဝါ ဘီပိုးနှင့်စီပိုးများ ကူးစက်နိုင်သည်။ ဗုဒ္ဓဘာသာရှုထောင့်မှကြည့်လျှင် ငါးပါးသီလတွင် ပါဝင်သည့် ကာမေသုမိစ္ဆာစာရကံ(မိဘမောင်ဖွားအုပ်ထိန်းမှုအောက်ရှိ မိန်းကလေးကို ကျူးလွန်ခြင်း)ကို ကျူးလွန်ရာရောက်သည်။ တရားဥပဒေရှုထောင့်မှကြည့်လျှင်လည်း မုဒိမ်းမှုနှင့်ဆက်စပ်အမှုများ ကျူးလွန်သကဲ့သို့ ဖြစ်သွားနိုင်သည်။

ထို့ကြောင့် ချစ်သူများနေ့နှင့် ယဉ်ကျေးမှုဓလေ့များကို မြန်မာအမျိုးသား၊ အမျိုးသမီးငယ်များအနေဖြင့် လွဲမှားစွာမကျင့်သုံးရန်နှင့် မိမိတို့၏ယဉ်ကျေးမှုများကို နှစ်သက်မြတ်နိုးစွာထိန်းသိမ်းစောင့်ရှောက်ကြရန် အထူးလိုအပ်သည်။ အမျိုးသားငယ်များကလည်း မိမိ၏ချစ်သူအပေါ် ရှင်းသန့်ဖြူစင်စွာချစ်ခင်မြတ်နိုးနိုင်အောင်ကြိုးစား၍ အမျိုးသမီးငယ်များကလည်း မိမိ၏ တန်ဖိုးရှိသောအပျိုစင်ဘဝကို ထိန်းသိမ်းသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

စာမျက်နှာ ၂၇ မှ အဆက်

၅။ A circular curve has a 200 m radius and 65° deflection angle. What is its degree (a) by arc definition and (b) by chord definition. Also calculate: (၁၀မှတ်)
( i ) length of curve, ( ii ) tangent length, ( iii ) length of long chord,
( iv ) apex distance, and ( v ) mid–ordinate.

### အပိုင်း (ဂ)

### အောက်ပါတို့မှနှစ်သက်ရာ(နှစ်ပုဒ်)ကိုဖြေဆိုပါ။

၆။ (က) Collimation line သည် အထက်သို့ (upward) တိမ်းညွတ်မှုကြောင့် ဖြစ်ပေါ်သော error သည် လုံးလုံးလျားလျား ဖယ်ရှားနိုင်ပြီး apparent difference သည် true difference နှင့်ညီမျှကြောင်းသက်သေပြပါ။ (၂၀မှတ်)

(ခ) မည်သည့်အခြေအနေတွင် staff ကိုအတည့်တိုင်း၍ မည်သည့်အခြေအနေတွင် staff ကို ပြောင်းပြန်(inverted)တိုင်းပါသနည်း။ Inverted staff အသုံးပြုသောနေရာ (၃)မျိုးကို ဖြေဆိုပါ။

During the construction work, the following notes are recorded. Reading on Peg A and B on ground were 1.988 and 1.556. Reading on inverted staff at points C and D on ground were 3.682 and 4.832. The instrument was then shifted and read on point D again. Reading on point D was 3.175. Reading on pegs E, F and G were 4.112, 3.785 and 3.298 respectively. Assume the first reading was taken on a BM of RL100.000m and find the RLs of remaining reading?

၇။ (က) Traversing ဟူသည်အဘယ်နည်း။Traverseတိုင်းတာရာတွင်မည်သည့်ကိရိယာများကို မည်သည့်ရည်ရွယ်ချက်ဖြင့် အသုံးပြုသနည်း။ Traverse အမျိုးအစားများကို ဖော်ပြပြီး ၎င်းတို့အား ဥပမာနှင့်တကွ ဖြေဆိုပါ။ (၂၀မှတ်)

(ခ) For the following traverse, compute the length of line CD so that A, D and E may be in one straight line.

| Line | Length (m) | Bearing |
|---|---|---|
| AB | 110 | 83°12' |
| BC | 165 | 30°42' |
| CD | ? | 346°06' |
| DE | 212 | 16°18' |

၈။ (က) Theodolite instrument ကို object မှ 25’ 7’’ အကွာအဝေးတွင် set up ပြုလုပ်ထားပါသည်။ Zenith angles တန်ဖိုးများမှာ 41°10’55’’ နှင့် 99°25’55’’တို့ဖြစ်ပါသည်။ ထို object ၏အမြင့် (vertical height) ကိုရှာပါ။ အထက်ပါလုပ်ငန်းစဉ်အား Theodolite instrument ကို အသုံးပြု၍ တိုင်းတာမည်ဆိုပါက မည်သည့်ကိရိယာများကို ယူဆောင်သွားရန် လိုအပ်ပါသနည်း။ (၂၀မှတ်)

(ခ) A road embankment is 8 m wide and 200 m in length, at the formationlevel, with a side slope of 1.5:1. It has a falling gradient of 1 in 100 m.

| Distance (m) | 0 | 100 | 200 | 300 | 400 |
|---|---|---|---|---|---|
| R.L. (m) | 164.5 | 165.2 | 166.8 | 167 | 167.2 |

The formation level of zero chainage is 166 m. Calculate the volume of earthwork?

***************************************************

# JF-17 တိုက်လေယာဉ်များ ပြည်ပသို့တင်ပို့ရန်ကြိုးပမ်းနေသော ပါကစ္စတန်နိုင်ငံ

ပါကစ္စတန်အစိုးရက ၎င်းတို့အနေဖြင့် ပြည်ပနိုင်ငံတချို့သို့ JF-17 အဆင့်မြင့်တိုက်လေယာဉ်များ တင်ပို့နိုင်ရေးအတွက် ပါကစ္စတန်လေတပ် (PAF) ထိပ်တန်းခေါင်းဆောင်များနှင့် နိုင်ငံတချို့မှ တာဝန်ရှိသူများကြား ဆွေးနွေးပွဲများ လုပ်ဆောင်လျက်ရှိသည်။

သတင်းအစီရင်ခံစာများအရ အချို့သောနိုင်ငံများသည် ပါကစ္စတန်ဂျက်တိုက်လေယာဉ်များနှင့်ဆက်စပ်ကာကွယ်ရေးပစ္စည်းများကို ဝယ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပါကစ္စတန်နိုင်ငံမှ JF-17 တိုက်လေယာဉ် ၄၈ စင်းထိ ဝယ်ယူရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးနေခြင်းမှာ နှစ်နိုင်ငံဆက်ဆံရေးပြန်လည်တိုးတက်ကောင်းမွန်လာခြင်းဖြစ်သည်။

အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဆာဂျာဖရီဆာဂျမ်ဆိုဒင်နှင့် ပါကစ္စတန်လေတပ်ဦးစီးချုပ် ဇာဟီယာအာမက် ဘာဘာတို့သည် ယခုနှစ် ဇန်နဝါရီလဒုတိယပတ်အတွင်း အစ္စလာမ်မာဘတ်မြို့၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့ တွေ့ဆုံဆွေးနွေးစဉ် အင်ဒိုနီးရှားသို့ တိုက်လေယာဉ်အစင်း ၄၀ ခန့် ရောင်းချသွားရေးနှင့်စပ်လျဉ်း၍ စာချုပ်ချုပ်ဆိုနိုင်ရေးကိစ္စလည်းပါဝင်ခဲ့သည်။ ၎င်းစာချုပ်သည် တန်ဖိုးအမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်ရှိမည်ဖြစ်သည်။ ထို့ပြင် ဆော်ဒီအာရေဗျနိုင်ငံသည် ပါကစ္စတန်ထံမှရရှိရန် ချေးငွေနှစ်ဘီလီယံကို JF-17 တိုက်လေယာဉ်များနှင့် ခုနှိမ်ရောင်းချပေးရန် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။ အဆိုပါ စာချုပ်သည် ဒရုန်းနှင့်အထောက်အကူပြုပစ္စည်းများအပါအဝင် စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ လေးဘီလီယံကျော်မည်ဖြစ်သည်။

မကြာသေးမီအချိန်အတွင်းက ပါကစ္စတန်လေတပ်ဦးစီးချုပ်သည် အီရတ်သို့ အလည်အပတ်ရောက်ရှိခဲ့ပြီးနောက် အီရတ်နိုင်ငံအနေဖြင့်လည်း JF-17 တိုက်လေယာဉ်များ ဝယ်ယူသွားရန် စိတ်ပါဝင်စားကြောင်း ထုတ်ဖော်ပြောကြားလျက်ရှိသည်။ အလားတူ ဆူဒန်နှင့် လစ်ဗျားနိုင်ငံတို့အနေဖြင့်လည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံနှင့် လေးဘီလီယံတန်ဖိုးအသီးသီးရှိသည့် တိုက်လေယာဉ်များဝယ်ယူရန် ပါကစ္စတန်နှင့် စာချုပ် ချုပ်ဆိုထားရှိသည်။ အလားတူ အဇာဘိုင်ဂျန်နိုင်ငံအနေဖြင့်လည်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံတန်ဖိုးရှိသော တိုက်လေယာဉ်အစင်း ၄၀ ဝယ်ယူရန် ၂၀၂၅ ခုနှစ်အတွင်း ပါကစ္စတန်နှင့် ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးခဲ့သည်။

ထို့ကြောင့် ပြည်ပသို့ တိုက်လေယာဉ်တင်ပို့ရောင်းချမှု စုစုပေါင်းတန်ဖိုးသည် အမေရိကန်ဒေါ်လာဘီလီယံ ၂၀ ကျော်ရှိနိုင်ပြီး ၎င်းပမာဏသည် ပါကစ္စတန်၏ ကာကွယ်ရေးနှင့် ဘဏ္ဍာရေးတို့အတွက် အပြောင်းအလဲများစွာဖြစ်ပေါ်စေမည်ဖြစ်သည်။

အပေ့ါစားဘက်စုံသုံး JF-17 တိုက်လေယာဉ်သည် မကြာသေးမီနှစ်များအတွင်းကပင် ပါကစ္စတန်၏ လေကြောင်းစွမ်းအားလွှမ်းမိုးလာမှုကို ထင်ဟပ်လာစေခဲ့သဖြင့် ထိုသို့ ပြည်ပနိုင်ငံတချို့က ဝယ်ယူရန် ဆွေးနွေးကမ်းလှမ်းမှုများဖြစ်ပေါ်လာခဲ့သည်။ ကမ်ရာ(Kamra)ရှိ ပါကစ္စတန်လေယာဉ်တည်ဆောက်ရေးစက်ရုံနှင့် တရုတ်နိုင်ငံ၏ ချန်ဒူးလေယာဉ်ကော်ပိုရေးရှင်းတို့ ပူးတွဲသုတေသနပြုတည်ဆောက်ထားသည့် JF-17 တိုက်လေယာဉ်သည် ၂၀၀၃ ခုနှစ်တွင် စတင်ပျံသန်းခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပါကစ္စတန်လေတပ်၌ စတင်တာဝန်ထမ်းဆောင်ခဲ့သည်။

နောက်ဆုံးထုတ် Block III မူကွဲသည် အီလက်ထရွန်နစ်အထောက်အကူပြုပုံရိပ်ဖော်မှု(AESA)ရေဒါ၊ အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်များ၊ မြင်ကွင်းလွန်အကွာအဝေးထိဒုံးကျည်များ ပစ်ခတ်မှုစွမ်းဆောင်ရည်များမြှင့်တင်ထားသဖြင့် လေတပ်ဖွဲ့များကို သတ်မှတ်ဘတ်ဂျက်အတွင်း ဘက်စုံအသုံးပြုနိုင်သည့်စွမ်းဆောင်ရည်ပိုင်ဆိုင်စေမည်ဖြစ်သည်။ JF-17 တိုက်လေယာဉ်၏ ဈေးနှုန်းကိုတရားဝင်ထုတ်ပြန်ခြင်းမရှိသော်လည်း ၎င်းတိုက်လေယာဉ်တစ်စင်းလျှင် အမေရိကန်ဒေါ်လာ ၂၅ သန်းမှ



ပါကစ္စတန်နိုင်ငံထုတ် JF – 17 တိုက်လေယာဉ်ကို တွေ့ရစဉ်။

သန်း ၃၀ ကြားတွင်သာရှိသဖြင့် အမေရိကန်နိုင်ငံ၏ F-16 နှင့် ပြင်သစ်နိုင်ငံ၏ Rafale တိုက်လေယာဉ်တို့နှင့်နှိုင်းယှဉ်လျှင် ဈေးနှုန်းများစွာသက်သာလျက်ရှိသည်။

ပါကစ္စတန်ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုဝန်ကြီး ရာဇာဟာယတ်ဟာရတ်ဂျ်က တိုက်လေယာဉ်တင်ပို့ရောင်းချရေးနှင့်စပ်လျဉ်း၍ နိုင်ငံတချို့နှင့် ဆွေးနွေးမှုများလုပ်ဆောင်နေသော်လည်း ဆွေးနွေးမှုပြုလုပ်နေသည့် နိုင်ငံများနှင့် ဆွေးနွေးမှုအခြေအနေကို ထုတ်ဖော်ပြောကြားနိုင်မည်မဟုတ်ကြောင်း၊ တိုက်လေယာဉ်ရောင်းချမှုမှန်သမျှသည် တရုတ်နိုင်ငံ၏ အတည်ပြုချက်လိုအပ်ကြောင်း၊ တရုတ်နိုင်ငံသည် ပင်မကိုယ်ထည်နှင့်လေယာဉ်၏ အဓိကအစိတ်အပိုင်းများကို ဒီဇိုင်းရေးဆွဲခဲ့ပြီး အင်ဂျင်ကဲ့သို့သော အရေးပါသောအစိတ်အပိုင်းများကို ထောက်ပံ့ပေးထားကြောင်း၊ ပါကစ္စတန်အနေဖြင့် ကမ်ရာရှိ လေယာဉ်ထုတ်လုပ်ရေးစက်ရုံ၌ လေယာဉ်၏ ကြီးမားသောအစိတ်အပိုင်းများကို တည်ဆောက်တပ်ဆင်ကြောင်း၊ ထို့ပြင် ပါကစ္စတန်သည် အပြီးသတ်စမ်းသပ်မောင်းနှင်ခြင်းနှင့် လက်နက်စနစ်များကိုလည်း တပ်ဆင်ပေးလျက်ရှိကြောင်း ပြောကြားသွားခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ လေကြောင်းပြပွဲများ၌ ပါကစ္စတန်သည် ဈေးကွက်ချဲ့ထွင်မှုအနေဖြင့် JF-17 တိုက်လေယာဉ်ကို ခင်းကျင်းပြသခဲ့ရာ လူအများစိတ်ဝင်စားလာစေခဲ့သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် ကမ္ဘာတစ်ဝန်းရှိ တရုတ်စစ်ဘက်နည်းပညာများ၏ ဂုဏ်သတင်းကို သွယ်ဝိုက်မြှင့်တင်ခြင်းလည်းဖြစ်သည်။

အမှန်တော့ တိုက်လေယာဉ်ပူးတွဲထုတ်လုပ်သူ တရုတ်နိုင်ငံသည် အဆိုပါရောင်းချမှုများမှ အကျိုးအမြတ်များ မျှဝေရရှိမည်ဖြစ်သည်။ ပါကစ္စတန်နိုင်ငံက တိုက်လေယာဉ်ရောင်းချမှုမှန်သမျှတွင် တရုတ်နိုင်ငံမှ လေယာဉ်အစိတ်အပိုင်းများ၊ ခွင့်ပြုချက်လိုင်စင်များနှင့် နည်းပညာလွှဲပြောင်းပေးမှုများ ပါဝင်မည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ခြင်းသည် လေယာဉ်ရောင်းချမှုစာချုပ်စာတမ်းများ၌ တိုက်ရိုက်ပါဝင်ပတ်သက်ရန်မလိုဘဲ တရုတ်နိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်းများကို ခိုင်မာအားကောင်းလာစေမည်ဖြစ်သည်။

လက်ရှိအချိန်ထိ အတည်ပြုလက်မှတ်ရေးထိုးထားသောကန်ထရိုက်စာချုပ်များကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ပါကစ္စတန်၏ ကြော်ငြာအားသည်မြင့်တက်လျက်ရှိသည်။ ကာကွယ်ရေးဝန်ကြီး ခဝါဂျာအဇစ်ဖ်က အလားအလာရှိသော အဆိုပါကန်ထရိုက်စာချုပ်များသည် နိုင်ငံကို ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့များ ရရှိစေမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

သို့သော် အဆိုပါစာချုပ်များကို နေ့ချင်းညချင်း ဆောင်ရွက်နိုင်မည်မဟုတ်ချေ။ ကနဦးသဘောတူညီချက်များမှသည် လွှဲပြောင်းပေးမှုများ၊ လေသူရဲ လေ့ကျင့်သင်တန်းပေးခြင်းများ၊ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများထိ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် နှစ်ပေါင်းများစွာကြာမြင့်မည်ဖြစ်သည်။ ထို့ပြင် ပါကစ္စတန်နိုင်ငံသည် ၎င်း၏လေတပ်ဖွဲ့ အဆင့်မြှင့်တင်ရာ၌ လိုအပ်ချက်များဖြည့်ဆည်းသွားရန်လိုအပ်သကဲ့သို့ အမှာစာများအတွက်လည်း ထုတ်လုပ်မှု စွမ်းဆောင်ရည်မြှင့်တင်သွားရန် လိုအပ်သည်။

ပါကစ္စတန်နိုင်ငံ၏ ကာကွယ်ရေးစွမ်းဆောင်ရည်တိုးတက်လာမှုသည် တောင်အာရှမှသည် အရှေ့အလယ်ပိုင်းထိခြေဆန့်လာပြီး ဒေသတွင်းစစ်ဘက်စက်မှုလုပ်ငန်းပြောင်းလဲမှုအတွက် အရေးပါသော အရွေ့အပြောင်းတစ်ခုဖြစ်လာသည့်အတွက် သံခင်းတမန်ခင်းနှင့် စီးပွားရေးဆိုင်ရာလွှမ်းမိုးမှုများဖန်တီးလာနိုင်ပေသည်။ တစ်ချိန်က ပါကစ္စတန်၏ စီးပွားရေးမဟာဗျူဟာ၌ သိပ်အရေးမပါသော ကာကွယ်ရေးပစ္စည်းတင်ပို့မှုများသည် လက်ရှိအချိန်တွင် နိုင်ငံရေးမူဝါဒတိုးချဲ့မှုအဖြစ်ပေါ်ထွက်လာလျက်ရှိပြီး ပိုမိုကျယ်ပြန့်သောမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်များကိုလည်း နက်ရှိုင်းစွာ ထိုးဖောက်လျက်ရှိသည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် နိုင်ဂျီးရီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့ထံသို့ JF-17 တိုက်လေယာဉ်များနှင့် လက်နက်ငယ်များအပါအဝင် ယခင်ကလည်း ပြည်ပနိုင်ငံများသို့ လက်နက်ငယ်များတင်ပို့လျက်ရှိသည်။ သို့သော် ကမ္ဘာလုံးဆိုင်ရာလက်နက်တင်ပို့မှု၌ ပါကစ္စတန်နိုင်ငံ၏ တင်ပို့နိုင်မှုသည် ပမာဏအနည်းငယ်မျှသာရှိသေးသည်။ လက်ရှိဆွေးနွေးမှုများသည် ပါကစ္စတန်၏ ကာကွယ်ရေးစက်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ပေသည်။

သမိုင်းကြောင်းအရ ပါကစ္စတန်၏ ကာကွယ်ရေးစက်မှုလုပ်ငန်းအလားအလာသည် အတန်အသင့်သာရှိပြီး လက်နက်ငယ်များကိုသာ အများဆုံးတင်ပို့နိုင်ခဲ့သည်။ သာဓကအနေဖြင့် ၂၀၂၄ ခုနှစ်တွင် လက်နက်ခဲယမ်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၄ သန်းခန့်သာရရှိခဲ့သည်။ လက်ရှိ စီစဉ်ဆောင်ရွက်ဆဲတိုက်လေယာဉ်များ၊ လေ့ကျင့်ရေးလေယာဉ်များ၊ ဒရုန်းများ၊ သံချပ်ကာယာဉ်များနှင့် ခဲယမ်းများသည် သိသာထင်ရှားသောတိုးတက်မှုဖြစ်ပြီး အတိတ်ကလမ်းကြောင်းနှင့် သိသိသာသာခွဲထွက်လာခြင်းပင်ဖြစ်သည်။

လက်နက်တင်ပို့ရောင်းချမှုများသည် ပိုမိုကျယ်ပြန့်သောမဟာဗျူဟာနှင့် လုံခြုံရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံမှုများသို့ တိုးမြှင့်ပူးပေါင်းလာလျက်ရှိပြီး ဒေသတွင်း၌ ပါကစ္စတန်၏ လွှမ်းမိုးမှုကို ပိုမိုခိုင်မာအားကောင်းလာစေလျက်ရှိသည်။ JF-17 တိုက်လေယာဉ်၊ Super Mushshak လေ့ကျင့်ရေးလေယာဉ်များ၊ K-8 Karakoram ဂျက်တိုက်လေယာဉ်များ၊ လက်နက်တပ်ဆင်ထားသောဒရုန်းများ၊ သံချပ်ကာယာဉ်များနှင့် စစ်ရေယာဉ်များသည် စမ်းသပ်မှုအဆင့်သို့ ကျော်လွန်လာပြီဖြစ်သည်။

အဆိုပါစစ်လက်နက်များသည် အနောက်နိုင်ငံများနှင့် ရုရှားနိုင်ငံတို့၏ စစ်လက်နက်ပစ္စည်းများနေရာ၌ ဈေးနှုန်းချိုသာစွာဖြင့်အစားထိုးလာနိုင်ပြီဖြစ်သည့်အတွက် ကမ္ဘာလုံးဆိုင်ရာကာကွယ်ရေးအသုံးစရိတ်မြင့်တက်နေသည့်အချိန်၌ အလယ်အလတ်အဆင့်ရှိနိုင်ငံများကို ဈေးနှုန်းအသင့်အတင့်ဖြင့် ဝယ်ယူအသုံးပြုစေနိုင်မည်ဖြစ်သည်။ ထို့ပြင် ပါကစ္စတန်၏ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုသည် ပြည်တွင်းအသုံးပြုမှုအတွက် လုံလောက်မှုရှိပြီး ပြည်ပနိုင်ငံများသို့တင်ပို့နိုင်သည့် အလားအလာလည်းရှိလာပြီဖြစ်သည်။

လက်ရှိအချိန်တွင် ပါကစ္စတန်ကာကွယ်ရေးပစ္စည်းများဝယ်ယူရန်စိတ်ဝင်စားမှုသည် အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသထိ ကျယ်ပြန့်လာပြီဖြစ်သည်။ JF-17 တိုက်လေယာဉ်ကို ဆော်ဒီအာရေဗျ၊ အင်ဒိုနီးရှား၊ လစ်ဗျား၊ ဆူဒန်၊ ဘင်္ဂလားဒေ့ရှ်၊ အဇာဘိုင်ဂျန်နှင့် အခြားသောနိုင်ငံများက စိတ်ဝင်စားလျက်ရှိသည်။

သို့သော် ကာကွယ်ရေးပစ္စည်းများ ပြည်ပသို့တင်ပို့နိုင်မှုသည် ပွင့်လင်းမြင်သာသော စီမံအုပ်ချုပ်မှု၊ ထုတ်လုပ်မှုပမာဏ၊ သံတမန်ဆက်ဆံရေးတို့အပေါ်တွင်မူတည်လျက်ရှိသည်။ ရေရှည်မျှော်မှန်းချက်များနှင့်အတူ စီမံခန့်ခွဲဆောင်ရွက်သွားနိုင်မည်ဆိုလျှင် ကာကွယ်ရေးပစ္စည်းများပြည်ပသို့ တင်ပို့မှုလုပ်ငန်းသည် ပါကစ္စတန်အတွက် မဟာဗျူဟာမြောက်အထောက်အပံ့များဖြစ်လာနိုင်ပြီး ပြည်ပတင်ပို့မှုရပ်တည်ချက်အပြင် အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသ၏ ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲလာမှုများတွင်လည်း ၎င်း၏ ရပ်တည်ချက်ကိုပြသသွားနိုင်မည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**


1 – Pakistan Eyes Multi-Billion Dollar JF-17 Export Boom Amid Global Interest by The Diplomat.

2 – Pakistan aiming for a bang military export boom by Asia Times.


**ဝင်းဇင်(သုတေသန)**

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ခင်ဦး ဖေဖော်ဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၀၂၆ ကေ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၇၄၄ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၅၀၂၆ ကေလျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၅၇၄၄ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လျာထားကေထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟုခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေး စနစ်ဖြစ်သည့် တမာပိုးသတ်ဆေးပြုလုပ်အသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ဖူးစားပြောင်းစိုက်ပျိုးရာတွင် ဖူးစားပြောင်းတစ်ကေလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ကေစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဇီးကုန်းမြို့နယ် စပါယ်မျှောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဇီးကုန်း ဖေဖော်ဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စပါယ်မျှောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က စပါယ်မျှောင်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ စီမံကိန်း စက်ဝန်းနှင့် အတိုးနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၄၄ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စပါယ်မျှောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၄၄ ဦးကိုငွေကျပ် ၄၉ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၅ ဒသမ ၄၄ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၆၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄ ဒသမ ၄၄ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**













## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ငယ်တိုးကျေးရွာ၊ ကွင်းအမှတ်(၆၁၆/ငယ်တိုး)၊ ဦးပိုင်အမှတ်(၇၅)၊ ဧရိယာ(၁.၃၀)ဧက အကျယ်အဝန်းရှိ ဦးမျိုးသိန်းထွန်းအမည်ဖြင့် လုပ်ကိုင်ခွင့်ရရှိထားသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပုံစံ(၇) အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးမျိုးသိန်းထွန်း (ဘ) ဦးတင်ဝင်း(၉/ခမစ(နိုင်)၀၁၅၇၆၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ
**ဦးသန်းထွန်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၄၉)**
မှန်တန်းရပ်၊ နယ်မြေ(၁)၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၄၅၉၄၇၄၇၄

## ပျောက်ဆုံးကြောင်း

မြစ်သားမြို့နယ်၊ လွန်ကျော်ကျေးရွာနေ မပန်းအိစံ (ဘ) ဦးအောင်တင်သန်း(၉/မသန(နိုင်)၁၈၉၈၃၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-781607174

## ပျောက်ဆုံးကြောင်း

တန့်ယန်းမြို့၊ မိုင်းကောင်းကျေးရွာအုပ်စု၊ မိုင်းကောင်းရွာနေ ဦးလောင်ဆိုင် (ဘ) ဒေါ်နန်းဆွေ(၁၃/တယန(နိုင်)၀၁၇၀၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-759522617

**အဖိုးတန် ရေချိုကို ချွေတာပါ**

**အိမ်ပြင်ပဲ့ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

## အများပြည်သူသို့ အသိပေးကြေညာချက်


၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့် ရှေးအစဉ်အလာမပျက်ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ပြုလုပ်သော ၂၆ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် ဖေဖော်ဝါရီ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၆ ခုနှစ် ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများခင်ဗျား

ယနေ့ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၇၉ နှစ်မြောက် ပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကောင်းကျိုးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် နယ်ချဲ့တို့၏လက်အောက်တွင် နှစ်ပေါင်း ၁၀၀ ကျော်နေထိုင်ခဲ့ရပြီး ၎င်းတို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲခဲ့ရပါသည်။နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတူလက်တွဲ၍ အသက်ပေါင်းများစွာပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့ကြပါသည်။ တောင်တန်းဒေသနှင့်ပြည်မ တပေါင်းတစည်းတည်းလွတ်လပ်ရေးရယူရန် သန္နိဋ္ဌာန်ဖြင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ⚐

# ၁၉ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ၊ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များရယူဆွတ်ခူးပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် တပ်မတော်သားအားကစားသမားများနှင့် ဆုတံဆိပ်များရရှိအောင်စွမ်းဆောင်ပေးခဲ့သည့် နည်းပြများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်



နေပြည်တော် ဖေဖော်ဝါရီ ၁၁

၁၉ ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲ၊ ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတို့တွင် ဆုတံဆိပ်များ ရယူဆွတ်ခူးပေးခဲ့ကြသည့် တပ်မတော်သားအားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၁၃ ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်(လုံတံပစ်) (တစ်ဦးချင်း)ပြိုင်ပွဲနှင့် (သံလုံးပစ်) (တစ်ဦးချင်း)ပြိုင်ပွဲတို့၌ ရွှေတံဆိပ်ဆုများရရှိခဲ့သည့် အရာခံဗိုလ်တင်ညိုအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်စဉ်။




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563